
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
ဦးကျော်ငွေမင်း (၀၅၉၉၂)
အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

- ထုတ်ဝေသူ
ဦးအောင်မိုး(၀၀၅၇၁)
အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

- ဖြန့်ချိရေး
ရတနာသိုက်စာပေတိုက်
အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၀၆၉၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃

www.burmeseclassic.com

www.burmeseclassic.com


- မျက်နှာဖုံးဒီဇိုင်း
  အောင်မိုး
- ကွန်ပျူတာ
  ဝေယံထက်
- ဖလင်
  Empire
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၆၊ မတ်လ၊
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၂၀၀၀ ကျပ်

၈၉၅.၈၃

သတိုးတေဇ၊ စာရေးဆရာ
အနူးဘစ်(Anubis)
သတိုးတေဇ။ ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၁၆
စာ - ၁၉၄၊ ၁၂.၅ × ၂၀ စင်တီမီတာ
အနူးဘစ်(Anubis)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## နိဒါန်း

လမိုက်ညဖြစ်သော်လည်း ဆိပ်ကမ်းရှိ သင်္ဘောမှချသော ကွန်တိန်နာကြီးများကို သိုလှောင်ရာနေရာဖြစ်သောကြောင့် ဆိုဒီယမ် မီးတိုင်ကြီးများ၏ အလင်းရောင်ဖြင့် တောက်ပနေလေ၏။ ၅ မိုင်ခန့် ရှည်လျားသည့် ဆိပ်ကမ်းကုန်တင်ကုန်ချဝင်းကြီးတစ်ခုလုံးထဲတွင် ဖြန့် ဖြူးကျယ်ပြောလှသည့် ကတ္တရာလမ်းမတစ်ခုက ရှည်လျားသောပေကြိုး အနက်ရောင် တစ်ချောင်းလို ဖြောင့်စင်းစွာ လဲလျောင်းနေသည်။

“ဂူး ‥ ဂူး ‥ ဂူး”



www.burmeseclassic.com

www.burmeseclassic.com



လင်း၏အဆုံးသတ် ဂိတ်တံခါးဝနှင့် မလှမ်းမကမ်းနေရာတွင်ကား ပြိုင်ကားအသစ်စက်စက် လေးစီးသည် လီဗာများကိုပုတ်ကာ မာန်ဖီဟစ်ကြွေးနေ၏။ ဘေးတွင် ဝန်းရံကာ ရယ်မောအားပေးနေကြသော ဆယ်ကျော်သက်ကလေးများကလည်း လက်ထဲတွင် ဘီယာဘူးကိုယ်စီနှင့် . . .။

ရန်ကုန်မြို့ အထက်တန်းလွှာလူတန်းစားမှ မွေးဖွားလာသော ဆယ်ကျော်သက်လူငယ်တစ်သိုက်၏ သိန်းရာဂဏန်းမျှ လောင်းကြေးထပ်ကြသော ကားပြိုင်ပွဲတစ်ခုပင်။ သူတို့အဖို့ကတော့ ပိုက်ဆံဆိုသည်မှာ ဒီလိုသုံးဖြုန်းရမ်းကားစရာ အသုံးချခံပစ္စည်းသက်သက်ဟု သဘောထားဟန် တူသည်။

အသိဉာဏ်မရင့်ကျက်သေးခင် လုပ်ချင်တိုင်းလုပ်ခွင့်ရနေတော့လည်း ဒီလိုပဲပေါ့။

ကားစတီယာရင်ကို ကိုင်ထားကြသော လူငယ်လေးများ၏ မျက်နှာက ကြွတ်ဆတ်ဆတ်။ မိုက်ကန်းကန်းနှင့်။

ပြိုင်ကား ၄ စီး . . . ချာတိတ် ၄ ယောက်။

သူတို့အားလုံး ဒီလိုပုံစံတွေချည်း။ သူတို့ဘေးမှာ ပေါင်ရင်းနီးပါးခန့်တိုသော ဘောင်းဘီအပြတ်ဝတ်ဆင်ထားသည့် မိန်းကလေးလှလှကိုယ်စီနှင့်။ သူတို့၏ ပြိုင်ကားတွေက ဦးတမော့မော့နှင့် တာထွက်မောင်းနှင်ရန် ဟန်ချီနေသလို ပြိုင်ပွဲဝင်မည့် ကောင်လေးတွေ၏ ဘေးမှာ ထိုင်လိုက်မည့် မိန်းမလှလေးတွေကလည်း ရီဝေစွာ တဟီးဟီး တဟားဟား ရယ်မောနေကြသည်။

သူတို့အားလုံး ဘီယာမူးနေကြသည်လား။ အရက်မူးနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်လား ဒါမှမဟုတ် မူးယစ်ဆေးဝါးတစ်မျိုးမျိုးပဲလား မပြောတတ်။ ထိုစဉ် . . .

"ကဲ . . ဘယ်လိုလဲ . . ရယ်ဒီပဲလား။ တာလွှတ်တော့မယ်"

တစ်ထွာသာသာခန့် စကတ်တိုတိုကားကားလေးကို ဝတ်ထားသည့် မိန်းကလေးတစ်ယောက်က ကားရှေ့မီးများထိုးထားသည့် ပြေးလမ်းပေါ်ရပ်ကာ အလံထောင်ပြရင်း မေးလိုက်၏။ ပြိုင်ကား ၄ စီးမှ ကောင်လေးအသီးသီးက . .

"အိုကေ . ."

"ရယ်ဒီပဲ"

"စရအောင် . . စရအောင်"

စသဖြင့် အသီးသီးတုံ့ပြန်လိုက်ရင်း ကားမှန်များကို တင်လိုက်ကြသည်။ အင်ဂျင်စက်သံများက ဟိန်းဟိန်းညံသွားကြ၏။ တာလွှတ်မည့် ကောင်မလေးက လက်ထဲမှ အလံဖြင့် ဖျတ်ခနဲ အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် . . .

"ဝေါ . . ဝေါ . . ဝေါ . ."

ကြောက်မက်ဖွယ်ကောင်းသောအရှိန်များဖြင့် ပြိုင်ကား ၄ စီးသည် ရုတ်ခြည်း လေကို ထိုးခွဲကာ ဆောင့်ထွက်သွားကြသည်။ ရပ်ကြည့်နေကြသည့် သူငယ်ချင်းများဆီ လေအရှိန်ဟပ်သွားသည်ကပင် ကြောက်မက်ဖွယ်ရာ။

"ဟာ . . ဟာ ဟိုမှာကြည့်စမ်း"

ရပ်ကြည့်နေသူအချို့က အလန့်တကြားအော်ဟစ်လိုက်သည်။ အကြောင်းကတော့ ပြိုင်ကားများ၏ ပြေးလမ်းပေါ်သို့ အဖြူရောင်

www.burmeseclassic.com



Mark II ကားတစ်စီးက ကန့်လန့်ဖြတ်ဝင်ပြီး ပိတ်ရပ်လိုက်သောကြောင့် ဖြစ်သည်။

"ဟာ ‥ အဲဒါ ဘယ်က ကားလဲ၊ သေတော့မှာပဲ"

ရပ်ကြည့်နေသူတွေတောင် ထိတ်ခနဲလန့်သွားမှတော့ ပြိုင်ကားပေါ်က လူငယ် ၄ ယောက်အဖို့ ဆိုဖွယ်ရာမရှိ။ ဘယ်က မောင်းဝင်လာမှန်းမသိသော Mark II ကားနှင့် မတိုက်မိအောင် ဘရိတ်ဆောင့်နင်းသူ နင်း၊ ဘေးသို့ ဆွဲချသူချနှင့် အလန့်တကြား ရှောင်လိုက်ရ၏။

ပြိုင်ကားမောင်းသည့် လူငယ်များက ဒေါသဖြင့် ‥

"ဟာ ‥ ဒီကား ဘာလုပ်တာလဲ shit"

"တောက် ‥ သေတော့မှာပဲ"

"ဘယ်က စောက်ရူးဝင်လာတာလဲ၊ တိုက်မိကုန်တော့မှာပဲ"

"အဲဒီကောင် ‥ ဘာစောက်ချိုး ချိုးတာလဲ၊ ရှုပ်တယ် ဖွဲကွာ"

ကားပေါ်မှ ကောင်လေးများက ဆဲသလို အတူတွဲထိုင်နေကြသည့် ကောင်မလေးများကလည်း ဝင်ဆဲ၏။ ထို့နောက် သူတို့ ဆဲရုံနှင့် အားမရဘဲ ကားပေါ်မှ အားလုံး ဆင်းလိုက်ကြကာ Mark II ကားဆီသို့ တရကြမ်းပြေးသွားလိုက်ကြသည်။

Mark II ကားတံခါးဖွင့်ကာ ဆံပင်တိုတို၊ အသားဖြူဖြူနှင့် လူငယ်တစ်ယောက် ဆင်းလာသည်။ အရွယ်ချင်း သိပ်မတိမ်းမယိမ်းရှိလှသော ထိုလူငယ်ကို မြင်သည့်အခါ ကားပြိုင်မည့် ချာတိတ်များက ပို၍ မျက်နှာကြောတင်းသွားကြ၏။ ကားပေါ်မှဆင်းလာသည့် လူငယ်က တစ်ခုခုကို ရှင်းပြဖို့ ချီတုံချတုံဖြစ်နေပုံရ၏။ သူ့နှုတ်မှ စကားသံတစ်ခ်လေးလေးပင်ထွက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ‥ ဒီလိုပါ ‥ ကျွန်တော် ‥ က ‥ လပြည့်ကျော်ပါ။ ကားပြိုင်တာကိုရပ် …"

"လပြည့်တွေ ‥ လကွယ်တွေ မိတ်ဆက်မနေနဲ့ စောက်ရူး ရဲ့။ မင်းလုပ်တာ ငါတို့အားလုံး သေသွားနိုင်တယ် ‥ နား လည်လား"

"ကြာပါတယ် ထိုးကွာ။ မျက်ခွက်ကို ဖြတ်ရိုက်ပစ် ‥ ရိုက်"

ဒေါသတကြီးဖြစ်နေကြသော ချာတိတ်များက လပြည့်ကျော် ရှင်းပြသည်ကို နားမထောင်ဘဲ ဝိုင်းထိုးကြ၏။

"ဖုံး ‥ ဖုံး ‥ ခွပ် ‥"

"အား ‥ မလုပ်နဲ့ ‥ အား ‥ ကားပြိုင်ပွဲကို ရပ်လိုက်ကြ ‥ အား"

လပြည့်ကျော်ကတော့ မျက်နှာကိုမထိအောင် လက်နှစ်ဖက် ယှက်ခံရင်း တောင်းပန်နေ၏။ ပြိုင်ကားရှင်ချာတိတ်တွေကတော့ အကာ အကွယ်မဲ့နေသည့် လပြည့်ကျော်၏ ကျောကုန်းနှင့် ရင်ဘတ်များကို တဖုံးဖုံးမြည်အောင် ခြေစွမ်းလက်စွမ်းပြနေကြသည်။ လပြည့်ကျော် ခွေကျသွားရာမှ အားယူပြီး ‥

"မဟုတ်ဘူး ‥ မဟုတ်ဘူး ‥ ဟို ‥ ကားအပြာရောင်မှာ မကောင်းဆိုးဝါး"

လပြည့်ကျော်၏စကားပင်မဆုံးလိုက်။ 'ဘာ'ဟူသော ကြိုးဝါး သံနှင့်အတူ အပြာရောင်ပြိုင်ကားပိုင်ရှင်ချာတိတ်က လပြည့်ကျော်၏ အင်္ကျီကော်လံနှစ်ဖက်ကို ဆောင့်ဆွဲပြီး ထူမလိုက်၏။ လပြည့်ကျော်က ‥

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာ ယုံ။ အဲဒီကားအပြာရောင်ကို မမောင်းနဲ့"

"ကဲကွာ . ."

"ခွပ် . ."

"အား . ."

အပြာရောင်ပြိုင်ကားပိုင်ရှင်ချာတိတ်၏ လက်သီးက မေးရိုးတည့်တည့်ကိုထိသဖြင့် လပြည့်ကျော်က ပက်လက်လန်ကာ လဲကျသွား၏။ ထိုစဉ် . .

"မလုပ်နဲ့ . . မလုပ်နဲ့ ဂျင်မီ တော်တော့"

ဟူသောအသံနှင့်အတူ အပြာရောင်ပြိုင်ကားပေါ်မှ မိန်းကလေးတစ်ယောက် ခပ်သုတ်သုတ်ပြေးဆင်းလာပြီး ဂျင်မီ၏လက်ကို ဆွဲထားလိုက်သည်။ ထိုမိန်းကလေးပင် ဆက်၍ . .

"နင်တို့ကလည်း စွပ်ပြီးလုပ်မနေနဲ့။ ဒီလူသေသွားရင် ပြဿနာတွေ ရှုပ်ကုန်လိမ့်မယ်။ သွား . . ကားပေါ်တက်ကြတော့ . ."

ချာတိတ်တွေ အသီးသီး ကိုယ့်ပြိုင်ကားပေါ် ကိုယ် ပြန်တက်သွားကြတော့မှ ထိုမိန်းကလေး လပြည့်ကျော်ကို ဆွဲထူရင်း . .

"ကဲ . . ကဲ . . ရှင်လည်း ဒီနေရာက အမြန်ဆုံးဒိုးတော့။ နောက်ဆို သူများကိစ္စ ဝင်မပါနဲ့"

လေသံတင်းတင်းဖြင့် ပြောပြီး ပြိုင်ကားဆီသို့ ချာခနဲ လှည့်ထွက်သွားလေတော့သည်။ လပြည့်ကျော်က မျက်လုံးအစုံ မှုန်ဝါးကာ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ သို့သော် နာကျင်နေသည့် ဒဏ်ရာများကို



www.burmeseclassic.com

www.burmeseclassic.com



အမှုမထားနိုင်ဘဲ သူ၏ Mark II ကားပေါ်တက်ကာ စက်နှိုးပြီး Reverse ဂီယာဖြင့် နောက်ဆုတ်၍ ပြိုင်လမ်းပေါ်မှ ဖယ်ပေးလိုက်ရသည်။

လပြည့်ကျော်၏ မျက်လုံးတွေက စိုးရိမ်သောကဖြင့် ရီဝေမှိုင်းညို့နေကြ၏။

ဟော . . ချာတိတ်တွေ ကားပြိုင်ပွဲကို ပြန်စကြပြီ။

ဝိုင်းကြည့်အားပေးနေသော လူငယ်တို့၏ လက်ခုပ်သံ၊ အော်ဟစ်သံများနှင့်အတူ အလံချိုး အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ပြိုင်ကားလေးစီးက လေးညို့မှလွှတ်လိုက်သော မြှားတွေလို တစ်ဟုန်ထိုး ထွက်သွားကြသည်။

"ဝေါ . . ဝေါ . . ဝူး"

အဖြစ်အပျက်က မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းမှာပင်။ ပြိုင်လမ်းအဆုံးရောက်သည်နှင့် တစ်ပြိုင်နက် ကား ၄ စီးစလုံးက အရှိန်မသတ်ဘဲ ဒရစ်ဆွဲ၍ ကွေ့ချလိုက်ရာ . .

"ဝုန်း . . ဒုန်း"

"အား . ."

"ဟာ . . သွားပြီဟေ့"

ဂျင်မီမောင်းနှင်သော အပြာရောင်ပြိုင်ကားလေးသည် အရှိန်ကို မထိန်းနိုင်ဘဲ ကြီးမားလေးလံလှသော ကွန်တိန်နာသေတ္တာကြီးကို အားပြင်းပြင်းဝင်ဆောင့်ပြီး လည်ထွက်သွားလေတော့သည်။ ဝိုင်းအုံကြည့်နေကြသူတွေအားလုံးရော တခြားပြိုင်ကားမှ လူငယ်တွေပါ အပြာရောင်ပြိုင်ကားလေးဆီသို့ စိတ်ပူကြောင့်ကြစွာဖြင့် အပြေးအလွှား သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမျှားကြီးနောက်ကျသွားခဲ့လေပြီ၊ တွန့်လိမ်ပျက်စီးနေသည့် ကားရှေ့ခန်းထဲတွင် ဂျင်မီဟုခေါ်သော ချာတိတ်ကား အသက်ပျောက်လျက်။ ဂျင်မီဘေးက စီးနင်းလိုက်ပါလာသော ကောင်မလေးကလည်း ဝဲဘက်နားရွက်နောက် ဦးခေါင်းခွံရိုး ပွင့်ထွက်ပြီး သေဆုံးနေလေသည်။ ကားဒက်(ရှ်)ဘုတ်ပေါ်တင်သည့် အရုပ်ကလေးများကတော့ သွေးစွန်းလျက် ပြန့်ကျဲနေလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com





လပြည့်ကျော်က ထိုအမင်္ဂလာမြင်ကွင်းကို လှမ်းကြည့်ရင်း ကြေကွဲဆို့နင့်လာသည်။ သူ သတိပေးသည်ကို မယုံကြည်စွာဖြင့် ကားပြိုင်ပွဲ ဆက်လုပ်ခဲ့ခြင်းကြောင့် အကျိုးဆက်ကတော့ လူ့အသက်တွေ ကြွေလွင့်ခဲ့ရလေပြီ။

သိပ်မကြာခင်မှာပင် ရဲကားများနှင့် လူနာတင်ယာဉ်တို့ ရောက်လာပြီး ဖြစ်ပုံပျက်ပုံကို စစ်ဆေးမေးမြန်းနေကြ၏။ လပြည့်ကျော်က ကားတံခါးဖွင့်ကာ ဆင်းလိုက်ပြီး အကူအညီပေးရန် သွားဖို့ ခြေလှမ်းပြင်လိုက်မိသေးသည်။ နောက်မှ တွေဝေတွန့်ဆုတ်စွာဖြင့် ဆက်မသွားဘဲ ရပ်နေမိ၏။

ထိုစဉ် ..ဘောင်းဘီတို့ဝတ်ထားသော ကောင်မလေးတစ်ယောက်က သူ့ဆီ ဦးတည်ပြီးလာနေမှန်း တွေ့လိုက်ရ၏။ စောစောက သူ့ကို ဝိုင်းရိုက်ကြသော ပြိုင်ကားအုပ်စုထဲမှတစ်ယောက် ဖြစ်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးက ကြေကွဲဝမ်းနည်းနေသော မျက်ဝန်းများဖြင့် လှမ်းကြည့်ရင်း ..

"ရှင် .. ဘယ်သူလဲ"

"ငါ .. ငါ့နာမည် လပြည့်ကျော်။ မင်း .. မင်း ဘာလုပ်မလို့ မေးတာလဲ"

"ကျွန်မ ရှင့်ကို တောင်းပန်သင့်တယ် ထင်တာပဲ။ ရှင် သတိပေးတာကို တခြားလူတွေ သတိမထားလိုက်မိပေမဲ့ ကျွန်မ သေသေချာချာ ကြားလိုက်တယ်။ အဲဒီကားကို မမောင်းဖို့ ရှင်ပြောနေတာလေ"

မိန်းကလေး၏ စကားကြောင့် လပြည့်ကျော် အံ့သြပြီး ခဏ ကြည့်လိုက်ပြီး ..

"ဘာ .. မင်း .. ကြားတယ် ဟုတ်လား'

"ဟုတ်တယ် .. ကြားလိုက်တယ်။ ရှင်ကရော .. အဲဒီကား မှောက်မယ်ဆိုတာ ဘယ်လိုလုပ်ပြီး ကြိုသိနေတာလဲ"

"အဲ .. ဘယ်လိုပြောရမလဲ။ အဲဒီကားကို ငါ မြင်လိုက်ရတဲ့ အချိန်မှာ အဲဒီကားပေါ်ကို ကြောက်စရာကောင်းတဲ့ ပုံရိပ် တစ်ခုက အုပ်မိုးနေတယ်။ အဲဒီပုံရိပ်ဟာ သေခြင်းတရားကို ကိုယ်စားပြုတဲ့ ပုံရိပ်မျိုး။ ဒါနဲ့ .. ငါ့စိတ်ထဲမှာ ဒီကားဟာ အန္တရာယ်ဖြစ်တော့မယ်ဆိုတာ အလိုလို ကြိုသိလာတယ်။ ဟို .. ဟိုဒင်း ငါပြောတာ ယုတ္တိမရှိသလိုများ ဖြစ်နေသလား။ ယုံရော ယုံရဲ့လားဟင်"

လပြည့်ကျော်၏ အပြောအဆုံးတွင် ထိုမိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစွာ ငိုရှိုက်တော့မလိုနှင့် အသံကိုမတုန်အောင် အားတင်းပြီး . . .

"ယုံရမှာပေါ့ . . မယုံဘဲ ရှင့်စကားကို ဂရုမစိုက်မိလို့ (မေးငေါ့ပြလျက်) ဟိုလိုမျိုးတွေ ဖြစ်ကုန်တာပေါ့။ ဆောရီးပါ . . ကိုလပြည့်ကျော် . . ကျွန်မတို့ကို ခွင့်လွှတ်ပါ"

ဟုပြောရင်း ပြီးနောက် ကျောခိုင်းလှည့်ထွက်သွားမလို ပြင်လိုက်၏။ လပြည့်ကျော်က . .

"ဟော့ . . ဟော့ . . သွားတော့မလို့လား . . မင်းက . ."

ထိုမိန်းကလေးက လှည့်မကြည့်ဘဲ . .

"ကျွန်မနာမည် ဆယ်လင်းလို့ခေါ်တယ်။ အခါအခွင့်ကြုံလို့ ထပ်ဆုံရဦးမယ်ဆိုရင် ရှင့်ကို တစ်လှည့်ပြန်ကူညီချင်ပါသေးတယ်။ ဒါပါပဲ။ Bye. ."

ဟုပြောပြီး တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။ လပြည့်ကျော်မှာ ပါးစပ်အဟောင်းသားဖြင့် ငေးကျန်ရစ်ခဲ့လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဂရင်းသံလွင်ကုမ္ပဏီပိုင်ရှင် ဦးသံလွင်ထွဋ်ခေါင်၏ ကားက နှစ်ထပ်ခွဲတိုက်ကြီး၏ ပေါ်တီကိုအောက်သို့ လျှောခနဲရပ်လိုက်၏။ တပည့်ဖြစ်သူက ပြေးကြိုရင်း ဦးသံလွင်၏ ကားတံခါးကို ဖွင့်ပေးလိုက်သည်။ ကားပေါ်မှ ဦးသံလွင်က ပုံမှန်နှင့်မတူ နှေးကွေးလေးလံစွာ ကားပေါ်မှ ဆင်းလာသည်။

နေ့လယ်ကကြားခဲ့ရသော အမင်္ဂလာသတင်းက သူ့နားထဲတွင် အခုအချိန်ထိ ရိုက်ခတ်နေဆဲ ရှိသေး၏။ သူ့ကုမ္ပဏီရှယ်ယာမင်ဘာ တစ်ယောက်၏ ကလေး မနွေ့ညက ကားအက်ဆီးဒင့်ဖြစ်ကာ ဆုံးသွားရှာပြီတဲ့။ ကြားခါစက သူ့နားပင်သူ မယုံ။ သို့သော် မယုံကြည်ပေမဲ့ ထိုအဖြစ်အပျက်သည် အမှန်တကယ် ဖြစ်ပျက်သွားခဲ့ပြီဆိုတာကတော့ အလွန်သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး . ."

သူ သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ အိမ်ထဲရောက်တော့ သူ့အခန်းဆီသို့တောင် တန်းမသွားသေးဘဲ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။ စည်းထားသည့် လည်စီးကို ဖြေလျှော့လိုက်တော့ လူက အနည်းငယ် ပေါ့ပါးသွား၏။

ထိုစဉ် . . .

"မေ့မေ . . ပြန်လာပြီလား"

ဟူသော အသံစူးစူးလေးဖြင့် အော်ရင်း သမီးဖြစ်သူ သံလွင်ကေရီက ပြေးလာ၏။ သမီးဖြစ်သူကို တွေ့လိုက်ရတော့ စောစောက သူ့ရင်ထဲကအပူတွေ အနည်းငယ် ငြိမ်းသွားသလို ခံစားလိုက်ရသည်။ သူ အားတင်းပြီး ပြန်ပြုံးပြကာ ခေါင်းညိတ်ပြလိုက်၏။

သံလွင်ကေရီက အဖေဖြစ်သူ ဦးထွန်းရှိန်ခေါင်၏ခါးတွင် ဝင်ဖက်ရင်း . . .

"ဖေဖေ . . ဒီနေ့ နောက်ကျတယ်နော်။ သမီးက ဖေဖေနဲ့ ညစာအတူစားရအောင် စောင့်နေတာ ဖေဖေရဲ့"

ဟု ချွဲချွဲနွဲ့နွဲ့ပြောလိုက်၏။

"ဟုတ်လား . . ဒီအချိန်ထိ မစားရသေးဘူးလား သမီးရယ်။ တော်ကြာ သမီးလေး ဗိုက်နာအောင့်နေဦးမယ်"

"ရပါတယ် ဖေဖေရယ်။ ကမ္ဘာလောကလုံးမှာ ဒီသားအဖ နှစ်ယောက်တည်းရှိတာ။ သမီးက ဖေကြီးနဲ့မှ အတူစားချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ၏စကားကြောင့် ဦးသံလွင်ထွန်းခေါင် ငိုင်သွားမိသည်။ စောစောက အနည်းငယ်ငြိမ်းသွားသော အပူက စိုးရိမ်သောက အဖြစ် သူ့ခေါင်းထဲ ပြန်ရောက်လာ၏။ သားအဖနှစ်ယောက်တည်း ရှိသည့် သူတို့ဘဝထဲကို တစ်စုံတစ်ရာပယောဂကြောင့် ပျက်စီးပြိုကွဲမှာကို သူ အလွန်အမင်း ကြောက်ရွံ့သွားမိသည်။

တရားမရှိသူဟုပဲ ဆိုဆို။ သူကတော့ မျက်စိတစ်မှိတ်အတွင်း ဖြစ်ပျက်သွားခဲ့သော သူ့ပါတနာသားအဖ၏ ကြေကွဲဖွယ်အဖြစ်ဆိုးကို ကိုယ်တိုင်ကြုံတွေ့ခံစားလိုက်ရပြီမို့ ကိုယ်ချင်းစာစိတ်နှင့်အတူ သမီးအပေါ် စိုးရိမ်စိတ်တို့က သူ့ရင်ထဲတွင် အဆိပ်တွေလို ပျံ့နှံ့သွား၏။

ဦးသံလွင်ထွန်းခေါင်က သမီး၏ပခုံးကို ကိုင်ကာ . . .

"ဒီမှာ သမီး . . ဖေဖေပြောတာ သေချာနားထောင်နော်။ အခု ဖေဖေ့ကုမ္ပဏီက share holder တစ်ယောက်ရဲ့ ကလေး မနေ့ကပဲ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတယ်"

"ဟင် . . ဟုတ်လား"

"ဟုတ်တယ် သမီး။ အဲဒီသတင်းကြားတော့ ဖေဖေ တော်တော်ကြီး စိတ်မကောင်းဖြစ်သွားတယ်။ ပြီးတော့ ဟောဒီက ဖေဖေ့သမီးလေးအတွက်ပါ စိတ်ပူသွားမိတာ။ သမီး . . ကားကို ဂရုစိုက်ပြီး မောင်းနော်။ ခရီးမြန်မြန်ရောက်ဖို့ အရေးမကြီးဘူး။ ကိုယ် အန္တရာယ်ကင်းဖို့က အဓိကပဲ ကြားလား သမီး"

"အင်းပါ . . ဖေကြီးကလည်း . . သမီးက ကားမောင်းရင် ဖြည်းဖြည်းပဲမောင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ မလုပ်နဲ့ သမီး။ ဖေဖေက အလေးအနက် ပြောနေတာ။ အဲဒီလိုသတင်းမျိုးတွေ ကြားရလေ သမီးလေးအတွက် ဖေဖေစိတ်ပူလေပဲ။ ဘယ်လိုအမှားအယွင်း အထိအခိုက်မျိုးတွေကိုမှ အဖြစ်မခံနိုင်ဘူး။ သမီးလေးဟာ ဖေဖေ့ဘဝပဲ"

သံလွင်ကေရီက ဖခင်၏ သူမအပေါ်ထားသော မေတ္တာကို နားလည်စွာပြုံးပြလိုက်သည်။ ပြီးမှ ..

"သမီးဘဝကလည်း ဖေဖေပါပဲ ဖေဖေရယ်။ ကဲ .. ထတော့ ဖေဖေ။ ရေချိုးတော့လေ။ လန်းသွားအောင် ခေါင်းပါလျှော်လိုက်ပါလား။ သမီး နှိပ်ပြီး လျှော်ပေးမယ်လေ"

"ဘယ်လို .. ဖေဖေကို သမီးက နှိပ်ပြီး ခေါင်းလျှော်ပေးမယ် ဟုတ်လား။ ဟား .. ဟား .. သမီးရယ် .. သမီးတောင် ခေါင်းလျှော်ရင် Beauty Saloon မှာ သွားလျှော်နေတာ မဟုတ်လား .. ဟင်"

"ဟင် .. ဖေဖေကလည်း။ သမီးက ကိုယ့်ဖေကြီးကိုချစ်လို့ လျှော်ပေးတာပေါ့"

သံလွင်ကေရီက ပြောရင်း မလုံမခြုံနှင့် ပြုံးနေ၏။ သမီး မျက်နှာအရိပ်အကဲကို အလွတ်ရနေသော ဦးထွန်းခေါင်က ...

"မဟုတ်သေးပါဘူး။ (တစ်စုံတစ်ခု သတိရသွားဟန်ဖြင့်) ဩော် .. သတိရပြီ သတိရပြီ။ သမီးရဲ့ ၁၈ နှစ်ပြည့် Birth-day တောင်ရောက်ပြီပဲ။ ဒါကြောင့် ဒီကောင်မလေး အဖေ့ကို လာချွဲနေတာကိုး။ ပြောစမ်း .. သမီးမွေးနေ့ကျရင် ဖေဖေ့ဆီ က ဘာလက်ဆောင်လိုချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလိုချင်တဲ့ လက်ဆောင်ကို ဖေဖေက တကယ်ပေးမှာလား"

"ပေးရမှာပေါ့။ ပြောလေ"

သံလွင်ကေရီက အနည်းငယ်စဉ်းစားလိုက်ပြီးမှ ..

"သမီးမွေးနေ့ကျရင် ပြိုင်ကားလှလှလေးတစ်စီး လိုချင်တယ်"

"ဘယ်လို .. ပြိုင်ကားဟုတ်လား"

ဦးထွန်းခေါင်၏ ခေါင်းထဲတွင် အန္တရာယ်အချက်ပေးခေါင်းလောင်းသံတို့ မြည်ဟီးသွား၏။

"အင်းလေ .. ဖေဖေရဲ့ .. ဘာဖြစ်လို့လဲ"

ဦးထွန်းခေါင်က သက်ပြင်းတစ်ရှိုက် မသိမသာချလိုက်ပြီး ..

"ကားက အန္တရာယ်များပါတယ် သမီးရယ်။ တခြားဟာပဲ ပူဆာစမ်းပါ။ စိန်လက်စွပ်တို့ ဆွဲကြိုးတို့ ယူမလား။ အကောင်းဆုံး အသန့်ဆုံးကို ရွေးပြီး တစ်ဆင်စာလုပ်ပေးမယ်လေ"

"ဟင့်အင်း .. ဟင့်အင်း ..။ သမီးကတော့ ပြိုင်ကားပဲ လိုချင်တယ်။ တခြားဟာ ဘာမှမလိုချင်ဘူး"

"မဖြစ်ပါဘူး။ ကားက လူငယ်တွေအတွက် အရမ်းကို အန္တရာယ်များတယ်။ ကားကလွဲလို့ တခြားဟာ အကုန်ပူဆာ။ ဖေဖေဝယ်ပေးမယ်နော် သမီး ဟုတ်ပြီလား"

အဖေဖြစ်သူ၏ ခပ်ပြတ်ပြတ်အပြောကြောင့် လိုချင်တာမရသည့် ကလေးတစ်ယောက်လို သံလွင်ကေရီ နှုတ်ခမ်းစူသွားပြီး ..



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့်.. ဖေဖေကပြောတော့ဖြင့် သမီးကို ချစ်တယ်ချစ်တယ် နဲ့။ အခုကျတော့ တော်ပြီ၊ ဖေဖေ့ကို မခေါ်တော့ဘူး။ ထမင်း လည်း မစားတော့ဘူး"

ဟုပြောပြီး ခြေဆောင့်ကာ ထွက်သွားတော့၏။ ဦးထွဋ်ခေါင် ကတော့ သမီးဖြစ်သူကို ငေးကြည့်ပြီး သက်ပြင်းတစ်ရှိုက် ခပ်ပြင်းပြင်းချ လိုက်မိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ သမီးဖြစ်သူ၏ မွေးနေ့မှာတော့ ဦးသံလွင်ထွဋ်ခေါင်က မွေးနေ့လက်ဆောင်အဖြစ် သမီးလိုချင်နေသည့် ပြိုင်ကားတစ်စီးကို ဝယ်ပေးလိုက်ရပါတော့သည်။ ပျော်ရွှင်သွားသော သမီးဖြစ်သူ သံလွင်ကေရီ၏ မျက်နှာကိုကြည့်ရင်း ဦးထွဋ်ခေါင် ပီတိဖြစ်မိ၏။ ကြည်နူးကျေနပ်မိ၏။

သံလွင်ကေရီက ...

"ဒီနှစ် မွေးနေ့လက်ဆောင်ကတော့ လုံးဝ Surprise ပဲ ဖေဖေ။ သူငယ်ချင်းတွေဆို အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြတာ။ သူတို့သိထားတာက ဖေဖေက သမီးကို ပြိုင်ကား ဝယ်ပေးမှာ မဟုတ်ဘူးလို့လေ။ အခုလည်းကျရော အားလုံး shock ရကုန်တာပေါ့။ Dolly ဆို အဆိုးဆုံး။ မျက်နှာကို ပျက်နေတာပဲ။ ဟား .. ဟား .. ဟား"

ဟုပြောရင်း အဖေဖြစ်သူ၏ ခါးကို ဖက်ထားလိုက်၏။

ဦးထွဋ်ခေါင်က ..



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ။ ဒါပေမဲ့ သမီး ဖေဖေ့ကို တစ်ခုတော့ ကတိပေး ရမယ်"

"ဘာကတိလဲဟင်"

"အခု သမီးကို ဝယ်ပေးတဲ့ပြိုင်ကားနဲ့ သူငယ်ချင်းတွေ အချင်းချင်း ကားပြိုင်ပွဲ လုံးဝ မလုပ်ရဘူး။ အပျော်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် လုံးဝမလုပ်ပါဘူးလို့ ဖေဖေ့ကို ကတိပေး။ နောက်အရေးကြီးဆုံးတစ်ခုက သမီး အခုအရွယ်မှာ ရည်းစား လုံးဝမထားရဘူး။ ပြီးတော့ သမီးလေးက ဖေဖေ့ကို တကယ် ချစ်တယ်ဆိုရင် သမီးကိုယ်သမီး အန္တရာယ်မဖြစ်အောင် ဂရုစိုက်ရမယ်နော်။ ဘယ်လိုလဲ သမီး။ ကတိပေးနိုင်လား"

ကေရီက ဖခင်ဖြစ်သူကို ပြုံးကာ ကြည့်လိုက်ရင်း ..

"သမီး ကတိပေးပါတယ် ဖေဖေရယ်။ ကားလည်း ပြိုင် မမောင်းဘူး။ ရည်းစားလည်း လုံးဝမထားဘူး။ အဲဒီလိုပဲ ဖေဖေလည်း သမီးကို ကတိတစ်ခုပြန်ပေးရမယ်။ ဖေဖေ ဘယ်တော့မှ မိန်းမထပ်မယူရဘူး"

သမီးဖြစ်သူ၏စကားကြောင့် ဦးထွဋ်ခေါင် မျက်နှာပျက်သွား မိပြီး ငေးငိုင်သွားတော့သည်။ ပြီးမှ ကြေကွဲဆို့နစ်သော အသံဖြင့် ..

"ဟင်း .. သမီးလေးရယ် .. သမီးဘဝမှာ မိထွေးဆိုတာ ဘယ်တော့မှ ရှိလာနိုင်စရာအကြောင်း မမြင်တော့ပါဘူး။ စိတ်ချပါ"

ဦးသံလွင်ထွဋ်ခေါင်၏ အသံက အဖျားခတ်ပြီး တုန်ခါသွား သည်။ တကယ်တော့ ဦးသံလွင်ထွဋ်ခေါင်သည် အသက် ၄၀ ကျော်ခါစ



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကောင်းပဲ ရှိသေး၏။ ဂရင်းသံလွင်ဟု လူသိများသော ထရိုတ်ဒင်းကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူမို့ စီးပွားရေးလောကတွင်လည်း လူသိများသော သူဋ္ဌေးတစ်ယောက်ဖြစ်သည်။

လူပုံက ခန့်ခန့်ချောချောမို့ ပျိုပျိုရွယ်ရွယ်လတ်လတ် အမျိုးသမီးအများစု၏ စိတ်ဝင်စားခြင်းကို ခံရသူလည်းဖြစ်သည်။ ဒါကိုပင် စိတ်မချသောသမီးဖြစ်သူက ဦးထွန်းခေါင်ကို ကြိုလျှင်ကြိုသလို အမြဲသတိပေးနေခြင်းပင်။

အဖေဖြစ်သူ၏ နှုတ်မှ ထိုစကားကို ကြားလိုက်ရတာကြောင့် သံလွင်ကေရီက ပျော်သွားပြီး ..

"ဝမ်းသာလိုက်တာ ဖေဖေရယ်။ သမီးဘဝမှာ မေမေ့နေရာကို ဘယ်သူနဲ့မှ အစားမထိုးနိုင်ဘူးသိလား။ သမီးဘဝမှာ မေမေ မရှိတော့ပေမဲ့ မေမေ့ကို နေ့တိုင်းသတိရတယ်။ အထူးသဖြင့် ဒီလို သမီးမွေးနေ့မျိုးမှာဆိုရင် မေမေ့ကို သိပ်သတိရတာပဲ ဖေဖေရယ်"

ဟုပြောနေရင်း ကေရီ့မျက်ဝန်းမှ မျက်ရည်များ စို့တက်လာတော့၏။

သမီးဖြစ်သူ ထိုသို့ညည်းတွားတိုင်း ခေါင်းလေးကို ပွတ်သပ်ချော့မြူရုံမှတစ်ပါး ဘာမှမတတ်နိုင်ရှာသည့် ဦးသံလွင်ထွန်းခေါင်ကတော့ 'သမီးလေးရယ်'ဟု ခပ်တိုးတိုးရေရွတ်လိုက်မိပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂)

ကမ္ဘာအေးဘူရားလမ်းပေါ်တွင် ဖွင့်လှစ်ထားသော 'ကျော်' ကားအလှဆင်ပစ္စည်းဆိုင်ထဲ၌ လပြည့်ကျော်တစ်ယောက် သူ့အလုပ်သမားတွေကို ညွှန်ကြားရင်း အလုပ်ရှုပ်နေလေသည်။ တကယ်တော့ ဒီကားအလှဆင်ပစ္စည်းကို လပြည့်ကျော်၏ ဦးလေးဖြစ်သူ ဦးထွန်းကျော်က ဖွင့်လှစ်ထားခြင်းဖြစ်၏။ သို့သော် ဦးထွန်းကျော်က ကိုယ်တိုင်ဆိုင်ထိုင်လေ့မရှိဘဲ ယုံကြည်စိတ်ချရပြီး အစစအရာရာ မျက်နှာလွှဲ၍ သည့် တူတော်မောင်ဖြစ်သူ လပြည့်ကျော်ကိုသာ ဦးစီးနိုင်ခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်ကလည်း စေ့စေ့စပ်စပ်နှင့် အပင်ပန်းခံပြီး ကြိုးစားတတ်သူဖြစ်သောကြောင့် ဆိုင်က ဝင်ငွေကောင်းလာသလို အလုပ်သမားများကလည်း ချစ်ကြောက်ရိုသေလာကြ၏။ အခုလည်း လပြည့်ကျော်က မောင်စိုး အမည်ရှိ ဆိုင်ဝန်ထမ်းတစ်ယောက်ကို ..

"မောင်စိုးရေ .. ဟိုကားက စက်ပေါ်လစ်တိုက်မှာတဲ့၊ သေချာလုပ်ပေးလိုက်။ အတွင်းခန်းပါ ဖုန်စုပ်ပေးလိုက်၊ ကြားလား"

"ဟုတ်ကဲ့ .. အစ်ကို"

ထိုသို့ ညွှန်ကြားပြီးနောက် လပြည့်ကျော်က ကားတစ်စီးကို စတစ်ကာကပ်ပေးနေသော တပည့်တစ်ယောက်နားသို့ လာကာ ..

"ဝင်းနိုင်ရေ .. မင်း ဒီကားကို စတစ်ကာကပ်ပြီးရင် ဟိုမှာရပ်ထားတဲ့ ကားအနီကိုလည်း ရှေ့မှန်နှစ်ပေါက်ကို စတစ်ကာကပ်ပေးရဦးမယ်နော်။ ပြီးတော့ ထိုင်ခုံစွပ်တွေလည်း လဲမယ်ပြောတယ်။ နေ့ခင်းကျရင် လာယူမယ်ထင်တယ်ကွ။ ကိုယ့်ဘက်က အဆင်သင့်ဖြစ်နေပါစေ။ ဟုတ်ပြီလား"

"ဟုတ် .. ဟုတ်။ ဒီကားပြီးရင် ကျွန်တော် လုပ်လိုက်မယ်နော် အစ်ကို"

"အေး .. အေး"

တနင်္ဂနွေမို့ ကားအလှဆင်ပစ္စည်းဆိုင်နှင့် ဆားဗစ်စင်တာများတွင် ကားများပြည့်သိပ်နေသလောက် ကမ္ဘာအေးဘုရားလမ်းပေါ်တွင်ကား ကားများရှင်းကာ လူသွားလူလာ ပါးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ပြိုင်ကားအနက်လေးတစ်စီးက ပါရမီလမ်းပေါ်မှ ကမ္ဘာအေးဘုရားလမ်းပေါ်သို့ အရှိန်ပြင်းပြင်း ချိုးကွေ့လိုက်သည်။ ထို ပြိုင်ကားလေးကို မောင်းလာသူကတော့ သံလွင်ကေရီ။

သံလွင်ကေရီက လမ်းရှင်းနေသောကြောင့် ပြိုင်ကားလေးကို အရှိန်မြှင့်လိုက်၏။

"ဝေါ . . ဝူး"

ကျွယ်လောင်သော ပြိုင်ကားစက်သံကြောင့် လပြည့်ကျော် လှမ်းကြည့်မိရာမှ ပြိုင်ကားကို မြင်သောအခါ သူ တုန်လှုပ်ချောက်ချား သွားရသည်။

"ဟင် . . ဒုက္ခတော့ ဖြစ်တော့မှာပဲ"

သူမြင်တွေ့လိုက်ရသည်ကား ပြိုင်ကားတစ်စီးလုံးအပေါ် လွှမ်းခြုံအုပ်မိုးလျက် ပါသွားသည့် ကြီးမားလှသော ရောမခွေးနက်ကြီး တစ်ကောင်ပင်။ အဲဒီခွေးနက်ကြီးကို လပြည့်ကျော်က မရဏခွေးနက် ကြီးဟု စိတ်ထဲကကြိတ်၍ အမည်ပေးထားသည်။

အဲဒါကို မြင်နိုင်စွမ်းရှိသည်ကိုကား လပြည့်ကျော်၏ အထုံ ပါရမီဟုပင် ပြောရမည်။ လူတစ်ယောက်ယောက် ဥပစ္ဆေဒကကံဖြင့် သေရတော့မည်ဆိုလျှင် ထိုသူ့အပေါ်၌ မရဏခွေးနက်ကြီး၏ အရိပ် နိမိတ်ပုံက လွှမ်းခြုံလာတတ်သည်ကို လပြည့်ကျော်က ပကတိမျက်စိဖြင့် မြင်ရသည်။

ဟိုတစ်လောကလည်း လူငယ်ချာတိတ်တွေအချင်းချင်း လောင်းကြေးစားကြေးဖြင့် ကားပြိုင်ဖို့ပြင်နေတုန်း ပြိုင်ကားတစ်စီးပေါ် မှာ မရဏခွေးနက်ကြီး ဝပ်နေသည်ကို တွေ့မြင်ရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်ဖို့ ကြိုးစားသော်လည်း စကားပင်ဆုံးအောင် ပြောခွင့်မရဘဲ အထိုး အကြိတ်ခံခဲ့ရသည်။ ပြီးတော့ လပြည့်ကျော် ကြိုမြင်ထားသည့် နိမိတ်အတိုင်း အဖြစ်ဆိုးဖြင့် နိဂုံးချုပ်သွားရသည်။

ဟော . . . ကြည့်။

အခုလည်း ပြိုင်ကားတစ်စီးပေါ်မှာ မရဏာခွေးနက်ကြီး ပါသွားသည်ကို တွေ့လိုက်ရပြန်သည်။ ကားမောင်းသူ ဘယ်သူလဲဆိုတာကို တော့ လပြည့်ကျော် မသိ။ မိန်းကလေးငယ်ငယ်တစ်ယောက် ဖြစ်မှန်းသာ ရိပ်မိလိုက်သည်။

"သွားပြီ . . ဒီကောင်မလေးတော့ သေတော့မှာပဲ"

လပြည့်ကျော်က စိတ်ပူပန်စွာဖြင့် တွေးလိုက်ရင်း ပြိုင်ကားနှင့် ကောင်မလေးကို လိုက်သတိပေးဖို့ ချက်ချင်းဆုံးဖြတ်လိုက်ပြီး ကားပေါ် အပြေးအလွှားတက်ရင်း မောင်းထွက်လိုက်သည်။ မောင်စိုးနှင့် ဝင်းနိုင်တို့ နှစ်ယောက်ကတော့ ရုတ်တရက် ဘာမပြောညာမပြောနှင့် မောင်းထွက်သွားသော ဆရာဖြစ်သူ၏ ကားကို နားမလည်စွာဖြင့် ငေးကြည့်ရင်း ကျန်နေခဲ့တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က ကားကို သတိထားရင်း ကမ္ဘာအေးဘုရားလမ်းအတိုင်း အလောတကြီး မောင်းလာလိုက်၏။ စောစောက ပြိုင်ကားလေးလည်း ရှေ့တွင် တရိပ်ရိပ်ပြေးလျက်။ ပြိုင်ကားလေးက ဂမုန်းပွင့်ရှေ့နားအရောက်တွင် ညာဘက်လမ်းကြောမှ ဘယ်ဘက်လမ်းကြောပေါ်သို့ တက်ဖို့ပြင်နေသော ဘတ်(စ်)ကားကြီးကို လမ်းမပေးဘဲ ဝိုးခနဲဖြတ်ကျော်မောင်းထွက်သွား၏။

လပြည့်ကျော်၏ ကားကလည်း နောက်မှ ထက်ကြပ်မကွာလိုက်နိုင်၏။ သို့သော် စောစောက ဘတ်(စ်)ကားကြီးက တစ်စီးလောက်တစ်စီးလောက်ဟု လက်ပြကာ လမ်းတောင်းပြီး ကားခေါင်း အတင်းထိုးဝင်သောကြောင့် လပြည့်ကျော်က ဘရိတ်အုပ်ကာ ရပ်စောင့်လိုက်ရသည်။ လပြည့်ကျော်၏ကားလေး ပြန်မောင်းလာသောအချိန်တွင် ဟိုးရှေ့ခပ်လှမ်းလှမ်း နဝဒေးမီးပွိုင့်တွင် မီးနီမိနေသော ပြိုင်ကား၏ နောက်မြီးအစွန်းလေးကို မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က ဘေးဘက်ကကားတွေကို သတိထားရင်း လီဗာကို အရှိန်မြှင့်နင်းကာ မောင်းလာ၏။ သို့သော် နဝဒေးမီးပွိုင့်က စိမ်းသွားပြီမို့ စောစောက ပြိုင်ကားလေးက ဝေါခနဲ မောင်းထွက်သွားသည်။ လပြည့်ကျော်၏ကား နဝဒေးမီးပွိုင့်သို့အရောက်မှာပင် မီးပွိုင့်က ပြန်နီသွားသည်။

"ဟာ . . တောက်"

မီးပွိုင့်စိမ်း၍ ၈ မိုင်လမ်းဆုံသို့ ရောက်လာသည့်အခါတွင်ကား ထိုပြိုင်ကားအနက်ရောင်လေး၏ အစအနပင် မတွေ့တော့ပါချေ။ ကျိုက်ဝိုင်းဘုရားလမ်းဘက် သွားပြီလား၊ ဒါမှမဟုတ် ပြည်လမ်းဘက် ချိုးသွားပြီလား မသိ။ ကားလေး၏ ပိုင်ရှင်ကောင်မလေးအတွက်ကိုတော့ လပြည့်ကျော်တစ်ယောက် စိုးရိမ်စိတ်ဖြင့် ရင်ထဲတွင် ပူလောင်နေမိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

Shopping mall ရှေ့ ဆိုဒီယမ်မီးရောင်အောက်တွင် အနက်ရောင်ဆင်တူဝတ် မိန်းမပျိုလေးသုံးယောက် လှေကားထစ်များအတိုင်း ပျော်ရွှင်တက်ကြွစွာ ဆင်းလာကြ၏။ ထိုသူတို့မှာ အခြားမဟုတ်။ သံလွင်ဇကရီနှင့်အတူ သူငယ်ချင်းများဖြစ်ကြသော Dolly နှင့် Pink တို့ ဖြစ်ကြသည်။

ဒီနေ့ သူတို့အမြဲသုံးနေကျ L'oreal Cosmetic က ပါတီပေးပွဲ ဖိတ်ထားသဖြင့် သုံးယောက်သား အတူသွားကဲကြဖို့ပင်။ ထွက်လာကြပြီးမှ L'oreal Cosmetic က မန်နေဂျာ ဒေါ်အိုင်ရင်းကို ပေးဖို့ လက်ဆောင်မေ့ခဲ့သဖြင့် ဒီ Shopping mall တွင် ဝင်ဝယ်ပြီး ပြန်ထွက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေရိက . . .

"ဟဲ့ . . ဒေါ်အိုင်ရင်းကိုပေးဖို့ ဒီလက်ဆောင်လေးက ကောင်းပါ တယ်နော်"

ဟု သူမလက်ထဲက Hugo တံဆိပ် ရေမွှေးပုလင်းလေးကို ကြည့်ရင်း မေးလိုက်၏။ Pink က . . .

"ကောင်းပါတယ် ကေရီရဲ့။ ဘာဖြစ်လို့လဲ"

"တန်ဖိုးနည်းနေသလားလို့ . . ."

"မနည်းပါဘူးဟာ"

ထိုစဉ် လပြည့်ကျော်က Shopping mall ထဲက City mart တွင် မီးဖိုချောင်အတွက် တစ်ပတ်စာလိုသည်များကို ဝယ်ကာ ပြန်ထွက် လာ၏။ Shopping mall ရှေ့တွင် ထူးထူးခြားခြား အနက်ရောင်ချည်း ပဲ ဆင်တူဝတ်ထားသော မိန်းကလေး ၃ ယောက်ကို မြင်လိုက်ရာ ဘာရယ်မဟုတ် ကြည့်လိုက်မိစဉ် . . .

"ဟင် . . ."

လပြည့်ကျော် ဇဝေဇဝါဖြစ်သွားသည်။ မိန်းကလေး ၃ ယောက် ထဲက အလယ်က ဆံပင်ရှေ့အိုရောင်နှင့် ကောင်မလေးသည် ဟိုတစ်နေ့ က ပြိုင်ကားအနက်ရောင်ပေါ်တွင် သူတွေ့လိုက်သော မိန်းကလေး နှင့် ဆင်သလိုလို သူ့စိတ်ထဲ ထင်မိ၏။ ထို့ကြောင့်သူက မသိမသာ အကဲခတ်လိုက်သည်။ သေချာပြီဆိုပါက ဒီတစ်ခါတော့ လုံးဝအလွတ် မပေးဘဲ သတိပေးဖြစ်အောင်ပေးမယ်ဟု စိတ်ထဲ တေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆံပင်ပုံစံကို ဗစ်တိုးရီးယားစတိုင်လ် ညှပ်ထားသော Dolly က . . .

"မနည်းပါဘူး ကေရီရယ်။ နင်ကလေ . . ရေမွှေးလေးဝယ်ဖို့များ ဒီထိလာနေရသေးတယ်။ ပါတီပေးတဲ့ Junction Square ထဲမှာ ဝင်ဝယ်လိုက်ပြီးရော"

'ဟော . . Junction Square မှာ ပါတီပေးမှာဆိုပဲ'ဟု လပြည့်ကျော်က စိတ်ထဲကနေ လိုက်မှတ်လိုက်၏။

ကေရီက . .

"ဟဲ့ . . အဲဒီရောက်တော့မှ ဝင်ဝယ်ပြီးပေးလို့ ဘယ်ကောင်းမလဲ။ ပက်ကင်လေးဘာလေးထုပ်ပြီး ကိုယ်နဲ့ တစ်ခါတည်းယူသွားမှ ကောင်းမှာပေါ့ဟဲ့။ ဒါမှ အလေးထားရာကျတော့မှာပေါ့။ နင်ကလည်း . ."

"အဲဒါဆိုလည်း နီးနီးနားနားစတိုးဆိုင်တစ်ဆိုင်ထဲ ဝင်ဝယ်လိုက်ရင် ပြီးရောဟာ အခုတော့ အဝေးကြီးပြန်သွားရဦးမယ်"

"ဒေါ်အိုင်ရင်းသုံးတဲ့ Hugo တံဆိပ်က နေရာတိုင်းမှာ ရပါလိမ့်မယ် . . ဟွန့်။ ရန်ကုန်မြို့မှာ Hugo ရေမွှေးရောင်းတဲ့ဆိုင်လက်ချိုးရေလို့ရတယ်။ ဘာလဲ . . နင်က နိုင်ငံခြားမှာလို ဘယ်နေရာမဆိုရတယ်လို့ ထင်နေတာလား။ ဒါ မြန်မာပြည်နော်"

ကေရီတို့က ပြောကြဆိုကြ ငြင်းကြခုံကြရင်းနှင့် ကားပါကင်ဆီသို့ သွားလိုက်ကြသည်။ လပြည့်ကျော်က ကေရီတို့နောက်မှ အသိမသာလိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com





ထို့နောက် ကားပါကင်၏ ညာဘက်ထောင့်ဆုံးတွင်ရပ်ထားသော ပြိုင်ကားအနက်ရောင်လေးဆီသို့ ဦးတည်လိုက်သည့်အခါတွင် ကား လပြည့်ကျော်တစ်ယောက် အံ့သြမှုနှင့်အတူ ထိတ်လန့်သွားမိသည်။ အကြောင်းမှာ ထိုအနက်ရောင်ပြိုင်ကား၏ ကားခေါင်မိုးပေါ်တွင် ရောမ ခွေးနက်ကြီးတစ်ကောင်ကို မြင်လိုက်ရသောကြောင့်ပင်။

"ဟာ . . ဟုတ်တယ် . . ဟုတ်တယ်။ ဒါ ငါ တစ်နေ့က မြင် လိုက်တဲ့ကားပဲ"

လပြည့်ကျော်က သတိပေးဖို့ရန် လှမ်းပြောဖို့ ပြင်လိုက်စဉ်မှာပင် ဧကရီ၏ကားလေးက မြင်းဖောင်းက ပြိုင်မြင်းပြေးထွက်သွားသလို ဝေါခနဲ ထွက်သွားတော့သည်။

"ဝေါ . . ဝူး"

လပြည့်ကျော်လည်း ဘာမှမစဉ်းစားတော့ဘဲ သူ့ကားရပ်ထားရာဆီသို့ ကမန်းကတန်းပြေးသွားလိုက်သည်။ ကံဆိုးသည်ဟုဆိုရမည်။ လပြည့်ကျော်၏ ကားရှေ့တွင် Honda fit ကားလေးတစ်စီး ပိတ်ရပ်ထားသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားပေါ်တက်ကာ ကပျာကယာစက်နှိုးလိုက်ပြီး ကားဟွန်းကို တီးလိုက်၏။ ထိုအချိန်မှာပင် သူ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည့်အခါ ကေရီတို့ကားလေးက ပြည်လမ်းဘက်သွားသည်ကို လပြည့်ကျော် လှမ်းမြင်လိုက်၏။ သူ လောကြီးစွာ ကားဟွန်းကို ထပ်တီးလိုက်၏။

"တီ . . တီ . . တီ . . တီ"

ဝိတ်ရှပ်ထားသောကားမှ ကားသမားရောက်လာပြီး ကားကို ဖယ်ပေးသည်။ လပြည့်ကျော်က ကားကို ကပျာကယာမောင်းထွက်လိုက်၏။

■



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က ကားကို ပြည်လမ်းအတိုင်း တောက်လျှောက် မောင်းလာ၏။ လမ်းတွင် တစ်စုံတစ်ခုများ တွေ့ရမလားဟု ရင်တထိတ် ထိတ်ဖြစ်နေမိသည်။

"ဘုရား . . ဘုရား . . ငါ သတိမပေးရသေးဘဲ သူတို့ ဘာမှ မဖြစ်ပါစေနဲ့"

သို့သော် Junction Square ရောက်သည့်အထိ ထူးခြားတာ ဘာတစ်ခုမှမတွေ့ရ၊ လပြည့်ကျော်က ကားပါကင်ဆီသို့သွားကာ ပါကင် ထိုးဖို့ ပြင်လိုက်၏။ ထိုအချိန်မှာပင် ပါကင်ထိုးဖို့ စောင့်ဆိုင်းနေသော ကေရီတို့ကားကို တွေ့ရသဖြင့် လပြည့်ကျော် ဝမ်းသာသွားသည်။ ထို အနက်ရောင်ပြိုင်ကားကို မျက်ခြည်မပြတ်စောင့်ကြည့်ရင်း နောက်မှ လိုက်လာ၏။ ကေရီတို့ ကံကောင်းတာလား၊ ကံဆိုးတာလားတော့ မသိ။ ကားပါကင်တစ်နေရာလွတ်သွားပြီမို့ ကေရီက သူမကားလေးကို ကျွမ်းကျင်စွာ ပါကင်အလွတ်ထဲ လျှောခနဲသွင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သုံးယောက်သား ကားပေါ်မှဆင်းသွားကြသည်။ လပြည့်ကျော်ခများတော့ ပါကင်မရသေးဘဲ ယောင်နနဖြင့် ကျန်ရစ်ခဲ့၏။ ကားက ရပ်ထားလိုက်ပြီမို့ သူ့စိတ်ထဲ နည်းနည်းတော့ စိတ်သက်သာရာ ရသွားသည်။

"ဟူး . . "

သူ လေပူတစ်ချက် ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်၏။ ဘယ်နည်းနှင့်မဆို ဒီညတော့ ကားပိုင်ရှင်ကောင်မလေးကို မတွေ့တွေ့အောင် လိုက်ရှာပြီး သတိပေးမည်ဟု သူဆုံးဖြတ်လိုက်သည်။

Junction Square ရှေ့ကွက်လပ်တွင် ဗိတ်စဖြူများ ပတ်ပတ်လည်ကာပြီး ရွက်ထည်ရုံဆောက်ကာ အထဲမှ မီးဆလိုက်ရောင်စုံထွန်းထားသော ပါတီပွဲသို့ အနက်ရောင်ဝတ်စုံ ဆင်တူဝတ်ထားကြသော လူငယ်များ ဥဒဟိုဝင်သွားကြသည်။ ခေတ်ပေါ်မြူးစ်ပါတီဖြစ်တာကြောင့် ပါတီပွဲလာသူအားလုံး ကခုန်နေကြသည့် သီချင်းသံသည် အပြင်ဘက်သို့တောင် လျှံထွက်လာတတ်၏။

ထိုပါတီရှေ့သို့ မယောင်မလည်ရောက်လာသူက လပြည့်ကျော်ပင်။ လည်တဆန့်ဆန့်မော့ရင်း ဂေကရီကို ရှာဖွေရင်း အထဲဝင်ဖို့ ကြိုးစားနေသည့်သူ့ကို အပေါက်စောင့်လူငယ်တစ်ယောက်က အပေါ်အောက်ကြည့်ရင်း . .

"ကျေးဇူးပြုပြီး . . ဖိတ်စာလေး တစ်ဆိတ်လောက်ပြပါခင်ဗျာ"

"ဗျာ . . ဘာဖိတ်စာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က အုတ်အုတ်ကြောင်ကြောင်ဖြင့် ပြန်မေးလိုက်၏။ အပေါက်စောင့်ဝန်ထမ်းက . .

"ဒီပွဲကို ဖိတ်စာမပါဘဲ ဝင်လို့မရဘူးခင်ဗျ။ ပြီးတော့ ဒီပွဲရဲ့ Dress Code က အနက်ရောင်ပါ"

လပြည့်ကျော်က သူဝတ်ထားသည့် ဘောင်းဘီကာကီရောင်နှင့် အင်္ကျီအဖြူရောင်ကို ယောင်ယမ်းပြီး ငုံ့ကြည့်လိုက်မိ၏။ ထို့နောက် သူ့အခြေအနေကို သူ သဘောပေါက်စွာ ခေါင်းကိုကုတ်ရင်း လှည့်ထွက်လာလိုက်ပြီး ပါတီပွဲ၏ မနီးမဝေး ခုံတန်းရှည်ပေါ်တွင်ထိုင်ကာ စောင့်ကြည့်နေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



ပါတီပွဲအတွင်းထဲတွင်ကား နိုင်ငံခြား ဒီဂျေတီးလုံးသံများနှင့် ဆူညံအက်ကွဲနေ၏။ ကသူက၊ ခုန်သူခုန်၊ အရက်ခွက်ချင်း Cheer လုပ်သည့် ဖန်ခွက်အချင်းချင်း ပွတ်တိုက်သံများကလည်း တချွမ်းချွမ်း . . . လပြည့်ကျော်က ဘယ်သူကမှဒဏ်မပေးပါဘဲ တစ်ခါမှ မရင်းနှီးသော မိန်းကလေးတစ်ယောက်ကို အချိန်ကုန်ခံကာ ထိုင်စောင့်ကြည့်နေမိတော့သည်။

သူက ဧကရီကို စောင့်ကြည့်သလို သူ့ကို စောင့်ကြည့်အကဲခတ်နေသော လူနှစ်ယောက် ရှိနေသည့်ဆိုတာကိုတော့ လပြည့်ကျော် တစ်ယောက် လုံးဝသတိမထားမိချေ။ ထိုလူနှစ်ယောက်မှာ အခြားမဟုတ်။ ဦးသံလွင်ထွန်းခေါင်၏ တပည့်များဖြစ်ကြသော လှထွန်းနှင့် မောင်သန်း တို့ပင် ဖြစ်သည်။ ဦးသံလွင်ထွန်းခေါင်က သူ့သမီး သံလွင်ဧကရီက အိမ်ကစထွက်သွားချင်းမှာပင် လှထွန်းတို့ဆီ ဖုန်းဆက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"လှထွဋ်၊ မောင်သန်းရော ဘေးမှာရှိလား။ အေး . . ငါ့သမီး ဒီည Junction Square မှာ သူ့သူငယ်ချင်းတွေနဲ့ ပါတီပွဲသွားတယ်။ အဲဒီကို မင်းတို့နှစ်ယောက် လိုက်သွားကြစမ်းကွာ။ နောက်ကပဲ မယောင်မလည် စောင့်ကြည့်နေ ကြားလား။ သမီး မသိစေနဲ့နော်။ သဘောပေါက်လား။ ငါ့သမီးကို စိတ်အနှောင့်အယှက်မဖြစ်စေနဲ့ ဒါပဲ"

ဟု အမိန့်ပေးလိုက်သောကြောင့် လှထွဋ်နှင့် မောင်သန်းတို့ လိုက်လာခဲ့ခြင်းပင်။ လှထွဋ်က အခု သံလွင်ကေရီဘယ်ရောက်သွားပြီး ကားကို ဘယ်မှာထားတယ်အထိ အစအဆုံး ဖုန်းတစ်လုံးနှင့် သူတို့ဆရာကြီးဆီ ဖုန်းဆက်ပြီး အစီရင်ခံနေလေသည်။

လပြည့်ကျော်လည်း စောင့်ရတာကြာလာတာကြောင့် တဖြည်းဖြည်းအိပ်ငိုက်လာသည်။ တစ်နေကုန်ဆိုင်မှာလည်း မနားရတာကြောင့် လူက ငြိမ်ငြိမ်နေလိုက်ပြီဆိုတာနှင့် မျက်လုံးက မှိတ်မှိတ်ကျလာသည်။ လှထွဋ်တို့ကလည်း 'ဒီကောင်ဘာကောင်လဲ . . မမလေးကို ဘာလို့လာစောင့်နေရတာလဲ' ဆိုသည့်အဓိပ္ပာယ်ဖြင့် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ရင်း အကဲခတ်စောင့်ကြည့်နေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ရုတ်သည်းသည်း ဆူညံနေသော လူသံသူသံများကြောင့် လပြည့်ကျော်တစ်ယောက် အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုးသွားလေ၏။ ဘေးဘီဝဲယာကို ကြည့်လိုက်တော့ ဘေးပတ်ဝန်းကျင်တစ်ခုလုံး အနက်ရောင်ဆင်တူဝတ် လူငယ်ယောက်ျားလေးများ မိန်းကလေးများကို တွေ့လိုက်ရ၏။

"ဟာ .. ဒုက္ခပါပဲ"

လပြည့်ကျော်က အခုမှ ရေးကြီးသုတ်ပျာဖြစ်သွားပြီး အနက်ရောင်မိန်းကလေးများကြားတွင် ကေရီကို ကျိုးကန်းတောင်းမျှော်လိုက်ရှာနေမိ၏။ မိန်းကလေးများ၏ အနီးသို့သွားကာ တစ်ယောက်ချင်း မျက်နှာကို အသည်းအသန် အရူးလို ရှော့ချက်ကြည့်နေမိသည်။ သို့သော် သူရှာနေသော ကေရီကိုတော့ဖြင့် မတွေ့ရ။ သူစိတ်ညစ်သွားသည်။

"တောက် .. သွားပြီကွာ .. တစ်ညလုံး အပင်ပန်းခံပြီး ထိုင်စောင့်နေတာ အလကားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ညည်းတွားလိုက်၏။

ထိုစဉ် အနက်ရောင်ဝတ်စုံဝတ်ထားသော ကောင်မလေး တစ်ယောက် သူ့အနားသို့ရောက်လာပြီး ..

"ရှင် .. ဒီမှာ ဘာလုပ်နေတာလဲ"

နောက်ဘက်ဆီမှ မေးလိုက်သံကြောင့် သူ အထိတ်တလန့် လှည့်ကြည့်လိုက်၏။

"ဟင် .. မင်း .. မင်း ဆီလင်း .. အဲ .. မဟုတ်သေးပါဘူး။ ဆယ် .. ဆယ်"

"ဆယ်လင်း(န်)ပါ"

ဟိုတစ်ခါ ကားပြိုင်ပွဲတွင် တွေ့ခဲ့ရသော ဆယ်လင်း(န်)ဆိုသည့် ကောင်မလေးမှန်း လပြည့်ကျော်မှတ်မိသွား၏။

"ဪ .. ဟုတ်ပြီ .. ဟုတ်ပြီ။ ဆုံပဲ ဆုံတတ်တယ်နော်။ မဆယ်လင်းရော ပါတီပွဲကို လာတာထင်တယ်။ ဟုတ်လား မဆယ်လင်း။ ဟင်း .. နာမည်ကလည်း ခေါ်ရတာ အဆင်မပြေလိုက်တာ။ ကြဲကြဲဖန်ဖန်မှည့်မှ မှည့်တတ် တယ်ဗျာ"

လပြည့်ကျော်၏အပြောကြောင့် ဆယ်လင်း(န်)က မျက်စောင်း ထိုးလျက်နှင့် ..

"ကြဲကြဲဖန်ဖန် နာမည်မဟုတ်ဘူး .. ရှင့်။ S.E.L.E.N.E ဆိုတာ 'လပြည့်ညနတ်သမီး'လို့ အဓိပ္ပာယ်ရတယ်။ ဟွန်း .. ဒီလောက်လှတဲ့နာမည်ကိုများ ရှင့် ငါးပိသံနဲ့ အသံထွက်မှ အဓိပ္ပာယ်ကို ပျက်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..ဒါဆိုလည်း အစီပွာယ်မပျက်အောင် ဗမာလိုပဲ 'နတ်သမီး'လို့ခေါ်မယ်ကွာ။ အဲဒါဆို ရှင်းရော မဟုတ်လား"

"နေစမ်းပါဦး ..ကျွန်မ မေးထားတာကို ဖြေဦးလေ။ ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ ..လို့"

လပြည့်ကျော်က ဘေးဘီဝဲယာကို အကဲခတ်ပြီး ..

"ကောင်မလေးတစ်ယောက်ကို ဟို ..ဟို ဘယ်လိုပြောရမလဲ ..အဲ ..သတိပေးစရာရှိလို့။ အဲဒီကောင်မလေးရဲ့ ကားမှာ ဟိုတစ်ခါ မင်းတို့ ကားပြိုင်ပွဲတုန်းကလိုမျိုး မရဏနိမိတ်ပုံကို မြင်လိုက်ရတယ်။ အဲဒါကို သတိပေးချင်လို့ လိုက်လာတာ။ အခု သူ့ကို ရှာမတွေ့တော့လို့ ..''

ဟု မတိုးမကျယ်ပြောပြလိုက်သည်။

လပြည့်ကျော်၏အပြောကြောင့် နတ်သမီးက ပျာပျာသလဲဖြစ်သွားပြီး ...

"ဟင် ..ဒါဆို အရေးကြီးတာပေါ့။ ဘယ်မှာလဲ ..ဘယ်မှာလဲ ..အဲဒီကောင်မလေးကို ရှင် တွေ့ပြီလား။ ဘယ်လိုပုံစံမျိုးလေးလဲ"

"မတွေ့သေးဘူး။ ပုံစံလည်း မပြောတတ်ဘူး။ လူမြင်ရင်တော့ မှတ်မိတယ်"

"အို ..ရှင် ဒီနားမှာရပ်ပြီးကြည့်နေလို့ ဘယ်ဖြစ်မလဲ။ အားလုံးက ပြန်ကုန်ကြပြီ။ လာ ..လာ ကားပါကင်ဘက် သွားစောင့်ပြီးရှာရအောင်"

"ကားပါကင်မှာလည်း ကား ..မတွေ့ ..''



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်၏စကားပင် မဆုံးလိုက် . . နတ်သမီးက အလောတကြီးဖြင့် 'လာစမ်းပါ'ဟု ပြောပြီး အလျင်စလို ပြေးထွက်သွားလိုက်ရာ လပြည့်ကျော်မှာ နတ်သမီးနောက်သို့ အပြေးလိုက်သွားရ၏။ ကားပါကင်တစ်ခုလုံး နေရာအနှံ့ရှာပြီးနောက် မတွေ့သည့်အဆုံးတွင် နတ်သမီးက . .

"ဒုက္ခပဲ။ ကျွန်မက ကိုယ်တိုင်ကြုံဖူးလို့လား မသိဘူး။ အရမ်းစိတ်ပူတာပဲ။ ဟင်း . . အင်းလေ တနည်းနည်းနဲ့ တွေ့အောင်ရှာရမှာပေါ့။ ကျွန်မအဖို့တော့ ရှင့်ကို တစ်လှည့်ပြန်ကူညီခွင့်ရတာ ဝမ်းသာစရာပဲ။ ကဲ . . ရှင့်ကို ဘယ်လို ဆက်သွယ်ရမလဲ ပြောပါဦး"

လပြည့်ကျော်က ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ သူ့ကားပစ္စည်းဆိုင်လိပ်စာကတ်ပြားလေးကို ကမ်းပေးရင်း နှစ်ယောက်သား နှုတ်ဆက်လမ်းခွဲခဲ့ကြလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မနေ့က ရှုပ်ထွေးနေသည့်အတွေးများက ဒီနေ့ထိ ခေါင်းထဲတွင် မရှင်းသေး။ ပြိုင်ကားအနက်နှင့် ကောင်မလေးကို တွေ့အောင်မရှာနိုင်လိုက်သည်ကိုပင် လပြည့်ကျော်တစ်ယောက် စိတ်ထဲ မတင်မကျနှင့် ခိုးလို့ခုလုဖြစ်နေတော့သည်။

ရှေ့တွင် ပုံကြမ်းဆွဲထားသည့် မရဏာခွေးအနက်ကြီး၏ မျက်လုံးတွေကို စိုက်ကြည့်ရင်း လပြည့်ကျော်က တစ်စုံတစ်ရာကို အလေးအနက်တွေးနေမိသည်။

'ဘာကြောင့်များ ကားတွေမှာ ဒီပုံရိုပ်ကြီး ကပ်ကပ်နေရတာပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ..

"လပြည့် .."

နောက်နားဆီမှ ရုတ်တရက်ကြားလိုက်ရသော အသံကြောင့် လပြည့်ကျော် လန့်သွားရင်း ..

"ဟာ .. နတ်သမီးပါလား"

လပြည့်ကျော်က ပြောလည်းပြောရင်း တံခါးဘက်ဆီသို့ ကြည့်ကာ တစ်ဆက်တည်း ..

"လာ .. ထိုင် .. ထိုင် .. တော်သေးတာပေါ့။ တံခါးပွင့်နေလို့။ ကျွန်တော်က တံခါး Lock ချထားတယ် ထင်နေတာ"

ဟု ပြောလိုက်သည်။ နတ်သမီးက ဘာမှ ပြန်မပြောဘဲ ပြုံးပြီး ခုံမှာဝင်ထိုင်လိုက်သည်။

"ခဏလေးနော်။ ကျွန်တော် နတ်သမီးအတွက် သောက်စရာတစ်ခုခု သွားစီစဉ်လိုက်ဦးမယ်"

"နေ နေ .. ရတယ် လပြည့်။ ကျွန်မ ဘာမှမသောက်တော့ပါဘူး။ ဒါနဲ့ ရှင် ဘာတွေဆွဲနေတာလဲဟင်"

နတ်သမီးက ပြောပြီး ခုံပေါ်မှစာရွက်ကို ယူပြီး ကြည့်လိုက်ရာ အနက်ရောင်ကားတစ်စီးဘေးတွင် မရဏခွေးနက်ကြီးတစ်ကောင် ကပ်ငြိနေသည့် ပုံကြမ်းကို တွေ့ရတော့ နတ်သမီးက မျက်လုံးပြူးသွားပြီး ..

"ဟင် .. ဒီ .. ဒီကားက ကေရီကားပဲ"

ဟု အလန့်တကြားရေရွတ်လိုက်၏။ လပြည့်ကျော်က ..



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လို ဖေကရီဟုတ်လား။ မင်း ဒီကားပိုင်ရှင် ကောင်မလေးကို သိတယ် ဟုတ်လား”

“ရှင်ကလည်း ရိုးလိုက် အလိုက်တာ။ ရန်ကုန်မြို့မှာနေပြီး သံလွင်ကုမ္ပဏီလုပ်ငန်းစုဆိုတာ မကြားဖူးဘူးလား”

လပြည့်ကျော် ခေါင်းညိတ်ပြလိုက်သည်။ သံလွင်ကုမ္ပဏီလုပ်ငန်းစုတွင် ဟိုတယ်တွေ၊ ဘဏ်တွေ၊ အိမ်ရာစီမံကိန်းတွေက နေရာတကာ မတွေ့ချင်မှအဆုံးပင် မဟုတ်ပါလား။ သံလွင်၏ နာမည်ကြီးသူဌေး ဦးသံလွင်ထွဋ်ခေါင်ဆိုသူမှာလည်း လူကြီးတွေ မဆိုထားနှင့်။ လည်လည်ဝယ်ဝယ်ရှိသည့် ကလေးပင် သိနိုင်လောက်သည်။

“ဟုတ်တယ်။ အဲ့ဒီကားနံပါတ်နဲ့ အရောင်က သံလွင်ကုမ္ပဏီတွေ အားလုံးရဲ့ ပိုင်ရှင် ဦးသံလွင်ထွဋ်ခေါင်ရဲ့ တစ်ဦးတည်းသော သမီး သံလွင်ဖေကရီရဲ့ ကားပဲ။ သေချာတယ်”

“ဒါဆို အဲဒီ ကောင်မလေးက မင်းနဲ့ ရင်းနှီးတယ်ပေါ့ .. ဟုတ်လား”

လပြည့်ကျော်က အားတက်သရောမေးလိုက်ရာ နတ်သမီးက ..

“ဟာ .. ဖေကရီနဲ့ ငယ်ချင်းမရင်းနှီးပါဘူး။ သူ့အဖေက နာမည်ကြီးမို့လို့ ကျွန်မက သူ့ကို သိနေတာပါ”

“ဟာ .. ဘာပဲဖြစ်ဖြစ် ဒီလောက်သိရရင် တော်ပြီ။ သူ့အဖေဆီသွားပြီး ပြောပြမယ်”

“မဖြစ်ဘူး လပြည့်။ သူ့အဖေက ထိတ်ထိတ်ကြဲသူဌေးကြီးတစ်ယောက်လေ။ တွေ့ချင်တိုင်း အလွယ်တကူ ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ရမှာလဲ။ တွေ့ခွင့်ရလို့ ရှင်ပြောပြရင်ရော သူက လွယ်လွယ်ယုံမယ်ထင်လို့လား"

"မဟုတ်ဘူးလေ။ အခုဟာက သေရေးရှင်ရေး အရေးကြီးနေတဲ့ ကိစ္စပဲ။ မဖြစ်ဖြစ်တဲ့နည်းနဲ့ အတင်းဝင်တွေ့ အတင်းဝင်ပြောမှ ဖြစ်မှာပေါ့"

"ကျွန်မပြောတာ နားထောင်စမ်းပါရှင်။ ဦးသံလွင်ကို အခုလောလောဆယ် တွေ့ဖို့ မကြိုးစားနဲ့ဦး။ ဒီကိစ္စကို သံလွင်ကေရီကို လက်ခံလာအောင်ပဲ ကျွန်မတို့ အရင်ကြိုးစားကြရအောင်။ ရှင်နဲ့ ကေရီဆုံခွင့်ရအောင် ကျွန်မ ကူညီပေးပါမယ်"

ကျိုးကြောင်းဆီလျော်သော နတ်သမီး၏ အပြောကြောင့် စိတ်စောသော သူ့ဆန္ဒကို ပြန်မျိုသိပ်လိုက်ရသည်။ သေချာတာတစ်ခုကတော့ ဒီ နိမိတ်ပုံအကြောင်း ကားပိုင်ရှင်ကေရီကို မပြောရမချင်း လပြည့်ကျော် အဖို့ ညတိုင်း ကောင်းကောင်းအိပ်ပျော်လိမ့်မည် မဟုတ်ပါချေ။

■

www.burmeseclassic.com

www.burmeseclassic.com



"မောင်စိုး ‥ ပစ္စည်းတွေ အသစ်ထပ်ရောက်လို့လား"

ညက ကောင်းကောင်းအိပ်မပျော်တာကြောင့် နေ့လယ်ခင်း တမှေးမှေးလိုက်ရာ ညနေ ၅ နာရီထိုးခါနီးမှ အိပ်ရာနိုးလာသော လပြည့်ကျော်က ကားပစ္စည်းများနေရာချနေသည့် တပည့်ကို လှမ်းမေး လိုက်သည်။

မောင်စိုးက ‥

"ဟုတ်ကဲ့ အစ်ကို၊ ဟိုတစ်လောက အစ်ကိုမှာထားတဲ့ Honda Fit နောက်မီးခွက်လည်း ရောက်တယ်။ ပြီးတော့ စကိုင်လာ လည်း ရောက်လာပြီ အစ်ကို"

"အေး ‥ အေး ဟိုတစ်နေ့က မှာထားတဲ့ Customer ဆီကို ဖုန်းဆက်လိုက်တော့လေ။ လာယူလို့ရပြီလို့"

"ဆက်ထားပြီးပါပြီ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



'တော်သေးလို့'ဟု စိတ်ထဲတွေးမိလိုက်သည်။ အခုလို မျက်နှာလွှဲ၍ရသော တပည့်တွေရှိနေလို့သာ သူ့အဖို့ ကံကောင်းသည်။ လပြည့်ကျော်က ထိုအတိုင်းပင်။ ပုံမှန်ရက်တွေဆိုလျှင်တော့ ဆိုင်စောစောစီးစီးဖွင့်ပြီး အလုပ်ထဲ စိတ်နှစ်ထားလို့ရပေမဲ့ မရဏနိမိတ်ပုံနှင့် ကားကို တွေ့လိုက်သည့်အခါတိုင်း သူ့စိတ်တွေ ကယောင်ချောက်ချားဖြစ်သွားတတ်သည်။

"ဪ . . အစ်ကို . . အခုရောက်တဲ့ပစ္စည်းတွေအတွက် ညရ နာရီလောက်ကျရင် ပိုက်ဆံရှင်းပေးရမယ်တဲ့"

"ဟုတ်လား . . အေး . . လာရင် ငါ့ရုံးခန်းဆီကို တက်လာခိုင်းလိုက်လေ။ ဒါနဲ့ တစ်ခါတည်းမှာထားရဦးမယ်။ ညှော်သည်လာတာကို မြင်တာနဲ့ ကော်ဖီဖြစ်ဖြစ်၊ အအေးဖြစ်ဖြစ် တစ်ခုခုလာပို့ကြလေကွာ။ မင်းတို့ကလည်း အလိုက်သိမှပေါ့။ မနေ့က လာတဲ့ ငါ့ညှော်သည်ဆို အားနာစရာ။ ဘာမှတောင် ညှော်မခံလိုက်ရဘူး"

"ခင်ဗျာ . . ဟုတ် . . ဟုတ်ကဲ့"

မောင်စိုးက ယောင်ယောင်မှားမှားနှင့် ခေါင်းညိတ်ပြလိုက်၏။ လပြည့်ကျော်ကလည်း ပြောပြီး အပေါ်ထပ်ရုံးခန်းသို့ တက်ဖို့ ပြင်လိုက်စဉ် သူ့လက်ထဲမှ ဖုန်းမြည်လာသည်။ ဖုန်းနံပါတ်ကိုကြည့်တော့ Unknown Calling ဟုသာ ပေါ်နေသည်။

"ဟယ်လို . ."

"ဟယ်လို . . လပြည့် . . အရေးကြီးတယ်။ အင်းလျားလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းထောင့်မှာ ကျွန်မ စောင့်နေမယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကို ခုချက်ချင်းလာခဲ့။ အခု ချက်ချင်းနော်။ ကေရီဆီ သွားမှာမို့လို့"

တစ်ဖက်ဖုန်းထဲက အလောတကြီးသံနှင့်မို့ ရုတ်တရက် ဘယ်သူဆိုတာ ခွဲခြားမရ။ ဇေကရီဟု နာမည်ပါလာမှသာ နတ်သမီးပဲ ဆိုတာ သိလိုက်သည်။

ထို့ကြောင့် လပြည့်ကျော်တစ်ယောက် အိတ်ထဲတွင် အသင့် ထည့်ထားသည့် ကားသော့ဖြင့် ကားစက်ကို ကမန်းကတန်းပြေးနှိုးကာ 'ဇဝါ'ခနဲ မောင်းထွက်သွားတော့သည်။ သူ၏ ဦးတည်ရာက အင်းလျား လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်တွင်ရှိသော သံလွင်ခြံကြီးသို့ ပင်။

■



www.burmeseclassic.com

www.burmeseclassic.com

သံလွင်ခြံနှင့် မနီးမဝေးသစ်ပင်အောက်တွင် လပြည့်ကျော်နှင့် နတ်သမီးတို့နှစ်ယောက်သား ကားပေါ်တွင်ထိုင်ကာ ခြံထဲမှ ထွက်လာမည့် ကေရီကားကို မျက်ခြည်မပြတ်တမ်း စောင့်ကြည့်နေကြ၏။ ညနေခင်းက မှောင်ရီပျိုးနေပြီမို့ လူရိပ်ပင် သိပ်မသဲကွဲတော့။

လပြည့်ကျော်က ..

“အဲဒီအိမ်က ကေရီတို့ရဲ့ အိမ်ဆိုတာ သေချာရဲ့လား နတ်သမီးရယ်။ တော်ကြာ နာမည်တူပြီး မှားတာဖြစ်နေဦးမယ်”

“ဩော် .. မမှားပါဘူး လပြည့်ရယ်။ ကျွန်မ အသေအချာကို သိတာပါရှင်။ ရှင်ကလည်း”

“မင်းက ဘယ်လိုသိတာလဲ”

“ဩော် .. ဘယ်လိုသိရမှာလဲ။ သူ့အဖေက မြန်မာပြည်မှာ နာမည်ကြီးသူဌေးပါလို့ဆို။ ခဏနေ ကေရီ သူ့ကားနဲ့ ထွက်လာလိမ့်မယ်။ သူ့ကားနောက်က ကျွန်မတို့ လိုက်ရအောင်”



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီး၏ စကားအဆုံးမှာပင် တိုက်တိုက်ဆိုင်ဆိုင် လမ်းကွေ့ အချိုးဘက်မှ အနက်ရောင်မြင်းကားလေးတစ်စီး မောင်းထွက်လာသည်ကို မြင်လိုက်ရသည်။

"ဟော ‥ ဟိုမှာ ကေရီ့ကား ထွက်လာပြီ၊ အဲဒါ သူ ကလပ်ကိုသွားတာ။ လာ ‥ လာ လိုက်ရအောင်။ မောင်းတော့ ‥ မောင်းတော့။ ကေရီ့ကားကို မျက်ခြည်မပြတ်စေနဲ့"

ထိုသို့ဖြင့် လပြည့်ကျော်တို့ကားက ကေရီမောင်းဝင်သွားရာ ကလပ်ထဲသို့ ရောက်လာ၏။ ကားပါကင်သို့အရောက်တွင် ဦးစွာရပ်နှင့်ထားသော ကေရီ၏ ကားကို တွေ့ရသည်။ ကားနှင့်အတူလိုက်ပါကပ်ငြိနေသည့် မရဏာနိမိတ်ပုံ ခွေးနက်ကြီးကိုပါ တွေ့လိုက်ရသဖြင့် လပြည့်ကျော်က နတ်သမီးမမြင်နိုင်သည်ကို သတိမထားမိဘဲ ‥

"ဟိုမှာ ‥ ဟိုမှာ ကားမှာ ကိုယ်တွေ့လိုက်တယ်"

ဟု လက်ညှိုးထိုးကာ အော်ပြောလိုက်၏။ နတ်သမီးက ‥

"ရှင် အော်ကြီးဟစ်ကျယ်လုပ်မနေနဲ့။ အရေးကြီးတာက ကေရီကို ရှာပြီး သတိပေးရမယ်၊ လာ ‥ ကလပ်ထဲကို ဝင်ပြီးရှာကြမယ်။ သြော် ‥ ဒါနဲ့ ရှင် ကတတ်သလား"

လပြည့်ကျော် ခေါင်းခါပြလိုက်သည်။ နတ်သမီးက 'ထင်သားပဲ'ဆိုသည့်အဓိပ္ပာယ်ဖြင့် မျက်စောင်းထိုးလိုက်၏။ ကလပ်ဝင်ပေါက်နားသို့ အရောက်တွင် လပြည့်ကျော်မှာ တုံ့နှေးတုံ့နှေးလုပ်နေသဖြင့် နတ်သမီးက ကျောကို တွန်းလွှတ်ရာ လပြည့်ကျော်တစ်ယောက် ယိုင်ထိုးယိုင်ထိုးဖြစ်သွားသည့်ပုံစံကို ကလပ်ထဲဝင်မည့် မိန်းကလေးတစ်စုက အထူးအဆန်းသဖွယ်ကြည့်ပြီး ရယ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကလပ်အဝင်ဝအရောက်တွင် လပြည့်ကျော်က ၂ ယောက်စာ ပိုက်ဆံထုတ်ပေး၏။

"၂ ယောက်"

ပိုက်ဆံကောက်သူက စဝင်လာကတည်းက ကိုးရိုးကားရား ဖြစ်နေသောကြောင့်လားတော့ မပြောတတ်။ လပြည့်ကျော် ကမ်းပေးနေသည့် နှစ်ယောက်စာ ပိုက်ဆံကို ယူရကောင်းနိုး မယူရကောင်းနိုး ယောင်နနဖြစ်နေ၏။

တခြားလူငယ်တွေလို ကလပ်တက်သည့် မဝတ်အစားဒီဇိုင်း ခပ်မိုက်မိုက်နှင့်မဟုတ်ဘဲ ဂျင်းပင်ပြာကို ခြေညှပ်ကတ္တီပါဖိနပ်နှင့် တွဲဖက်စီးထားသော သူ့ပုံစံကြောင့်ပဲလား မသိ။ ဘေးဘီဝဲယာမှ မိန်းကလေးများက ကြိတ်ရယ်သွားကြ၏။

လပြည့်ကျော်ကတော့ ဘာကိုမှ သတိမထားမိ။ ကေရီကို ရှာဖို့ စိတ်စောနေတာကြောင့် ကလပ်ထဲသို့ အလျင်အမြန်ဝင်လိုက်သည်။

ထိုအချိန်မှာပင် ထုံးစံအတိုင်း ဦးသံလွင်ထွဋ်ခေါင်၏ လက်ရုံးတပည့် လှထွဋ်နှင့် မောင်သန်းတို့၏ ကားကလည်း ကလပ်ရှေ့သို့ ထိုးဆိုက်လာပြီး မယောင်မလည် အကဲခတ်ကာ ကလပ်ထဲသို့ လိုက်ဝင်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



DJ စည်းချက်အညီ လင်းလိုက်၊ မှောင်လိုက်၊ ပြာလိုက်၊ ဝါလိုက်ဖြစ်နေသော မီးရောင်စုံများအောက်တွင် ဆယ်ကျော်သက်လူငယ်လူရွယ်တွေက ဒိုးဒိုးဒန့်ဒန့်နှင့် ကခုန်နေကြသည်။ လပြည့်ကျော်ကတော့ ထိုကနေသော လူအုပ်ကြားထဲသို့ အတင်းတိုးဝင်ကာ ခေါင်းမော့လည်ဆန့်ပြီး သူတွေ့ချင်သည့် ကေရီကိုသာ အသည်းအမည်းရှာဖွေနေတော့၏။

ဆံပင်ရွှေအိုရောင်နှင့် ကောင်မလေးများကို မြင်တိုင်း ကေရီများလားဟု ပြူးပြဲကြည့်ရသည်မှာ အမော။ ထို့ကြောင့် တချို့ကောင်မလေးများက လပြည့်ကျော်ကို မျက်မှောင်ကျုံ့ကြတော့။ ရန်လိုသောမျက်လုံးများနှင့် လပြည့်ကျော်၏ အနားသို့ တဖြည်းဖြည်းကပ်လာကြလေပြီ။ ဒါကို သတိထားမိသော နတ်သမီးက ..

"လပြည့် .. ရှင် ဒီလောက်ကြီး ရုပ်ပျက်ဆင်းပျက် ရှာမနေနဲ့တော့လေ။ ရှင့်ကို သူများတွေ သတိထားမိကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ‥ ဟုတ်လား။ ကိုယ် ‥ ကိုယ်က ဘာလုပ်ရမှာလဲ"

"သူများတွေလို ရောယောင်ပြီး ကရင်း မသိမသာရှာပေါ့"

"ကိုယ်မှ မကတတ်တာ"

"ကဲပါ ‥ လာ ‥ လာ လပြည့်။ ကျွန်မနဲ့တွဲပြီးက"

လပြည့်ကျော်လည်း နတ်သမီးက အတင်းခေါ်နေတာကြောင့် မကတတ်ကတတ်နှင့် နတ်သမီးကသလို လိုက်ကလိုက်သည်။ သူက နေသည့်ပုံသည် ဘယ်လောက် ကိုးရိုးကားရားဖြစ်နေသည်မသိ။ စောစောက မိုက်ကြည့်ကြည့်နေသော လူငယ်များကတောင် ပြုံးသွားပြီး ‥

"ထားလိုက်ပါကွာ ‥ ဒီကောင် ငကြောင်နဲ့ တူပါတယ်"

"ဆေးကွဲပြီး ကြောင်နေတာလား မသိဘူး"

ဟု အချင်းချင်းပြောကာ လှည့်ထွက်သွားကြ၏။

ထိုအချိန်မှာပင် လပြည့်ကျော်၏ အကြည့်က သူငယ်ချင်းများနှင့်အတူ ကနေသော ကေရီကို လှမ်းမြင်လိုက်ရာ ‥

"နတ်သမီး ‥ ဟိုဘက်ထောင့်မှာ ကေရီ့ကိုတွေ့ပြီ ‥ လာ သွားရအောင်၊ ကေရီ ‥ ကေရီ"

ဟုပြောလည်းပြော ကေရီ့နာမည်ကိုလည်း အော်ခေါ်ရင်း လူအုပ်ကြားထဲသို့ တိုးဝင်သွား၏။ ကေရီက သူ့နာမည် ခေါ်သံကြား လိုက်သလိုလိုနှင့် ဘေးဘီဝဲယာကို အံ့သြတကြီး လှည့်ကြည့်နေသည်။

ထိုစဉ် ကေရီတို့ မနီးမဝေးတွင် ကနေသော လူငယ်တစ်စုထဲမှ ‥

"မင်းလားကွ ငါ့ကို ကဲကွာ ‥ ကွဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

"ဟာ .. ထိသွားပြီ .. ငါတို့သူငယ်ချင်းကို ထိသွားပြီ။ ဟိုကောင်တွေ ဖွဲ့တာကွ။ ဟေ့ကောင်တွေ၊ ဘာကြည့်နေတာလဲ၊ ချလေကွာ"

အချီအချပြောစကားများနှင့် လူများ ရုတ်ရုတ်သဲသဲဖြစ်သွားကြရာ မကြာခင် လုံခြုံရေးများလည်း ရောက်လာပြီး ရန်ပွဲကို ဖြန်ဖြေလိုက်ရ၏။

ဘယ်အချိန်ကတည်းက စောင့်ကြည့်နေမှန်းမသိသော လုထွန်းနှင့် မောင်သန်းတို့က ကေရီကို ဘေးတစ်ဖက်တစ်ချက်စီကာပြီး အပြင်သို့ ခေါ်ထုတ်သွားကြတော့သည်။

ကေရီက သူ့မနာမည်ခေါ်သည့်သူကို လူအုပ်ကြားထဲသို့ လှမ်းကြည့်ကာ ရှာဖွေနေမိ၏။ လပြည့်ကျော်က ခေါ်ထုတ်သွားသော ကေရီကို လှမ်းကြည့်ရင်း ..

"ဟာ .. သွားပါပြီကွာ။ ဒီတစ်ခါလည်း လွဲသွားပြန်ပြီ။ တောက် .."

နုတ်သမီးကတော့ ဘာမှမပြောနိုင်၊ သက်ပြင်းများသာချရင်း စိတ်မကောင်းသည့်ဟန်ဖြင့် လပြည့်ကျော်ကိုသာ ငေးကြည့်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ . . ကုမ္ပဏီ မသွားသေးဘူးလားဟင်"

မနက်စာစားပြီးတော့ ခြံထဲတွင်ထိုင်ကာ သတင်းစာဖတ်နေသော ဦးသံလွင်ထွဋ်ခေါင်က သမီးဖြစ်သူ၏ အသံကြောင့် လှည့်လိုက်၏။ ပန်းနုရောင်ဂါဝန်လေးနှင့် ကော်ဖီခွက်လေးကိုင်ကာ ပြုံးကြည့်နေသော သမီးဖြစ်သူ၏ဟန်က တကယ့်ကို ချစ်စဖွယ်ပင်။

"ခဏနေသွားမှာပေါ့ သမီးလေးရဲ့ . . ဘာဖြစ်လို့လဲ"

"ဘာမှ မဟုတ်ပါဘူး ဖေဖေရဲ့ . . ဒီအတိုင်း မေးကြည့်တာပါ"

ဟုပြောရင်း ကေရီက အဖေဖြစ်သူ၏ဘေးတွင် ပုံးပုံးကပ်ကပ် ဝင်ထိုင်ရင်း မလုံမလဲပြောလိုက်၏။ သမီး၏ အရိပ်အခြည်ကို ကြည့်ပြီး သမီးအသံကို နားထောင်လိုက်ရုံဖြင့် ဒတ်ခနဲသိသော အဖေပီပီ . .

"မဟုတ်သေးပါဘူး။ ဖေဖေ့ဆီက တစ်ခုခုပူဆာချင်လို့ မဟုတ်လား . . ဟင် . . ဘာလဲ . . ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ‥ ဟို ‥ ဟိုဟာလေ သမီးဆီမှာ မုန့်ဖိုးတောင် နည်းနေပြီ ဖေဖေရဲ့ ‥ အဲဒါ"

"ဟင် ‥ သမီး Bank Account ရဲ့ထဲကို ဟိုလကပဲ ပိုက်ဆံ သိန်း ၅၀ ထည့်ပေး ထားတယ်လေ။ ကုန်သွားပြီလား"

"ဟုတ် ‥ ဖေဖေ ‥ ကုန်သွားပြီ"

သမီးဖြစ်သူ၏အပြောကြောင့် ဦးထွန်းခေါင်က စိုးရိမ်သွားရင်း ‥

"ဒီလောက်ပိုက်ဆံတွေအများကြီးကို သမီး ဘယ်လိုသုံးပစ်လိုက်တာလဲ ‥ သမီး ‥ မဟုတ်တာ ဘာတွေလျှောက်လုပ်နေလဲ ‥ ဖေဖေ့ကို မှန်မှန်ပြောစမ်း"

"ဘာမှ လျှောက်မလုပ်ပါဘူး ဖေဖေရယ် ‥ သူငယ်ချင်းတွေနဲ့ ကလပ်သွားတာ ရက်စိပ်သွားလို့ပါ"

"အင်း ‥ ကလပ်ဆိုလို့ သမီးကို ဖေဖေ မေးစရာရှိသေးတယ်။ ညက ကလပ်မှာ ရန်ဖြစ်ကြတယ်ဆို ဟုတ်လား။ အဲ့ဒီရန်ပွဲကြားထဲမှာ သမီးနာမည်ကို ကောင်လေးတစ်ယောက်က ခေါ်လိုက်သံ ကြားတယ်လို့ ဖေဖေ့တပည့်တွေက ပြန်ပြောတယ်။ အဲဒါ ဟုတ်လားသမီး။ သမီးနဲ့ ဘယ်လိုပတ်သက်လဲ"

"ဟာ ‥ ဖေဖေရယ်။ ညက ရန်ပွဲက သမီးကြောင့်ဖြစ်တာ လုံးဝမဟုတ်ပါဘူး။ အဲဒီရန်ဖြစ်ကြတဲ့ ကောင်လေးတွေကို သမီးသိသားပဲ။ သူတို့က သင်္ကြန်မှာတုန်းကတည်းက မဏ္ဍပ်မှာ ငြိထားကြတာ ဖေဖေရဲ့"

"ဩော် ‥ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"အင်း .. သကြံနိတုန်းကဆိုရင် တကယ့်ပွဲကြီးပွဲကောင်းပဲ။ တကယ်ကို နိုင်ငံခြားရုပ်ရှင်ထဲကအတိုင်း ဖြစ်ကြတာ ဖေဖေရဲ့"

ကေရီက သူတွေ့ဖူးခဲ့သည့် ရန်ပွဲအတွေ့အကြုံမြင်ကွင်းကို မြိန်ရေယှက်ရေ ပြောပြတော့သည်။ သမီးဖြစ်သူ၏ စကားထဲတွင် ပိုက်ဆံရှိ ခေတ်လူငယ်တွေ ဆောင်လေ့ဆောင်ထရှိသည့် ငါးမန်းစွယ်တွေရော၊ ချိန်းကြိုးတွေရော၊ ဘော့စ်ဘောတုတ်တွေရော စသဖြင့် စုံတကာစီပါလာတာကြောင့် ကြားရသည့် ဦးထွဋ်ခေါင်ပင် ကြက်သီးထမိသည်။ ဒါကိုပင် မပြီးနိုင်မစီးနိုင် အကြောက်အလန့်မရှိ ပြောနေသော သမီးဖြစ်သူကို ကြည့်ပြီး ..

"တော်ပြီ .. တော်ပြီ သမီး .. ဘာဖြစ်လို့ သူများရန်ဖြစ်တဲ့ အကြောင်းကို သမီးက မြိန်ရေယှက်ရေ ပြောနေရတာလဲ။ မိန်းကလေးမဟုတ်တဲ့အတိုင်းပဲကွာ"

"အို .. ဖေဖေကလည်း။ မိန်းကလေးဖြစ်နေတာနဲ့ပဲ မပြောရတော့ဘူးလား။ သမီးတို့ခေတ်က ဒါမျိုးတွေ ရိုးအီနေပြီ။ အဲဒီလို ရန်မဖြစ်ဖူးတဲ့သူက ခေတ်မမီဘူး။ ယောက်ျားမပီသဘူး ဖေဖေရဲ့"

"သမီး .. ဒါ ဂုဏ်ယူရမယ့်ကိစ္စမျိုးမဟုတ်ဘူး။ အဲဒီလို ရန်ပွဲတွေမှာ သမီးကိုယ်တိုင် ဝင်မပါရဘူး။ အဲဒီလိုဖြစ်တတ်တဲ့ လူမျိုးတွေနဲ့လည်း အပေါင်းအသင်း လုံးဝ မလုပ်ရဘူး .. ကြားလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



ကေရီက ခေါင်းညိတ်ပြလိုက်သည်။ သူမစိတ်ထဲတွင်တော့ ဖေဖေဟာ သူ့ပါတနာတစ်ယောက်ရဲ့ကလေး ကားပြိုင်ရင်း မတော်တဆ သေဆုံးပြီးကတည်းက သူမအပေါ် လိုတာထက်ပိုပြီး အစိုးရိမ်လွန်နေသလို ထင်မိ၏။ သို့သော် သူမ၏လွတ်လပ်ခွင့်ကိုတော့ ပိတ်ပင်တားဆီးတာမျိုး ဖေဖေ ဘယ်တော့မှ မလုပ်။ မသကာ သူ၏ လက်ရုံးတပည့် နှစ်ယောက်ကို နောက်ကလိုက်ပြီး စောင့်ရှောက်ခိုင်းတာမျိုးပဲ လုပ်လေ့ရှိသည်။

ထို့ကြောင့်လည်း ကေရီက အဖေ၏ သူမအပေါ် ချစ်ခြင်းနှင့် စေတနာကို နားလည်ကာ ဘာတစ်ခုမှ အထွန့်မတက်တော့ဘဲ အဖေဖြစ်သူ၏အနားမှ ရှိရှိကျိုးကျိုးထွက်သွားလိုက်၏။

ဦးထွန့်ရှခေါင်းကတော့ ဖတ်လက်စသတင်းစာတွင် အာရုံမရောက်တော့ဘဲ သမီးဖြစ်သူ၏ ကျောပြင်ကို ငေးစိုက်ကြည့်ရင်း သက်ပြင်းများသာ ချနေမိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



ကေရီကတော့ လက်မလျှော့။ အဖေဖြစ်သူကို မပြောရတော့ အင်းလျားလိတ်ဟိုတယ်က ကော်ဖီဆိုင်တွင် သူငယ်ချင်းတွေနှင့် ဆုံသည့်အခါ ဝိုင်းဖွဲ့ပြီး ရန်ဖြစ်သည့်အကြောင်း တဖွဲ့တနွဲ့ပြောကြပြန်သည်။

"ဗစ်တာတို့အုပ်စုက ကလပ်ထဲကို ဓားတွေဝှက်ပြီး ယူလာကြတာ။ ဗစ်တာက ထွန်းထွန်းအနားကို ကပ်သွားပြီး အဝီဓားနဲ့တော့ထိုးတာနော်"

ကေရီ၏ သူငယ်ချင်းတွေထဲက တစ်ယောက်ဖြစ်သူ ဝွန်ဆိုသည့် ချာတိတ်က ပြောလိုက်သည်။

"ဟယ် ‥ အဲဒီတော့"

ကေရီက အားမလိုအားမရ မေးလိုက်သည်။ ဝွန်က ‥

"ဟ ‥ ထွန်းထွန်းကလည်း စောက်ချဉ်မှ မဟုတ်တာ။ သိသိချင်း ရှောင်လိုက်တာ ဓားက နံကြားထဲကိုပဲ ရှပ်ထိုးမိသွားတယ်လေ။ ပြီးတော့ ခုံပေါ်က ပုလင်းနဲ့ ဗစ်တာကို တမုန်းဆွဲထည့်လိုက်တာ ဗစ်တာ ခေါင်းကွဲပြီး သုံးချက်ချုပ်လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဒီတစ်ခါလည်း ဗစ်တာတို့ ခံလိုက်ရပြန်ပြီပေါ့"

Pink က မှတ်ချက်ပြုလိုက်၏။ ထိုအခါ တစ်ချိန်လုံး ထိုင်နားထောင်နေသော စည်သူက . . .

"နိုး . . နိုး ဘယ်ဟုတ်လိမ့်မလဲ Pink ရဲ့။ ဗစ်တာတို့က အုပ်စုလိုက် ဓားတွေကိုင်ပြီး လာတာပါဆို။ ဓားတွေနဲ့ အသေတွယ်တာ။ သွေးတွေမှ ရွှဲနစ်နေတာပဲ။ မြင်မကောင်းဘူး"

"ဟွာ . . မိုက်တယ်ကွာ။ ပွဲကြီးပွဲကောင်း မကြည့်လိုက်ရတာ နာတာပဲ"

Dolly ကပါ မကျေမချမ်း ဝင်ပြောလိုက်သည်။

ဘယ်အချိန်ကတည်းက ကေရီတို့ တစ်ဖွဲ့လုံးကို စောင့်ကြည့်နေမှန်းမသိသည့် လပြည့်ကျော်နှင့် နတ်သမီးတို့က Terrace ဘက်မှ ပတ်ပြီး ကော်ဖီဘား Lake View ဘက်သို့ လျှောက်လာကြရင်း . .

"လာပါ နတ်သမီးရယ် . . ကိုယ်နဲ့အတူ လိုက်ခဲ့ပေးစမ်းပါ"

"သွားပါ။ ကျွန်မ ဒီကပဲ စောင့်နေမယ်။ မြန်မြန်သွား။ တော်ကြာ ကေရီတို့ ထထွက်သွားလို့ လွဲနေဦးမယ်"

ဟု နတ်သမီးကပြောရင်း လပြည့်ကျော်ကို အတင်းတွန်းလွှတ်လိုက်ရာ အရှိန်လွန်ပြီး လပြည့်ကျော်က ကေရီတို့ ဝိုင်းဘေးနားသို့ ရောက်လာ၏။

"ဟို . . ဟိုဟာ . . ဒီက"

လပြည့်ကျော်က ဘာစပြောရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်နေ၏။ အားကိုးရမလားဟု နောက်သို့ မသိမသာလှည့်ကြည့်လိုက်တော့ နတ်သမီးက မရှိတော့။ လပြည့်ကျော် အခက်တွေ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကေရီတို့ သူငယ်ချင်းများက လပြည့်ကျော်ကို မသင်္ကာသလို မော့ကြည့်လိုက်ကြသည်။

လပြည့်ကျော်က . . .

"ဟို . . ဟိုဒင်း . . ဒီမှာ ခဏထိုင်လို့ရမလားဟင်"

ဟု အားတင်းကာ ပြောလိုက်၏။ ကေရီက အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်ပြလိုက်၏။ ဌွန်နှင့် စည်သူကတော့ လူငယ်ယောက်ျားလေးပီပီ 'ဒီကောင် ဘာကြောင်တာလဲ' ဆိုသည့် အမူအရာဖြင့် အကဲခတ်နေသည်။

လပြည့်ကျော်က . . .

"ဒီက မကေရီကို ကျွန်တော် . . ဟို . . ပြောစရာ အဲ . . မဟုတ်ဘူး။ သတိပေးစရာတစ်ခုရှိလို့ပါ . . အဲဒါ"

"ရှင် . . ဘာကို ပြောချင်တာလဲ"

"မကေရီရဲ့ကားမှာ မကောင်းဆိုးဝါး ကပ်နေတယ်။ ဖြစ်နိုင်ရင် ကေရီ အဲ့ဒီကားကို မမောင်းပါတော့နဲ့လား"

လပြည့်ကျော်၏အပြောကြောင့် ကေရီတစ်ယောက် အံ့သြပြီး မျက်လုံးအပြူးသားဖြစ်သွား၏။ ထိုစဉ် . .

"ဟား . . ဟား . . ဟား . ."

စည်သူနှင့် ဌွန်တို့နှစ်ယောက်ဆီမှ ရယ်မောလိုက်သံကြောင့် ကေရီ အံ့သြနေရာမှ သတိပြန်ဝင်လာပြီး . .

"ရှင် ဘာတွေပြောနေတာလဲ . . ရှင်ပြောတာတွေ ကျွန်မ တစ်ခုမှနားမလည်ဘူး"

"ဟုတ်တယ် . . ကျွန်တော်ပြောတာကို ကေရီ နားလည်ချင်မှ



www.burmeseclassic.com

www.burmeseclassic.com



နားလည်လိမ့်မယ်။ ယုတ္တိမရှိလို ဖြစ်နေတယ်ဆိုတာကိုလည်း ကျွန်တော်သိပါတယ်။ ဒါပေမဲ့ သေချာတာက ကေရီကားပေါ်မှာ ကြောက်စရာကောင်းတဲ့ ပုံရိပ်တစ်ခု အုပ်မိုးနေတယ်။ အဲဒီပုံရိပ်က ဟို ဘယ်လိုပြောရမလဲ ‥ သေခြင်းတရားကို ကိုယ်စားပြုတဲ့ နိမိတ်ပုံပဲ။ ကေရီ ကားနဲ့သွားတိုင်းသွားတိုင်း ကျွန်တော် အဲဒီ နိမိတ်ပုံကို မြင်နေရတယ်။"

"ဂျွန်ရေ ‥ ငါတို့တော့ အထက်လမ်းက အကြားအမြင်ရ ပုဂ္ဂိုလ်နဲ့ လာတွေ့နေပြီကွ ‥ မင်းများ ပင့်ထားမိသေးလား"

စည်သူက ခပ်လှောင်လှောင်လေး ပြောလိုက်ရာ ဂျွန်က ‥

"ဟာ ‥ ဘယ်က ပင့်ရမှာလဲ။ အထက်လမ်းတော့ မသိဘူး။ ကမ်းနားလမ်းတော့ သိတယ်ကွ ဟား ‥ ဟား ‥ ဟား"

ဂျွန်က ထပ်ဖြည့်ပြီးဖွဲ့လိုက်ရာ Pink နှင့် Dolly တို့ပင် ပြုံးစိစိ ဖြစ်သွားကြ၏။ လပြည့်ကျော်က စည်သူတို့၏ စနောက်မှုများကြောင့် မျက်စိမျက်နှာပျက်ကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွား၏။ ကေရီက ‥

"ဒီမှာ ရှင့်ကိုလည်း ကျွန်မ မသိဘူး။ ရှင်ပြောတာတွေကို လည်း တစ်လုံးမှ စိတ်မဝင်စားဘူး။ ရှင် ဒိုးလိုက်တော့"

"မဟုတ်ဘူး ကေရီ၊ ကျွန်တော်ပြောတာက ‥"

"တော်ပြီ ‥ ရှင့်လုပ်ကြံဇာတ်လမ်းတွေ ဒီနေရာမှာတင်ရပ်"

Pink က အော်ပြောလိုက်၏။ လပြည့်ကျော်က ‥

"ဟာ ‥ ကျွန်တော် တမင်သက်သက် လုပ်ကြံဇာတ်လမ်း ဆင်ပြီး ပြောနေတာ တစ်ခုမှ မပါဘူး။ ခင်ဗျားတို့ အထင်



www.burmeseclassic.com

www.burmeseclassic.com



မလွှဲပါနဲ့ဗျာ။ အဲဒီ မရဏပုံရိပ်က ကေရီကားမှာ တကယ် ကပ်နေတာဗျာ ‥ ယုံပါဗျာ''

''ကောင်းပြီ ‥ ရှင်ထွက်မသွားဘူးဆိုရင်တော့ ကျွန်မတို့ပဲ ထွက်သွားလိုက်ပါ့မယ်။ လာ ‥ သူငယ်ချင်းတို့ ‥ ပြန်လစ် ကြမယ်''

ကေရီက ပိုက်ဆံအိတ်ထဲမှ ငါးထောင်တန် ၄ ရွက်ထုတ်ကာ စားပွဲပေါ်တင်လိုက်၏။ ထို့နောက် အားလုံးက ရယ်မောပြီး ထွက်သွား ကြတော့သည်။

လပြည့်ကျော်ကတော့ ...

''ကေရီ ‥ ကေရီ ကျွန်တော်ပြောတာကိုယုံပါဗျာ။ ဟို ‥ ဟို ကေရီ့ကားမှာ''

ဟု တကြော်ကြော်သတိပေးရင်း ကျန်ရစ်ခဲ့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းတစ်လျှောက်မှာတော့ လပြည့်ကျော်လည်း စိတ်တိုနေသဖြင့်နတ်သမီးနှင့်လည်း စကားမပြောဖြစ်ဘဲ ကားကို အင်းလျားကန်ပေါင်သို့ ဒုန်းစိုင်းမောင်းလာလိုက်သည်။ အင်းလျားကန်ပေါင်အရောက်တွင်တော့ ပြည်လမ်းဘက်သို့ မျက်နှာမူကာ ငူငူငိုင်ငိုင်ကြီး ထိုင်နေလေသည်။ ဘာမှလည်း မပြောဘဲ သက်ပြင်းများသာ ခဏခဏ ချနေတာကြောင့် နတ်သမီးက ..

"ရှင်ကလည်း ဘာလို့ သက်ပြင်းတွေ ခဏခဏချနေရတာလဲ။ သက်ပြင်းတစ်ခါချရင် တစ်မိနစ် အသက်တိုတယ်လို့ ပြောကြတာ မကြားဖူးဘူးလား"

"တစ်မိနစ်မဟုတ်ဘူး။ မြန်မြန်အသက်တိုသွားလည်း ကောင်းတာပဲ။ နို့မို့ဆို မမြင်ချင်တာတွေကို မြင်နေတွေ့နေရလို့ တော်တော်စိတ်ပျက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သူများမမြင်တာတွေကို ရှင်တစ်ယောက်တည်း မြင်နေရတာ ဘယ်လောက်ကံကောင်းတယ်မှတ်သလဲ"

နတ်သမီးအပြောကြောင့် လပြည့်ကျော်တစ်ယောက် ရှုံ့မဲ့ ရှုံ့မဲ့ ရှားရှားဖြစ်သွားပြီး ..

"ဘာ .. ကံကောင်းတာလဲ .. နတ်သမီး .. မင်း ကိုယ့်ကို ရွဲ့ပြောနေတာလား"

"ရွဲ့မပြောပါဘူး။ အကောင်းပြောနေတာ။ သူများရဲ့အန္တရာယ်ကို ကြိုပြီး သတိပေးနိုင်တာပေါ့ ဟုတ်ဘူးလား"

"ဘယ်မှာ သတိပေးနိုင်သေးလို့လဲ။ သွားပြောတော့လည်း ကိုယ့်ကို ပေါကြီးလို့ထင်ပြီး ဟားလွှတ်ကြတယ်။ ကိုယ်ပြောတာကိုလည်း မယုံကြဘူး။ အဲဒီတော့ လဲသာသေလိုက်ဖို့ ကောင်းတော့တယ်။ ဒါမှမဟုတ် အဲဒီလို မဟုတ်ကဟုတ်က အနိဋ္ဌာရုံတွေကို မြင်နေတဲ့ ဟောဒီမျက်လုံးတွေကိုပဲ ဖောက်ပစ်ရရင် ကောင်းမလားမသိဘူး။ ဟား .. စိတ်ညစ်တယ်"

တကယ့်ကို စိတ်ပါလက်ပါ ခံစားပြီးပြောနေသည့် လပြည့်ကျော်ကို နတ်သမီးက စိတ်မကောင်းစွာဖြင့် ငေးကြည့်နေမိသည်။

"စိတ်မညစ်ပါနဲ့ လပြည့်ရယ်။ ကျွန်မတို့ နည်းလမ်းရှာကြသေးတာပေါ့။ ဒါနဲ့ ရှင်က ဂေရီ့ကားဘေးမှာရှိနေတဲ့ မရဏပုံရိပ်ကြီးကို အမြဲမြင်နေရတာလားဟင်။ အဲဒါကြီးက ဂေရီ့ ကားသွားတိုင်း အမြဲကပ်ပါနေတာလား"

"တောက်လျှောက်ကြီး မြင်နေရတာတော့ မဟုတ်ဘူး။ သူ့ကားကို ကြည့်လိုက်ရင် တစ်ချက်တစ်ချက်မှ ပေါ်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



ဟို ‥ ဘယ်လိုပြောရမလဲ။ လျှပ်စီးလက်သလိုမျိုးပေါ့ ‥ ဖျတ်ခနဲပေါ်လိုက် ဖျတ်ခနဲ ပျောက်သွားလိုက်နဲ့"

"အင်း ‥ အဲဒီလိုကြီး ပါးစပ်ကနေ သွားပြောနေရုံနဲ့တော့ ရမှာမဟုတ်ဘူး။ အဲဒီတော့ ကျွန်မတို့ဘက်က နိုင်မာတဲ့ သက်သေတစ်ခုခု ပြနိုင်မှကို ဖြစ်မှာ။ ရှင် ဘယ်လိုသက်သေ ပြလို့ရမလဲ"

"ဘယ်လိုသက်သေပြရမှာလဲ။ ကိုယ်က ဟောဒီမျက်လုံးနဲ့ပဲ မြင်ရတာလေ။ ကိုယ့်အမြင်ကိုပဲ ပြောပြနိုင်မှာပေါ့"

"မဟုတ်ဘူးလေ ‥ ဥပမာ ဓာတ်ပုံရိုက်တာတို့ ဘာတို့ပေါ့။ ဓာတ်ပုံရိုက်ရင်ရော ပုံရိပ်ထင်နိုင်သလား"

နတ်သမီးအမေးကို လပြည့်ကျော် ခဏတွေဝေစဉ်းစားသွားပြီးမှ ‥

"အဲဒါတော့ ကိုယ်လည်း အတပ်မပြောနိုင်ဘူး။ စမ်းကြည့်ရမှာပဲ"

"ဟုတ်ပြီ။ နောက်တစ်ခါ ဂေဟရီကားဘေးမှာ အဲဒီပုံရိပ်ကြီး တွေ့ပြီဆိုတာနဲ့ ရှင်ဖုန်းနဲ့ ဓာတ်ပုံရိုက်ထားလိုက်။ ကံကောင်းလို့ ပုံရိပ်ထင်တယ်ဆိုရင် ရှင် ဂေဟရီကို သက်သေပြပြီး ပြောလို့ရပြီ။ ဘယ်လိုလဲ"

နတ်သမီး၏အကြံကို လပြည့်ကျော်က သဘောကျစွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်၏။ ထို့နောက် သူက တစ်စုံတစ်ခုကို အလေးအနက်တွေးတောဟန်ဖြင့် လမ်းမဘက်သို့ ငေးကြည့်နေမိ၏။ ထိုစဉ် ‥‥

www.burmeseclassic.com



"ဟာ . . ."

ပြည့်လမ်းပေါ်တွင် မောင်းသွားသော တိုရိုတာကားတစ်စီး၏ ဘေးတွင် မရဏနိမိတ်ပုံကို တွေ့လိုက်ရတာကြောင့်လပြည့်ကျော်က ထိုင်နေရာမှ ကပျာကယာမတ်တတ်ထရပ်ပြီး . .

"နတ်သမီး . . ဟိုကားမှာ . . ဟိုကားမှာ"

ဟု အော်ပြောလိုက်၏။

"ဟင် . . ဘာလဲ . . ဘာလဲ . . ဟိုဟာကြီးကို ရှင် မြင်ပြန်ပြီလား"

"ဟုတ်တယ် . . ဟုတ်တယ်။ လာ လာ နတ်သမီး။ ကိုယ်တို့ နောက်ကလိုက်ကြရအောင်"

ဟု အော်လည်းအော်ရင်း ပြည့်လမ်းမဘေး ကားရပ်ထား ရာဆီသို့ ကမန်းကတန်း ပြေးသွားကာ ကားကို တရကြမ်းမောင်း ထွက်လိုက်တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ‥ ဝူး"

လပြည့်ကျော်တို့ကားလေးက ပြည်လမ်းမပေါ်တွင် တရိပ်ရိပ် ပြေးနေ၏။ သူတို့ ရှေ့ခပ်လှမ်းလှမ်းတွင် စောစောက လပြည့်ကျော် မြင်လိုက်သော တိုရိုတာကားလည်း ကီလို ၆၀ နှုန်းလောက်ဖြင့် မောင်းနေ၏။

"ဒုက္ခပဲ ‥ မီတောင် မီပါ့မလား မသိဘူး။"

"မီပါတယ် ‥ ကားကိုလည်း သတိထားပြီး မောင်းပါဦး လပြည့်ရယ် ‥"

လပြည့်ကျော်ကတော့ စိုးရိမ်စိတ်ဖြင့် ဘာကိုမှ သိပ်သတိ မထားမိဘဲ ရှေ့တွင်ပိတ်နေသည့် ကားများကိုသာ ကျော်တက်ရင်း ခပ်ကြမ်းကြမ်းမောင်းနှင်နေလေ၏။ တစ်နေရာအရောက်တွင် ရှေ့မှ ပိတ်မောင်းနေသော ဒိုင်နာကားကြီးတစ်စီးကို ကျော်တက်စဉ် တစ်ဖက် ကြောမှ ကားနှင့် တိုက်မိမလို ဖြစ်သွား၏။

"ကျွိ ‥"

"တီ ‥ တီ ‥ တီ"



www.burmeseclassic.com

www.burmeseclassic.com



ဘရိတ်ဖြဲသံနှင့် ကားဟွန်းသံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်သွား၏။ နတ်သမီးက ...

''လပြည့် .. ရှင့်စိတ်တွေ သိပ်လှုပ်ရှားနေပြီနော်။ ဟိုကားက အန္တရာယ်မဖြစ်ခင် ရှင်အရင်ဖြစ်နေဦးမယ်။ ကားကို သတိထားပြီး ဖြည်းဖြည်းပဲ မောင်းပါ''

''အင်းပါ .. အင်းပါ''

နတ်သမီး တကယ်စိတ်ပူနေမှန်း လပြည့်ကျော် ရိပ်မိတာကြောင့် ကားကို အရှိန်လျှော့လိုက်ရသည်။ မလျှော့၍လည်း မဖြစ်။ ရှုံးဆင်းချိန်မို့ ကားတွေက ကျပ်သည့်ထက် ကျပ်လာ၏။ ထိုသို့ဖြင့် ကားများလူများကြားမှာပင် စောစောက တိုရိုတာကားလေးကိုတော့ သူတို့ မမြင်ရတော့။

''ဟိုကား .. မတွေ့တော့ဘူး နတ်သမီးရေ .. ဒုက္ခပါပဲ''

''ဆက်သာမောင်းပါ။ ဒီလမ်းပေါ်သွားတာပဲဟာ .. တစ်နေရာရာမှာတော့ တွေ့မှာပါ''

နတ်သမီးပြောသည့်အတိုင်း တစ်နေရာတွင် ..

''ဒုန်း ..''

''အား ..''

''ဟာ ..''

'တိုရိုတာကားနှင့် လမ်းကွေ့အချိုးမှ ဝင်လာသော ၁၀ ဘီး ကားတို့ တိုက်မိသွားတာ'ဟု ပြောနေကြသော စကားသံတစ်ယောက်တစ်ပေါက်ကို လူအုပ်ကြားထဲမှ ကြားလိုက်ရသည်။

နတ်သမီးနှင့် လပြည့်ကျော်တို့ ရောက်သွားသည့်အချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရိုက်တာကားပေါ်မှ လူက ကားဘေးတံခါးပွင့်ပြီး တွဲလောင်းကျနေ၏။ ခေါင်းမှသွေးများက မြေကြီးပေါ်သို့ တပေါက်ပေါက်ကျနေပုံမှာ ထိတ်လန့်စဖွယ်ပင်။

"ဟာ .."

"အို ..."

နတ်သမီးက ကိုယ့်ပါးစပ်ကိုကိုယ် လက်ဖဝါးဖြင့်ပိတ်ကာ အလန့်တကြားရေရွတ်ရင်း လပြည့်ကျော်ကို ကြည့်လိုက်တော့ လပြည့်ကျော်၏ မျက်နှာက အထိတ်ထိတ်အလန့်လန့်ဖြင့် စက္ကူဖြူတစ်ရွက်လို ဖြူစုတ်နေ၏။

ချက်ချင်းဆိုသလိုပင် တာဝန်ကျယာဉ်ထိန်းရဲ အရာရှိများ ရောက်လာကြသည်။ မှုခင်းဓာတ်ပုံဆရာက အလောင်းကို တဖျတ်ဖျတ် ဓာတ်ပုံရိုက်နေတာမို့ တလက်လက်အလင်းရောင်အောက်တွင် ကျိုးကြေနေပြီဖြစ်သော ရှေ့လေကာမှန်အပိုင်းအစများနှင့် ကားဒတ်ရှ်ဘုတ်ပေါ် အလှတင်အရုပ်လေးများက အခင်းဖြစ်ပွားရာတစ်ဝိုက်တွင် ပွကြဲနေ၏။

မကြာခင်မှာပင် လူနာတင်ရောက်လာပြီး ပုံပျက်ပန်းပျက်ဖြစ်နေသော အလောင်းကို အဝတ်ဖြူလွှမ်းကာ သယ်သွားကြ၏။

'ကံကြမ္မာကို ဘယ်သူကမှ ဖန်တီးပြုပြင်လို့ မရတော့ဘူးလား' ဟု တွေးရင်း လပြည့်ကျော်တစ်ယောက် ခေါင်းငိုက်စိုက်ကျသွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၅)

“အင်း ‥ ကားတွေအားလုံးကတော့ တကယ့်အမိုက်စား တွေပဲနော်”

နတ်သမီးက ကွန်ပျူတာ screen ပေါ်တွင် ပေါ်လာသည့် ကားအမျိုးမျိုး၏ ပုံစံများကို ကြည့်ရင်း ပြောလိုက်၏။

“ဟုတ်တယ်။ ဒီကားတွေအားလုံးက ဂျပန်ကသွင်းလာတဲ့ ကားတွေပဲလေ။ Europe က ဝယ်သွင်းတဲ့ ကားတွေလည်း ရှိတော့ရှိတယ်။ နည်းတယ်။ အများစုကတော့ ဂျပန်ကားတွေ ပဲ။ အဲဒါကြောင့် ကိုယ်စဉ်းစားမိတာတစ်ခုရှိတယ်”

“ဘာကိုလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com





လပြည့်ကျော်က နုတ်သမီး၏အမေးကို မဖြေသေးဘဲ တစ်စုံတစ်ခုကို အလေးအနက်တွေးတောနေဟန်ဖြင့် ပြတင်းပေါက်တံခါးနားဆီသို့ လျှောက်သွားလိုက်ပြီးမှ ..

"ဒီလိုလေ။ ကိုယ်တို့ မြန်မာပြည်ထဲကို သွင်းလာတဲ့ ကားမော်ဒယ်လ်တွေကလည်း အသက်စက်စက် brand new တွေမှ မဟုတ်တာ။ အနည်းဆုံး ၃၊ ၄၊ ၅ နှစ်လောက်တော့ ဂျပန်မှာ စီးပြီးသားတွေမဲ့ မဟုတ်လား"

"အဲဒီတော့ .."

"ဂျပန်မှာ ဒီကားကို စီးခဲ့တဲ့ မူလပိုင်ရှင်က ဥပမာပေါ့။ ကားတိုက်ပြီးသေသွားလို့ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် တခြားအကြောင်းတစ်ခုခုနဲ့ သေသွားပြီးတော့မှ သူ့ကားကို စွဲလမ်းပြီး မကျွတ်မလွတ်နိုင်ဘဲ ဖြစ်နေသလားဆိုတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ‥ ဒါဆိုရင် ကားတွေမှာကပ်နေတာက ဂျပန်သရဲပေါ့ ဟုတ်လား"

နတ်သမီး၏အပြောကြောင့် လပြည့်ကျော်က ထောင်းခနဲ စိတ်တိုသွားပြီး ‥

"နတ်သမီး ‥ ကိုယ်အတည်ပြောနေတာ။ ဒါ နောက်စရာ မဟုတ်ဘူး"

နတ်သမီးက ‥

"ဟုတ်တယ်လေ ‥ ကျွန်မလည်း နောက်ပြောတာမှ မဟုတ်တာ။ ဂျပန်သရဲလည်း ဖြစ်နိုင်တာပဲ။ တချို့ကုမ္ပဏီတွေဆို ဂျပန်မှာ အက်ဆီးဒင့်ဖြစ်ထားတဲ့ ကားတွေကို တင်သွင်းလာလို့ အခု ပြဿနာတွေ တက်နေကြတာတောင် ရှိသေး"

နတ်သမီး၏ ကျိုးကြောင်းဆီလျော်သော စကားကြောင့် လပြည့်ကျော်က သက်ပြင်းတစ်ချက်ရှိုက်ပြီး ကွန်ပျူတာရှေ့ ပြန်ထိုင်လိုက်ပြီး ‥

"သရဲရယ်လို့လည်း မဟုတ်ပါဘူး။ ကိုယ်မြင်ရတဲ့ ပုံရိပ်တွေက ဝိညာဉ်တို့၊ တစ္ဆေသရဲတို့လို ပုံစံမျိုးတွေလည်း မဟုတ်ဘူး။ ဟို ‥ ဘယ်လိုပြောရမလဲ။ မကောင်းတဲ့အငွေ့အသက် တစ်ခုခုကိုတော့ ခံစားရတယ်။ ပြီးတော့ အန္တရာယ်တစ်ခုခု ဖြစ်တော့မှာကိုလည်း ကြိုသိနေတယ်"

နတ်သမီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး တစ်စုံတစ်ရာကို တွေးနေဟန်ဖြင့် ငြိမ်သက်သွား၏။ လပြည့်ကျော်က ကွန်ပျူတာထိုင်ခုံ နောက်ကို မှီချလိုက်ရင်း ‥



www.burmeseclassic.com

www.burmeseclassic.com



"ဟူး ‥ စိတ်မောရပါတယ်ကွာ။ ကိုယ်လည်း ဘယ်ဘဝ ဝဋ်ကြွေးတွေကြောင့် အခုလို မမြင်သင့် မမြင်အပ်တာတွေ မြင်ပြီး စိတ်ဒုက္ခရောက်နေရသလဲ မပြောတတ်တော့ပါဘူး"

လပြည့်ကျော်၏ ညည်းညည်းညူညူအပြောကြောင့် နတ်သမီးက စိတ်မကောင်းဖြစ်သွားပြီး ‥

"လပြည့်ရယ် ‥ ရှင်ကလည်း ဒီလောက် စိတ်ပျက်မသွားပါနဲ့ဦး။ ပြဿနာတိုင်းမှာ အဖြေတစ်ခုတော့ရှိမှာပါ။ လောကကြီးမှာ မဖြေရှင်းနိုင်တဲ့ ပြဿနာရယ်လို့ မရှိပါဘူး။ အမှန်တရားက ရှင့်ဘက်မှာရှိနေတာပဲ"

"ဟင်း ‥ မသိတော့ပါဘူးကွာ။ ကိုယ်ကပဲ ရှူးနေပြီထင်ပါရဲ့။ ထားလိုက်ပါလေ။ ဩော် ‥ နတ်သမီးကို စရောက်ကတည်းက စကားတွေချည်းပဲ ပြောနေတာ။ ကော်ဖီတောင် မတိုက်ရသေးဘူး။ တပည့်တွေကလည်း ဘာမှကို လာမပို့ဘူး။ ညီ့သည် လာတာမြင်တာနဲ့ တစ်ခုခုလာပို့လို့ ဒီလောက် သေချာပြော ထားရဲ့နဲ့။ ခဏလေး ‥ အောက်ဆင်းပြီး သွားပြော ‥"

လပြည့်ကျော်၏စကား မဆုံးခင်မှာပင် နတ်သမီးက ပျာပျာ သလဲဖြင့် ‥

"နေ ‥ နေပစေ ‥ ရတယ် လပြည့်။ ကျွန်မ ဘာမှမသောက် ချင်ပါဘူး"

"ဟာ ‥ မဟုတ်တာ။ ခဏလေးပါ။ ကော်ဖီ မသောက်ရင် တောင် အသီးတစ်ခုခုတော့စား။ ကိုယ်မနက်က ဝယ်ထားတဲ့ ယိုးဒယား စပျစ်သီးတွေရှိတယ်"

www.burmeseclassic.com



ဟု ပြောလည်းပြောရင်း လပြည့်ကျော်က လေ့ကားမှ ဆင်းမည်ပြုရာ နတ်သမီးက ..

"လပြည့် .. သွားမယူနဲ့။ ကျွန်မ တကယ် ဘာကိုမှ မစားချင်ဘူး"

အနည်းငယ် မာဆတ်ဆတ်ဖြစ်သွားသော နတ်သမီး၏ လေသံကြောင့် လပြည့်ကျော်တစ်ယောက် နားမလည်နိုင်ဖြစ်သွား၏။ နတ်သမီးက ဆက်ပြီး ..

"ကားပြဿနာက ပိုပြီး အရေးကြီးနေတယ်လေ လပြည့်ရယ်။ ပြန်ထိုင်ပါဦး"

လပြည့်ကျော်လည်း ဘာမှဆက်မပြောတော့ဘဲ ထိုင်ခုံပေါ် ပြန်ထိုင်လိုက်သည်။

"အင်းပါ။ တခြားကားတွေ ထားပါဦး။ အခု လောလောဆယ် အရေးအကြီးဆုံးက ဧကရီကားကိစ္စပဲ နတ်သမီးရဲ့။ ကိုယ့်ကို အကြံပေးပါဦး။ ကိုယ် ဘယ်လိုလုပ်ရမလဲဟင်"

"ဟုတ်တယ်။ ဧကရီ့အသက်ကိုတော့ ဘယ်နည်းနဲ့မဆို ကယ်လို့ရမှဖြစ်မယ်"

"ဒါပေမဲ့ ကိုယ်ပြောတာကို သူတို့က မယုံကြဘူးလေ"

နတ်သမီးက စဉ်းစားသလို ခဏငြိမ်သွား၏။ ပြီးမှ ..

"ကျွန်မ ဟိုတစ်နေ့က ပြောသလိုပဲ ဧကရီ့ကို သက်သေပြဖို့အတွက် ရှင်မြင်မြင်နေရတဲ့ မရဏပုံရိပ်ကို ဓာတ်ပုံရိုက်နိုင်အောင် အမြန်ဆုံးကြိုးစားမှ ဖြစ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က ခေါင်းတခေတ်ခေတ်ညိတ်ကာ ထောက်ခံလိုက်၏။

နောက်နေ့မှစပြီး လပြည့်ကျော်နှင့် နတ်သမီးတို့က ဇောရီ သွားရာနောက်သို့ နေ့ရောညပါ တကောက်ကောက်လိုက်တော့သည်။ မီလိုက်သည်လည်းရှိ၊ လွတ်သွားသည်လည်းရှိနှင့် ဇောရီ့ကားတွင် ကပ်ငြိနေသော မရဏာပုံရိပ်ကို ဓာတ်ပုံရိုက်ယူဖို့ ကြိုးစားတော့သည်။

ဇောရီကတော့ ဘာမှမသိ။ သူငယ်ချင်းဖြစ်သူ Pink၊ Dolly တို့နှင့်အတူ ရယ်ကာမောကာ ကားမောင်းသွားနေ၏။ ရွေ့လျားနေသော ကားတွင်တစ်ချက်တစ်ချက်မှ ထင်လာသော မရဏာပုံရိပ်ကို ကားမောင်း ရင်း ဓာတ်ပုံရိုက်နေရသည်မို့ လပြည့်ကျော် လုံးဝအဆင်မပြေ။ ထို့ကြောင့် သူက ..

"နတ်သမီး ကားမောင်းတတ်တယ် မဟုတ်လား။ ခဏမောင်း ပေးပါလား။ ကိုယ်က ကားမောင်းရင်း ဓာတ်ပုံရိုက်ရတာ အဆင်မပြေလို့"

"ဟင့်အင်း .. ဟင့်အင်း .. ကျွန်မ မမောင်းချင်ဘူး။ ကား မောင်းရမှာ ကြောက်တယ်"

အကြောက်အကန်ငြင်းနေသော နတ်သမီး၏အပြောကြောင့် လပြည့်ကျော် အံ့ဩသွား၏။ သို့သော် 'သူ တကယ်မမောင်းရဲလို့ ဖြစ်မှာလေ'ဟု တွေးမိလိုက်သည်။

ရှေ့ကိုကြည့်လိုက်တော့ ကမ္ဘာ့အေးဘုရားလမ်းတစ်ခုလုံး ကားများဖြင့် ကျပ်ပိတ်နေ။ ဒီကြား ညာအစွန်ကျော့မှ ခရီးသည်တင် ဘတ်စ်ကားများက ကားသေးမောင်းသည့် ယာဉ်ကြောသို့ ဖြတ်တိုးဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်က ရှိတာကြောင့် နတ်သမီး လန့်မယ်ဆိုလည်း လန့်စရာပင်။

"ဟင်း ‥ အဲဒါဆိုရင် ထားလိုက်ကွာ။ ဒီအတိုင်းသာ ကား မောင်းရင်း ဓာတ်ပုံရိုက်နေလို့တော့ သူ့ ဘာမှမဖြစ်ခင် ကိုယ် အရင် ကြွသွားဦးမယ်။ အဲဒီတော့ သူ့ကားနောက်က လိုက် သွားပြီး ကားရပ်တော့မှ ဓာတ်ပုံရိုက်ယူရတော့မှာပဲ"

ဟု လပြည့်ကျော်က ပြောရင်း ရှေ့မှ ပုံမှန်မောင်းနေသော ကေရီ၏ ကားကိုသာ မျက်ခြည်မပျက်စောင့်ကြည့်ရင်း နောက်မှ လိုက် လာခဲ့တော့၏။ တစ်ချက်တစ်ချက် ထင်ထင်ရှားရှား ပေါ်လာသော မရဏ ခွေးနက်ပုံရိပ်ကြီးကတော့ ကြက်သီးထစရာပင်။

အခုပင် ကေရီ့ကားကို အန္တရာယ်ပေးပြီး မရဏတိုင်းပြည်သို့ ခေါ်သွားတော့မလားတောင် ထင်ရသည့် ထိုပုံရိပ်က အော်ဂလီဆန်ချင် လောက်အောင် မနှစ်မြို့စရာကြီးပင်။ မြင်နေရသည့် လပြည့်ကျော်ခမျာ ခြေကုန်လက်ပန်းပင် ကျချင်လာသည်။

'ကေရီ့ကား မြန်မြန်ရပ်ပါတော့'ဟု စိတ်ထဲ ကျိတ်ဆုတောင်း မိသည်က ဘယ်နှကြိမ်မှန်းမသိတော့။ ဆုတောင်းပြည့်သည်ဟု ပြောရ မလားမသိ။ ကေရီ့ကားက မီးပွိုင့်မိပြီး ရပ်သွားသည်။ ရှေ့ကို လှမ်း ကြည့်လိုက်တော့ ရှေ့တွင် ပိတ်နေသည့် ကားတန်းက မနည်း။ ဒီအချိန် ဓာတ်ပုံရိုက်မယ်ဆိုရင် အဆင်ပြေနိုင်တယ်ဟု တွေးကာ ကားပြတင်းမှ ခေါင်းထုတ်ပြီး ဖုန်းကင်မရာကို ချိန်ထားလိုက်၏။

ကေရီ ကံဆိုးသည်လား၊ လပြည့်ကျော်ပဲ ကံဆိုးသည်လား တော့ မပြောတတ်။ သူရိုက်ယူတော့မည်ဆိုမှ ကားတွင် ပုံရိပ်က မတော့ တော့။



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . အခုကျတော့ အကုသိုလ်ကောင်ကို မတွေ့တော့ဘူး"

လပြည့်ကျော်က စိတ်ဆိုးမာန်ဆိုး တစ်ချက်ညည်းညူရင်း ကင်မရာကို တဖျတ်ဖျတ်နှင့် ခလုတ်ကို ဆက်တိုက်နှိပ်တော့၏။ လပြည့်ကျော်က သူ့အာရုံနှင့်သူ အရှေ့သို့သာ မဲနေသဖြင့် သူ့ကိုသေးမှ အကဲခတ်စောင့်ကြည့်နေသော ဦးထွန်းခေါင်၏တပည့် လှထွန်းနှင့် မောင်သန်းတို့ကိုတော့ လုံးလုံးသတိမထားမိ။ လှထွန်းနှင့် မောင်သန်းတို့၏ စိတ်ထဲတွင်ကား 'ဒီကောင် . . . ကေရီ့ကားကို ဓာတ်ပုံ လိုက်ရိုက်နေတာပဲ'ဟု တွေးပြီး သူတို့သူဌေးဆီ ချက်ချင်းဖုန်းခေါ်ပြီး အစီရင်ခံဖို့ ရေးမှတ်တော့သည်။

ထိုစဉ် မီးပွိုင့်စိမ်းသွားတာကြောင့် ကားများ စတင်ထွက်ခွာကြတော့၏။ ကားတန်းရှည်သည်မို့ လပြည့်ကျော်က မီးပွိုင့်မီမှ မီပါ့မလားဟု စိတ်ပူနေစဉ် ထင်သည့်အတိုင်း ကေရီ့ကားက မီးဝါဖြတ်ကာ ညာဘက်လမ်းသွယ်ထဲသို့ ချိုးဝင်သွားတော့သည်။ လပြည့်ကျော်၏ ကားလေးက မီးနီမိကာ ကျန်နေခဲ့တော့လေသည်။

"တောက် . . . သွားပြန်ပြီကွာ . . နောက်တစ်ခါ . . ဟူး"

လပြည့်ကျော်က စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။ နတ်သမီးကတော့ ကြိုဖန်လွဲချော်နေသော အဖြစ်များကြောင့် လပြည့်ကျော်ကို နှစ်သိမ့်ဖို့စကားလုံး ရှာမရဖြစ်နေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သံလွင်ကုမ္ပဏီပိုင်ရှင် ဦးသံလွင်ထွဋ်ခေါင်၏ ရုံးခန်းရှေ့က မလှမ်းမကမ်းစားပွဲတွင် သူ့အတွင်းရေးမှူး ဉမ္မာက ကွန်ပျူတာကို တခေါက်ခေါက်နှိပ်ရင်း အလုပ်ရှုပ်နေလေ၏။ ထိုစဉ် လှထွဋ်နှင့် မောင်သန်းတို့နှစ်ယောက်သား အူယားဖားရား ရောက်လာကြပြီး ..

"ဉမ္မာ .. အထဲမှာ ဆရာရှိလား"

ဟု အလျင်စလို မေးလိုက်သည်။

"အင်း .. ရှိတယ်လေ"

"အေး .. ရှိရင် ငါတို့ရောက်နေတဲ့အကြောင်း သွားပြီးသတင်း ပို့ပေးစမ်းပါဟာ .. အရေးကြီးလို့"



www.burmeseclassic.com

www.burmeseclassic.com



လှထွဋ်ရှုကအရေးတကြီးလေသံဖြင့် ပြောလိုက်တာကြောင့် ဥမ္မာက ထိုင်နေရာမှ 'ခဏလေး'ဟု ပြောပြီး ဆရာဖြစ်သူ ဦးသံလွင်ထွဋ်ရှုခေါင်၏ ရုံးခန်းတံခါးကို ဟကာ အထဲသို့ အသာလေး ချောင်းကြည့်လိုက်သည်။ တွေ့လိုက်ရသည်က ဦးသံလွင်ထွဋ်ရှုခေါင် တစ်ယောက် သူ့စားပွဲပေါ်တွင် အမြဲထောင်ထားသည့် ဓာတ်ပုံလေးကို စိုက်ကြည့်ရင်း တစ်စုံတစ်ခုကို အလေးအနက်တွေးနေပုံရသည့်မြင်ကွင်းကြောင့် ဥမ္မာက ဆက်တိုးဝင်မသွားရဲဘဲ တံခါးကို ပြန်စေ့ကာ . .

"ဆရာ ဘာတွေတွေးနေလဲမသိဘူး။ ကျွန်မ ဝင်မပြောရဲဘူး"

"ကဲ . . ကဲ . . ဒါဆိုလည်း နေတော့ဟာ။ ငါတို့ဘာသာဝင်တွေ့လိုက်မယ်။ ဆရာက လောကကြီးမှာ သူ့သမီးလောက်ဘာကိုမှ အရေးကြီးမှာ မဟုတ်ဘူး"

လှထွဋ်ရှုက ပြောလည်းပြောရင်း ဆိုးဆိုးဆတ်ဆတ်နှင့် ဆရာဖြစ်သူ၏ ရုံးခန်းတံခါးရှေ့သို့ သွားကာ တံခါးကို အသာအယာ ခေါက်လိုက်၏။

"ဒေါက် . . ဒေါက် . . ဒေါက် . . "

အပြင်မှ တံခါးခေါက်သံကြောင့် ဦးသံလွင်ထွဋ်ရှုခေါင်က သူကြည့်လက်စ ဓာတ်ပုံလေးကို စားပွဲပေါ်မှောက်လိုက်ရင်း CCTV



www.burmeseclassic.com

www.burmeseclassic.com



ကင်မရာကို ကြည့်လိုက်ရာ လှထွဋ်နှင့် မောင်သန်းကို တွေ့သဖြင့် ..

"ဝင်ခဲ့လေ .."

ဟု ပြောလိုက်သည်။ အထဲရောက်လာကြတော့ ..

"အေ .. ဘာထူးလို့လဲ"

"ဒီလိုပါ ဆရာ။ မနေ့က ကျွန်တော်တို့နှစ်ယောက် ဧကရီလေး နောက်ကို လိုက်သွားတယ်။ အဲ .. လမ်းမှာ လူတစ်ယောက် မောင်းတဲ့ကားက ဧကရီလေး ကားနောက် တကောက်ကောက်လိုက်နေတာကို ကျွန်တော်တို့ သတိထားလိုက်မိတယ် ဆရာ"

"အဲဒီကောင် ဘယ်သူလဲ။ ငါ့သမီးနောက်ကို လိုက်ပြီး ဘာလုပ်တာလဲ"

"အဲဒီကောင်က ဧကရီလေးကားနောက်ကိုလိုက်ပြီး သူ့ဖုန်းနဲ့ ဓာတ်ပုံတွေ တစ်ချိန်လုံးလိုက်ရိုက်နေတာ တွေ့တယ်ဆရာ"

"ဘာ ! ... ငါ့သမီးကို ဓာတ်ပုံလိုက်ရိုက်တယ် ဟုတ်လား။ ဟ .. ဒီကောင် ဘာကောင်လဲ"

ဦးသံလွင်ထွဋ်ခေါင်၏ စိုးရိမ်စိတ်က ငယ်ထိပ်တက်ခေါင့်သွားဧ၏။

"ဘုရား .. ဘုရား .. ဒီကောင် ဘာကောင်လဲ။ ဓာတ်ပုံရိုက်ယူနေတယ်ဆိုတော့ သူ့ရည်ရွယ်ချက်က အင်း .. တော်ကြာ ငါ့သမီးဓာတ်ပုံကို ဖိုတိုရှော့နဲ့ မတော်တရော်ပုံဖြစ်အောင်လုပ်ပြီး အင်တာနက်ပေါ်တင်လိုက်ရင် သွားပြီ။ ငါ့သမီးကို အရှက်ခွဲချင်တာလား။ ငါ့ကို ငွေညှစ်ချင်လို့ အကွက်ဆင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးသံလွင်ထွဋ်ခေါင်က တွေးရင်းတွေးရင်း သူ့ရင်ထဲကို မီးစနှင့် အထိုးခံရသလို ပူလောင်လာ၏။

"ဒီမှာဟော့ကောင်တွေ ⁚⁚ မင်းတို့ကို ငါ သေသေချာချာ မှာထားမယ်။ ငါ့သမီးကို မျက်ခြည်မပြတ်စောင့်ကြည့်နေ။ ငါ့သမီး ဘယ်သွားသွား နောက်က မသိမသာလိုက်။ အဲဒီကောင် ငါ့သမီးကို ဓာတ်ပုံခိုးရိုက်နေတာတွေ့ရင် လက်ပူးလက်ကြပ်အမိဖမ်းပြီး ငါ့ဆီ မရောက်ရောက်အောင်ခေါ်လာခဲ့ ⁚⁚ ကြားလား"

"ဟုတ်ကဲ့ ⁚⁚ ဆရာ"

■



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဦးသံလွင်ထွဋ်ခေါင်က သူ့တပည့်တွေကို ကေရီအား မျက်ခြည်မပြတ်စောင့်ကြည့်ဖို့ အမိန့်ပေးလိုက်သလို လပြည့်ကျော်နှင့် နတ်သမီးကလည်း ဘယ်သူကမှ အမိန့်မပေးပါဘဲ ကေရီ့ကားနောက် တကောက်ကောက်လျှောက်လိုက်နေတော့၏။

ကန်တော်ကြီးစောင်းအရောက်တွင် ကေရီတို့ကားက Chatrium ဟိုတယ်ထဲသို့ ကွေ့ဝင်ဖို့ မီးအချက်ပြလိုက်၏။

"ဟော . . ကေရီတို့ကားက ဟိုတယ်ထဲဝင်တော့မယ်။ ကိုယ်တို့ လိုက်ဝင်လို့ဖြစ်ပါ့မလား"

လပြည့်ကျော်က စိုးရိမ်သလိုပြောလိုက်၏။ နတ်သမီးက . .

"ဟာ . . ဘာလို့မဖြစ်ရမှာလဲ။ ဝင် . . ဝင် လိုက်ဝင်။ အဲဒီမှာ သူတို့ ရေသွားကူးနေကျ"

"ဟုတ်ရဲ့လား။ ဟိုတယ်ထဲဆိုတော့ လုံခြုံရေးတွေဘာတွေ ရှိနေရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ‥ ရှင်ကလည်း စကားရှည်လိုက်တာ။ ဝင်မှာဖြင့် ဝင်လိုက်စမ်းပါ။ တစ်နေ့တစ်နေ့ ကေရီကို တွေ့ဖို့က လွယ်တာ မှတ်လို့။ ရတဲ့အခွင့်အရေးကို လက်လွှတ်ခံလို့မဖြစ်ဘူး"

နတ်သမီး၏ တွန်းတွန်းတိုက်တိုက်အပြောကြောင့် လပြည့်ကျော်လည်း ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ အချက်ပြမီးကို ပြပြီး ဟိုတယ်ထဲသို့ ကွေ့ဝင်သွားလိုက်သည်။ ရှေ့ကရောက်နှင့်နေပြီဖြစ်သော ကေရီက ကားဖါကင်တွင် ကားရပ်ကာ ဆင်းလာကြရင်း ကေရီ က ‥

"ပင်ကီရေ ‥ ဒီနေ့တော့ သိပ်အကြာကြီးကူးလို့ မဖြစ်ဘူး နော်။ ငါ ညက Aircon မလျှော့တဲ့ အိပ်မိတာ နှာစေးချင်သလို ဖြစ်နေလို့"

"ဟော ‥ မယ်မင်းကြီးမကတော့ လုပ်ပြီ။ ပြီးရောဟာ။ တစ်နာရီတော့ ကူးမယ်"

ကေရီတို့က ပြောပြောဆိုဆိုနှင့် ရေကူးဖို့ ပြင်ဆင်ဝတ်စားပြီး ရေကူးကန်ထဲသို့ ဆင်းသွားကြတော့သည်။ လပြည့်ကျော်တို့ကား ရောက်သောအခါ မလှမ်းမကမ်း ကားပါကင်တွင် ကေရီ့ကား ရပ်ထားသည်ကို တွေ့လိုက်ရသည်။ တစ်ပြိုင်နက်တည်း မရဏာနိမိတ်ပုံ ခွေးနက်ကြီးကိုပါ ဖျတ်ခနဲ မြင်လိုက်ရာ ကားပေါ်မှလှမ်းပြီး ဓာတ်ပုံရိုက်လိုက်၏။ သို့သော် ဖုန်း Screen ပေါ်တွင်ကား ဘာပုံရိပ်မှ ထင်မလာ။

နတ်သမီးက ‥

"ကားပေါ်မှာလှမ်းရိုက်လို့ ဘယ်ထင်မှာလဲ။ အဝေးကြီးဥစ္စာ။ ကားပေါ်ကဆင်းပြီး သေချာ အနီးကပ်သွားရိုက်ပါဦးလား လပြည့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး။ တော်ကြာ . . ကားပါကင်စောင့်တဲ့သူ ရောက်လာပြီး စစ်လားဆေးလား လုပ်နေမှာစိုးလို့ကွ။ ပြီးရော . . ကိုယ်သွားဆင်းရိုက်လိုက်မယ်"

ထိုအချိန်မှာပင် လှထွဋ်နှင့် မောင်သန်းတို့ကားက ဟိုတယ်ဝင်းထဲ ဝင်လာ၏။ လပြည့်ကျော် လုပ်နေပုံကို မြင်သောအခါ တစ်ယောက်နှင့် တစ်ယောက် လက်တို့ပြီး ဘာမှမပြောဘဲ သေချာအောင် စောင့်ကြည့်နေသည်။

လပြည့်ကျော်က ကေရီကားဘေးပတ်ပတ်လည်ကို ဓာတ်ပုံရိုက်နေ၏။

"ဖျပ် . . ဖျပ် . . ဖျပ်"

ရိုက်သမျှပုံတိုင်းတွင် ထူးထူးခြားခြား ဘာမှမတွေ့ရသေး။ သို့သော် နောက်ဆုံးတစ်ပုံရိုက်လိုက်မိချိန်မှာတော့ ထို မကောင်းဆိုးဝါး မရဏနိမိတ်ပုံကို ဖျတ်ခနဲ မိသွား၏။ ပို့ပြီးသေချာအောင် Photo Album ထဲ ဝင်ကြည့်လိုက်ချိန်တွင်တော့ ကေရီကားဘော်ဒီပေါ်တွင် ခွေနက်မရဏပုံကြီးကို ရှင်းလင်းပြတ်သားစွာ မြင်လိုက်ရပါတော့သည်။

လပြည့်ကျော် ရုတ်တရက်အံ့သြဝမ်းသာသွားပြီး 'ဟား . . ရပြီကွ . . ရပြီ'ဟု တစ်ကိုယ်တည်း အော်ဟစ်ကြုံးဝါးလိုက်၏။ ဒီဓာတ်ပုံနဲ့သာဆို ကေရီ ဘယ်လိုမှ ငြင်းလို့မရအောင် သူ့ဘက်က သက်သေခိုင်မာသွားပြီးကိုး။

လပြည့်ကျော်က ကားရပ်ထားရာဆီသို့ လှမ်းကြည့်ရင်း . .

ဟု ဝမ်းသာလုံးဆို့ အော်ဟစ်သွားရင်း ရေကူးကန်ဆီသို့ ဒုန်းစိုင်းပြေးတော့၏။ လပြည့်ကျော်၏ အပြုအမူကြောင့် လှထွဋ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းတို့ ကားကိုတစ်လှည့် လပြည့်ကျော်ကို တစ်လှည့်ကြည့်ကာ ခဏကြောင်သွားပြီးမှ သတိဝင်ပြီး လပြည့်ကျော်၏နောက်သို့ ပြေးလိုက်တော့သည်။

လပြည့်ကျော်ကတော့ သူ့တွင် သက်သေပြစရာရှိပြီမို့ မိန်းကလေးရေကူးကန်သော ဘာသော သတိမထားမိတော့ဘဲ ကေရီ ရှိရာသို့သာ တရကြမ်းပြေးတော့၏။ မိန်းကလေးများ ရေကူးသည့်ကန်သို့ ယောက်ျားတစ်ယောက် ပြေးဝင်လာသည်ကို မြင်တာနှင့် လုံခြုံရေးများက တားရာ လပြည့်ကျော်က အတားမခံဘဲ တွန်းထိုးရုန်းကန်ပြီး ထွက်ပြေးသည်။ မိန်းကလေးများကလည်း ..

"ဟာ .. ဘယ်လိုလူလဲ"

"အရူးကြောင်ကြောင်နဲ့ပါလား"

"နည်းနည်းလွတ်နေတာများလား"

"ဆေးကြောင်နေတာ ထင်တယ်"

ဟု တစ်ယောက်တစ်ပေါက် ထင်ကြေးပေးကြ၏။

"အဲဒီကောင်ကို ဖမ်း .. အဲဒီကောင်ကို ဖမ်း"

လုံခြုံရေးတွေနှင့် မောင်သန်းက အော်ပြောလိုက်၏။

လူတစ်ယောက်က ရှေ့ကပြေး လူနှစ်ယောက်က နောက်မှလိုက်နှင့် ရေကူးကန်တစ်ခုလုံး ရှုတ်ရှုတ်သဲသဲဖြစ်သွားကြသည်။ လပြည့်ကျော်ပြေးနေသော ရေကူးကန်ဘောင်၏ တစ်ဖက်မျက်နှာချင်းဆိုင်တွင်ကား ကေရီနှင့် Pink တို့က ကြောင်ငေးကြည့်နေ၏။

"ကေရီရေ .. ကေရီ"

လပြည့်ကျော်က ပါးစပ်မှလည်း အော်ခေါ် မိန်းကလေးများ



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင်လည်း ကေရီ့ကို ရှာဖွေနေ၏။ ကေရီက သူမ နာမည်ခေါ်သံကြောင့် အံ့ဩသွားစဉ်မှာပင် လပြည့်ကျော်က လှမ်းမြင်သွားပြီး ..

"ကေရီ .. ကေရီရေ"

ဟု အော်ခေါ်ကာ တစ်ဖက်ကန်ပေါင်ဆီသို့ ပြေးသွားခိုက် ကန်ပေါင်ပေါ်မှ ရေမှုံးကို တက်နင်းမိကာ ချော်လဲမလိုဖြစ်သွားပြီး လက်ထဲတွင် ကိုင်ထားသည့်ဖုန်း လွတ်ကျသွား၏။

"ဟာ .."

လွတ်ကျသွားသောဖုန်းကို ကိုးရိုးကားရားလှမ်းဖမ်းရင်း အရှိန်လွန်ကာ လူပါ ရေကူးကန်ထဲသို့ ပြုတ်ကျသွားတော့၏။

"အား .."

"အို .. ဒုက္ခပါပဲ"

ကေရီက မျက်လုံးအဝိုင်းသားနှင့် အံ့ဩတကြီးရေရွတ်လိုက်၏။ ထိုခဏမှာပင် ဟိုတစ်ခေါက် ကော်ဖီဆိုင်မှာ သူမတို့ သူငယ်ချင်းတွေ ဟားလွှတ်လိုက်သည့် အူကြောင်ကြောင်လူမှန်း ကေရီ မှတ်မိသွား၏။

လပြည့်ကျော်တစ်ယောက် ကန်ထဲမှ ဖုန်းကို မရရအောင် ရေငုပ်ဆယ်ယူကာ တစ်ကိုယ်လုံးစိုရွှဲပြီး ပြန်ပေါ်လာ၏။ ပြန်ပေါ်လာသော လပြည့်ကျော်ကို ကန်ပေါင်ပေါ်မှ လှထွဋ်နှင့် မောင်သန်းတို့က ဖမ်းကိုင်လိုက်ရင်း ရေထဲမှ ဆွဲတင်လိုက်၏။

"ဟေ့ကောင် .. မင်း ဘာကောင်လဲ။ ရဲစခန်းရောက်သွားချင်လို့လား"

ပြောရင်း လပြည့်ကျော်ကို တစ်ယောက်တစ်ဖက် ချိုင်းမှ ကိုင်ကာ ဖမ်းချုပ်လိုက်၏။ လပြည့်ကျော်က ..



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ‥ ခင်ဗျားတို့ထင်သလို မဟုတ်ဘူး။ ဒီဖုန်းထဲမှာ"

ဟုပြောရင်း ဖုန်းကို ဖွင့်လိုက်ရာ စောစောက ရေစိုသွားတာ ကြောင့်လား မသိ ဖုန်းက ပါဝါပွင့်မလာတော့။

"တောက် ! ‥ ဟာ ‥ သွားပြီကွာ"

"ဟော့ကောင် ‥ မင်းကများ တောက်ခေါက်တယ်ရှိရသေး တယ်။ မင်း ဘာလုပ်တာလဲ ပြောစမ်း"

"ဗျာ ‥ ခင်ဗျားတို့ကလည်း တစ်မျိုးဗျာ။ ဒီမှာ ဖုန်းက ရေစိုပြီး ဖွင့်လို့မရတဲ့ကြားထဲ။ ဒီဖုန်းထဲမှာ ကေရီကို ပြစရာ ရှိတယ်ဗျ"

ကေရီက အနည်းငယ် စိတ်ဝင်စားဟန်ဖြင့် လှမ်းကြည့်နေ၏။ လှထွန်းက ‥

"ဘာပြမှာလဲ ‥ ဘာကို ပြမှာလဲ ဟော့ကောင်၊ မင်း ညာဏ်နီ ညာဏ်နက်တွေများမနေနဲ့။ စောစောက ကေရီ့ကားကို ဓာတ်ပုံ ရိုက်နေကတည်းက မင်းကို မသင်္ကာဖြစ်နေတာ။ ပြောစမ်း။ မင်းမှာ ဘာအကြံအစည်ရှိလဲ။ ကေရီကို မင်းသက်သက် လိုက်နှောင့်ယှက်နေတာ မဟုတ်လား"

"မဟုတ်ဘူး။ ကေရီ့ကားမှာ ဟိုဟာ ‥ ကပ်နေတာဗျာ။ နိမိတ်ပုံ ‥ လို့ပဲ ခေါ်ရမလား မသိဘူး။ အဲဒါလေ။ အဲဒါ ဟာ ‥ တော်ပြီဗျာ။ ခင်ဗျားတို့ကို ပြောပြလည်း အပိုပဲ။ တောက်! ‥ ဒီဖုန်းကလည်း အရေးထဲ ပြုတ်ကျရတယ်လို့။ ဘာမှ သုံးမရတော့ဘူး"

လပြည့်ကျော်က ပြောရင်း လက်ထဲကဖုန်းကို စိတ်ပျက်

www.burmeseclassic.com



လက်ပျက် ကြည့်လိုက်၏။ ဘယ်လိုပဲဖြစ်ဖြစ် လှထွန်းကတော့ ထွက်ပြေးသွားမှာစိုးသည့်အလား လပြည့်ကျော်၏ အင်္ကျီကော်လာစကို မလွှတ်တမ်း ဆွဲထားရင်းက ..

"ဟော့ကောင် .. ကြာတယ်ကွာ .. လာစမ်း .. မင်း ငါတို့နဲ့ အခုချက်ချင်းလိုက်ခဲ့"

"ဟာ .. ဘာဖြစ်လို့ လိုက်ရမှာလဲ"

လပြည့်ကျော်က ပြောလည်းပြောရင်း လှထွန်းလက်ထဲမှ အတင်းရုန်းထွက်လိုက်၏။ လှထွန်းကလည်း လုံးဝအလွှတ်မပေး။ မောင်သန်းအကူအညီဖြင့်ပင် ပိုပြီး လှုပ်လို့မရအောင် ချုပ်ထားလိုက်သည်။

ထိုစဉ် ကေရီက အနားသို့ရောက်လာပြီး ..

"ဦးလေးသန်း .. သူ့ကို လွှတ်ပေးလိုက်ပါ"

လပြည့်ကျော်က ကျေးဇူးတင်စွာဖြင့် အသံကြားရာဆီသို့ ကြည့်လိုက်ရာ ထိုအသံရှင်မှာ သူတွေ့ချင်နေသည့် ကေရီကို မြင်လိုက်ရ၏။ သို့သော် သူ ဘာစကားမှပြောဖို့ အသံထွက်မလာတော့။ ကေရီ၏ နူးညံ့သိမ်မွေ့သော မျက်ဝန်းများအောက်တွင် သူလဲပြိုကျသွားသည်။

သူ သတိရ၍ ကြည့်လိုက်သောအခါ ကေရီက ကန်ပေါင် တစ်လျှောက် ကြော့ကြော့မော့မော့လေး လှမ်းလျှောက်သွားလေပြီ။ ရေကူးကန်ပေါင်တွင် သတိလက်လွှတ် ရင်ခုန်ရင်း ကျန်နေခဲ့သူကတော့ လပြည့်ကျော်တစ်ယောက်တည်းပါပင်။

■



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပါပဲ ဆရာ။ ဒီကောင့်နာမည်က လပြည့်ကျော်တဲ့။ ကျွန်တော်တို့လည်း အစကတော့ ဆရာမှာထားသလို တစ်ခါတည်း ဖမ်းခေါ်ခဲ့မလို့ပဲ။ ဒါပေမဲ့ ကောရီလေးက လွှတ်ပေးလိုက်ဆိုလို့ လွှတ်ပေးလိုက်ပြီး သူ့အိမ်လိပ်စာ သိရအောင် လိုက်ကြည့်ထားတယ် ဆရာ"

တပည့်ဖြစ်သူ မောင်သန်း၏အပြောကြောင့် ဦးသံလွင်ထွဋ်ခေါင်က ဆိုဖာဆက်တီပေါ်တွင် ထိုင်ရင်း စဉ်းစားသလို မျက်မှောင်ကုတ်ပြီး ငြိမ်သွား၏။ ခဏကြာတော့မှ တွေးတွေးဆဆနှင့် ..

"အင်း .. ဒီကောင်က ကားကို ခတ်ပုံရိုက်နေတာဆိုတော့ ဘာသဘောလဲ"

"ဟုတ်တယ် ဆရာ။ ကျွန်တော်တို့လည်း အဲဒါကိုပဲ အံ့ဩနေတာ။ ပြီးတော့ ဒီကောင်က ကားကို ဓာတ်ပုံရိုက်ပြီး ကောရီလေးကို ပြဖို့ ရေကူးကန်အထိတောင် ပြေးလိုက်သွားတာဆိုတော့ တစ်ခုခု အရေးကြီးတဲ့ပုံစံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးနဲ့ ဒီကောင့်ကြားထဲမှာ ဘာတွေများ အရေးတကြီး ပတ်သက်စရာ ရှိနေလို့လဲ။ နေစမ်းပါဦး။ ဒီကောင်နဲ့ ငါ့သမီး တွဲသွားတွဲလာလုပ်တာ မင်းတို့ မြင်ဖူးသလား"

ဆရာဖြစ်သူ ဦးသံလွင်ထွန်းခေါင်၏အမေးကြောင့် လှထွန်းက ပျာပျာသလဲ ခေါင်းကို ခါယမ်းပြရင်း ..

"တစ်ခါမှ မတွေ့ဖူးပါဘူး ဆရာရယ်။ ကျွန်တော်တို့ နှစ်ယောက်က အမြဲတမ်းလိုလို ကေရီလေး ဘယ်သွားသွား နောက်ကနေ အမြဲစောင့်ကြည့်နေတာပဲ။ အဲဒီကောင် ကား တစ်စီးနဲ့ နောက်ကလျှောက်လိုက်နေတာပဲ သတိထားမိတယ်"

"မင်းတို့ အဲဒီကောင်ကိုရော မေးကြည့်ပြီးပြီလား"

"မေးကြည့်တယ်ဆရာ။ ဒါပေမဲ့ သူပြောတာကို ကျွန်တော်တို့ နားမလည်ဘူး။ ကားမှာကပ်တဲ့ပုံဆိုလား .. အဲ .. နီမိတ်ပြ တဲ့ ပုံဆိုလား .. ဘာလား .. တစ်မျိုးပဲ ဆရာရဲ့"

လှထွန်းက စိတ်ရှုပ်လာဟန်ဖြင့် ခေါင်းကို ကုတ်ကာ ပြော လိုက်၏။ မောင်သန်းကပါ ဝင်ပြီး ..

"ကေရီလေးဆီ ပြေးနေရင်းကလည်း နတ်သမီး လာပါ .. ဆိုလား .. ဘာလား အော်ပြီး နတ်ပင့်သေးတယ် ဆရာရဲ့"

ဦးသံလွင်ထွန်းခေါင်က ..

"အေးကွ .. ထူးတော့ အတော်ထူးဆန်းတာပဲ။ လူကို ဓာတ်ပုံ မရိုက်ဘဲ ကားကို ပတ်ပတ်လည် ဓာတ်ပုံရိုက်နေတာဆိုတော့ ဟာ .. နေဦး . ငါ့သမီးရဲ့ ကားကို ဓာတ်ပုံရိုက်သလိုပဲ ဘာလိုလိုနဲ့ အလစ်မှာ အသံဖမ်းစက်တို့ ဘာတို့ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



Remote Control နဲ့ အန္တရာယ်ပေးနိုင်တဲ့ Electronic ပစ္စည်း တစ်ခုခု ခိုးပြီးတပ်ဖို့ ကြိုးစားနေတာများလား"

"ဟာ ‥ ဟုတ်တယ် ဆရာ။ အဲဒါ ဖြစ်နိုင်တယ်"

မောင်သန်းက ထင်ကြေး ဝင်ပေးလိုက်သည်။ ဒါနဲ့ ဦးသံလွင်ထွန်းခေါင်က သူ့နောက်နားတွင် မတ်တတ်ရပ်နေသော တခြား တပည့် ၂ ယောက်ကို ‥

"ရဲ ‥ ကျော်ကြီးနဲ့ မြင့်ဦး၊ မင်းတို့နှစ်ယောက် ငါ့သမီးကားကို တစ်စစီဖြုတ်ပြီး သေသေချာချာ ရှာကြစမ်းကွာ။ စေ့စေ့စပ်စပ် ရှိပစေ။ ကြားလား။ အခုချက်ချင်းလုပ်။ သွားကြ"

တပည့် ၂ ယောက်က ခေါင်းညိတ်ပြကာ ခပ်သွက်သွက်ထွက်သွား၏။ လှထွန်းက ‥

"ဆရာ ‥ ကျွန်တော်တို့ရော သွားကူလုပ်ပေးလိုက်ရမလား"

ဦးသံလွင်ထွန်းခေါင်က လက်ကာပြလိုက်ရင်း ‥

"မလိုဘူး။ မင်းတို့နှစ်ယောက်က ဟိုကောင့်အိမ်ကို ခုချက်ချင်းသွား။ ပြီးရင် သူ့ကို ငါ့ဆီခေါ်ခဲ့။ မပါပါအောင် ခေါ်ခဲ့။ ငါကိုယ်တိုင် သူ့ကို မေးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

လှထွန်းနှင့် မောင်သန်းတို့နှစ်ယောက်သား ခပ်သုတ်သုတ် ပြေးထွက်သွား၏။ သူတို့နှစ်ယောက် ထွက်သွားပြီးသည်နှင့် ဦးသံလွင်ထွန်းခေါင်လည်း သမီးဖြစ်သူကားထားရာ ဂိုဒေါင်ဆီသို့ ထွက်လာလိုက်သည်။

ကားပေါ်ရှိ ကက်ဆက်၊ CD ချပ်များ၊ အလှဆင်အရုပ်များ



www.burmeseclassic.com

www.burmeseclassic.com



တားရှေ့မှန်တွင် ချိတ်ဆွဲထားသော ထူးထူးဆန်းဆန်း အရုပ်များနှင့် လူတပတရေရွှေပုလင်းပါမကျန် အားလုံးဖြုတ်ကာ ငွေလင်ပန်းလေးထဲ ထည့်သယ်လာသည်ကို ကြည့်ရင်း ဦးသံလွင်ထွဋ်ခေါင်က ..

"ဟော့ကောင်တွေ .. သေသေချာချာရှာကြစမ်းကွာ။ ကား အောက်ပိုင်းတွေရော၊ ဘီးအတွင်းဘက် ပတ်ပတ်လည်ရော တစ်နေရာမှ မကျန်စေနဲ့။ ဘောနက်ဖုံးရော၊ ဘမ်ပါရော အကုန်ဖြုတ်ပစ်"

တပည့် ၂ ယောက်က ခေါင်းညိတ်ပြရင်း ဆရာဖြစ်သူခိုင်း သည့် တစ်ခုမကျန် ခပ်သွက်သွက်ဖြုတ်ရှာလိုက်သည်။ ဘာမှမတွေ့။ ဦးသံလွင်ထွဋ်ခေါင်က ..

"ကားကုရှင်အောက်တွေရော ရှာတာ နှံ့ရဲ့လား။ ထိုင်ခုံစွပ် တွေပါ ဖြုတ်နော် ကြားလား"

"ဟုတ်ကဲ့ .. ဆရာ"

ဦးထွဋ်ခေါင်ကတော့ ကားပေါ်မှာ တစ်စုံတစ်ရာကို တွေ့ရ မယ်ဟူသော သေချာမှုနှင့် စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေ၏။

"ဟော့ကောင်တွေ တွေ့လား .. တွေ့လား။ ဘာတွေ့လဲ"

ဦးသံလွင်ထွဋ်ခေါင်က ကားအောက်ပိုင်းသို့ ဝင်စစ်နေသော တပည့်ဖြစ်သူ ထွက်လာသည်ကို တွေ့၍ ပျာပျာသလဲ ဆီးမေးလိုက်ခြင်း ပင်။ တပည့်ဖြစ်သူက ..

"ဘာမှ မတွေ့ဘူး ဆရာ"

"မင်းဟာက သေချာရဲ့လား"

"သေချာပါတယ် ဆရာ။ တကယ် ဘာမှမတွေ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကေရီတစ်ယောက် အိမ်ထဲမှ ထွက်လာ၏။ တစ်စစီ ဖြစ်နေသော သူမကားလေးကို ကြည့်ရင်း အံ့ဩမျက်လုံးပြူးကာ ..

"ဖေဖေ .. သမီးကားကို ဘာလုပ်နေကြတာလဲဟင်"

"ခဏလေး .. သမီး၊ သမီးအတွက် အန္တရာယ်ကင်းအောင်လို့ပါ သမီးရယ်။ ပြီးရင် သမီးရဲ့ကားလေးကို အော်ရီဂျင်နယ် အတိုင်း ဖြစ်အောင် အားလုံး ပြန်ဆင်ပေးမယ်နော်"

ဦးသံလွင်ထွန်းခေါင်က ပြောရင်း သမီးဖြစ်သူကို ချော့သလို ပခုံးကို ဖက်ထားလိုက်၏။ ကေရီကတော့ တကယ့် ကလေးလိုပင်။ နားမလည်နိုင်စွာဖြင့် ကားကိုတစ်လှည့် အဖေဖြစ်သူကို တစ်လှည့် ငေးကြည့်နေမိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"မင်းနာမည် လပြည့်ကျော်နော်"

ဦးသံလွင်ထွန်းခေါင်နှင့် ကောရီရှေ့တွင် ထိုင်နေသော လပြည့်ကျော်က ကျားရေ့မှောက်လျက်လဲနေသော ယုန်သူငယ်ပမာ ခေါင်းကို မဝံ့မရဲ ညိတ်ပြလိုက်၏။ ဟိုလူနှစ်ယောက် အတင်းလာခေါ်၍သာ ကမန်းကတန်း လိုက်လာခဲ့ရသည်။ နတ်သမီးပါလာရင် ကောင်းမှာပဲ ဟု တွေးနေမိ၏။

"ဆိုစမ်းပါဦး ‥ မင်းက ငှါသမီးနောက်ကို တကောက်ကောက် လျှောက်လိုက်နေတဲ့ ကိစ္စ"

ဦးသံလွင်ထွန်းခေါင်က ဒေါသကို မျိုသိပ်ထားရသည့် အသံဖြင့် မေးလိုက်သည်။ လပြည့်ကျော်က ‥

"ကောရီနောက်ကို လျှောက်လိုက်နေတယ်ဆိုတာ မှန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်တော့်မှာ မကောင်းတဲ့အကြံအစည် တစုံတစ်ရာ မရှိတာကိုတော့ ကျွန်တော် ကျိန်ပြောရဲပါတယ် အန်ကယ်"

"ဟ ‥ ဒါဆို ဘာလို့ ငါ့သမီးကားနောက်ကို အမြဲလိုက်ပြီး ဓာတ်ပုံရိုက်နေရတာလဲကွ။ မင်းက"

"ဒါက ဒီလိုပါ အန်ကယ် ‥ တချို့အရာတွေဟာ လူတိုင်းရဲ့ မျက်စိနဲ့ မမြင်နိုင်ပါဘူး။ အဲဒီလို လူတိုင်းမမြင်နိုင်တဲ့ မရဏ သချောတရားတွေ လောကကြီးမှာ အများကြီးရှိနေပါတယ်။ ပြီးတော့ ကားတွေ အက်ဆီးဒင့်ဖြစ်တဲ့အခါမှ လူတွေက လမ်းမကောင်းလို့တို့၊ မောင်းသူက နမော်နမဲ့နိုင်လို့တို့ဆိုပြီး အပြစ်တင်တတ်ကြတယ်။ ဒါပေမဲ့ တစ်ခါတလေမှာ အဲဒီ အရာတွေနဲ့ မဆိုင်တဲ့ အခြားအကြောင်းတရားတွေလည်း ရှိနေတတ်ပါသေးတယ်။ အဲဒါကြောင့် ‥"

"မင်း ‥ ဘာတွေပြောနေတာလဲ။ ငါမေးတဲ့ မေးခွန်းနဲ့ မင်း ဖြေတာက တလွဲဖြစ်နေပြီ။ လိုရင်းပြောစမ်းကွာ။ ငါ့မှာ သိပ် အချိန်မရှိဘူး"

ဦးသံလွင်ထွန်းခေါင်က စိတ်မရှည်သလို ခပ်ဆတ်ဆတ်လေး ပြောလိုက်၏။ လပြည့်ကျော်က ‥

"ခဏလေး သည်းခံပြီး နားထောင်ပေးပါ အန်ကယ်။ ကျွန်တော် ဇေကရီ့ကားနောက်ကို ဘာကြောင့် တကောက်ကောက် လိုက်နေသလဲဆိုတော့ ကျွန်တော် စောစောကပြော သလို သူ့ကားမှာ လူတိုင်း မျက်စိနဲ့မမြင်နိုင်တဲ့ မကောင်း ဆိုးဝါး ကပ်နေလို့ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ! ‥"

"ရှင် ! ‥ မကောင်းဆိုးဝါး"

ဦးသံလွင်ထွဋ်ခေါင်ရော သံလွင်ကေရီပါ နှစ်ယောက်စလုံးက အာမေဋိတ်သံကိုယ်စီဖြင့် ပြိုင်တူရေရွတ်လိုက်ကြ၏။ ကေရီက ကြောက်ပြီး အဖေဖြစ်သူ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သလို အနားတွင်ရှိနေကြသော တပည့်များအားလုံးလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ လူ့သဘာဝအတိုင်း ယုံသော်ရှိ မယုံသော်ရှိ 'မကောင်းဆိုးဝါး' လို့ ကြားလိုက်ရတာနှင့် စိတ်ထဲ မသိုးမသန့်ခံစားသွားရမြဲပင် မဟုတ်ပါလား။

"ဟော့ကောင် ‥ မင်းပါးစပ်ကို ပိတ်ထားစမ်း။ မင်း ဘာတွေလာပြောနေတာလဲ။ မင်း ရူးနေပြီလား"

"ကျွန်တော် တကယ်ပြောနေတာပါ အန်ကယ်၊ နိုင်ငံခြားက တင်သွင်းလာတဲ့ ကားတွေထဲမှာ အရင်ကားပိုင်ရှင်က မကျွတ်မလွတ်လို့ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ကားကြောင့် အက်ဆီးဒင့်ဖြစ်ပြီး စိတ်စွဲနေလို့ပဲ ဖြစ်ဖြစ် ကားမှာ တွယ်ငြိနေတတ်ပါတယ်။ ကေရီ့ကားမှာလည်း အဲဒီလိုမျိုး အကြောင်းတစ်ခုခုကြောင့် မကောင်းဆိုးဝါးကပ်နေတယ်လို့ ကျွန်တော် ထင်ပါတယ်"

လပြည့်ကျော်၏အပြောကြောင့် ဦးသံလွင်ထွဋ်ခေါင်တစ်ယောက် စိတ်တိုသွားရင်း ဒေါသအိုး ပေါက်ကွဲမတတ်ဖြစ်သွားပြီး ‥



www.burmeseclassic.com

www.burmeseclassic.com



"တောက် ! ‥ ဟော့ကောင် မင်းက ဒီကားကို တွေ့ရာနေရာက ကောက်ဝယ်လာတယ်များ အောက်မေ့နေသလား။ ဒီကားရဲ့ တန်ဖိုး ဘယ်လောက်ရှိလဲ မင်းသိလား။ ဒီကားကို ငါက PARAGON Show Room ကနေ အသစ်ကျပ်ချွတ်ဝယ်ထားတာကွ။ အလကား အဓိပ္ပာယ်မရှိတာတွေ လာပြောနေတယ်။ ငါ့သမီး ခေါင်းထဲကို ဥပါဒါန်အစွဲတွေဝင်အောင် လာမရှုပ်နဲ့။ ငါ့သမီး တစ်ခုခုထိခိုက်လို့ကတော့ မင်းကို ညှာမှာ မဟုတ်ဘူးနော်"

"မဟုတ်ဘူး အန်ကယ်။ ကျွန်တော်ပြောတာကို တစ်ဆိတ်လောက် ယုံကြည်လက်ခံပေးပါဗျာ။ တကယ်ပြောနေတာပါ"

"ဟော့ကောင် ‥ မင်းပါးစပ်ကို အခုပိတ်လိုက်။ ငါ မင်းကို တစ်ခုခု လုပ်မိတော့မယ်နော်"

ဦးသံလွင်ထွန်းခေါင်က ပြောလည်းပြောရင်း ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ရာ အဖေဖြစ်သူ၏စိတ်ကိုသိသော ကေရီက အဖေ့လက်မောင်းကို ပြန်ဆွဲလိုက်ရင်း ‥

"ဖေဖေရယ် ‥ စိတ်လျှော့ပါ။ အဲဒီလောက် ဒေါသမကြီးပါနဲ့နော် ‥ ပြန်ထိုင်ပါ"

ဟု ပြောလိုက်သဖြင့် ဦးသုံ့လွင်ထွန်းခေါင်က ‥

"မင်း ‥ မင်းတော့ကွာ ‥ ဟော့ကောင် မောင်သန်း ‥ ဒီကောင့်ကို ပြန်ခေါ်သွားတော့ ‥ ကြာရင် ငါ တစ်ခုခု ထလုပ်မိတော့မယ် ‥ တောက် ! ‥"

ဆရာဖြစ်သူက အမိန့်ပေးလိုက်တာကြောင့် ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com



လှထွဋ်နှင့် မောင်သန်းတို့နှစ်ယောက်က လပြည့်ကျော်အနား တစ်ဖက်စီသို့ ရောက်လာ၏။ လပြည့်ကျော်က ..

"မဟုတ်ဘူး .. ကျွန်တော် အမှန်တွေ ပြောနေတာ။ ကေရီကားမှာ ကပ်နေတဲ့ မကောင်းဆိုးဝါးကို ကျွန်တော့်ဖုန်းနဲ့ ဓာတ်ပုံ ရိုက်ယူလို့ ရခဲ့တယ်ဗျ။ အဲဒါကြောင့် ဟိုနေ့က ကားကို ဓာတ်ပုံရိုက်ပြီး ကေရီ့ကို ပြဖို့ သွားခဲ့တာပါ"

"အေး .. ဘယ်မှာလဲ။ အဲဒီ မင်းရိုက်ထားတဲ့ဓာတ်ပုံ၊ ငါ့ကို ပြစမ်း"

ဦးသံလွင်ထွဋ်ခေါင်က စိတ်လှုပ်ရှားဒေါသထွက်ကာ ပြောလိုက်၏။ ဦးသံလွင်ထွဋ်ခေါင်၏ အပြောကြောင့် လပြည့်ကျော်တစ်ယောက် ခေါင်းငိုက်စိုက်ကျသွားပြီး ..

"အဲဒီနေ့က ပြေးရင်းလွှားရင်း ဖုန်းက ရေထဲကျသွားပြီး ပြန်ဖွင့်လို့မရတော့ဘူး"

လပြည့်ကျော်စကားဆုံးတော့ ဦးသံလွင်ထွဋ်ခေါင်က ထောင်းခနဲ ဒေါသထွက်သွားပြီး ..

"တောက် .. မင်းကွာ .. အေး .. ဟုတ်ပြီ။ ဒါဆိုရင် အခု ချက်ချင်း ကားဂိုဒေါင်ကိုသွားပြီး ဓာတ်ပုံရိုက်ပြီး သက်သေပြ။ ကဲ .. လာကြတယ်"

ဦးသံလွင်ထွဋ်ခေါင်က ပြောပြီး မောင်သန်းကို ကင်မရာယူခိုင်းကာ ကားဂိုဒေါင်ဆီသို့ ထွက်သွားလိုက်၏။ ကေရီလည်း သိချင်ဇော ပြင်းပြနေတာကြောင့် အဖေဖြစ်သူနောက်သို့ ကပျာကယာ ထလိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် အားလုံး ကားဂိုဒေါင်ဆီသို့ ရောက်လာကြ၏။ မောင်သန်းက ကင်မရာကို လပြည့်ကျော်ဆီသို့ ကမ်းပေးလိုက်၏။ လပြည့်ကျော်က ကင်မရာကို Continuous Setting ထားပြီး ကားကို ဓာတ်ပုံ တဖျတ်ဖျတ် ရိုက်နေသည်။

ကေရီက စိတ်လှုပ်ရှားနေသလောက် ဖခင်ဖြစ်သူ ဦးသံလွင် ထွဋ်ခေါင်ကတော့ မယုံကြည်သည့်မျက်လုံးများဖြင့် လပြည့်ကျော်ကို စူးစူးဝါးဝါးစိုက်ကြည့်နေ၏။

တစ်စက္ကန့် . . .

နှစ်စက္ကန့် . . .

သုံးစက္ကန့် . . .

လပြည့်ကျော်က ကားကိုတစ်လှည့် ကင်မရာထဲကိုတစ်လှည့် ကြည့်ကာ ရင်တဒိတ်ဒိတ်ခုန်နေမိ၏။

'ဘုရား . . ဘုရား . . မကောင်းဆိုးဝါးပုံရိပ် ပေါ်လာပါစေ'

လေးစက္ကန့် . . .

ငါးစက္ကန့် . . .

. . . . . . . . . . .

တစ်မိနစ် . . .

သို့သော် လပြည့်ကျော်၏ဆုတောင်း မပြည့်။ တစ်မိနစ်ခန့် ကြာသည်အထိ ကင်မရာထဲတွင် ဘာပုံရိပ်မှ ထင်မလာ။ လပြည့်ကျော် က ကင်မရာထဲကိုတစ်လှည့် ကားကိုတစ်လှည့်ကြည့်ရင်း စိတ်ဓာတ်ကျ သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်၏အမူအရာကို တစ်ချိန်လုံး အကဲခတ်စောင့်ကြည့်နေသော ဦးသံလွင်ထွဋ်ခေါင်က ခနိုးခနဲ့ပြုံးရင်း . . .

"ကဲ . . ဘယ်မှာလဲ၊ မင်းရဲ့ မကောင်းဆိုးဝါးပုံ ပြစမ်းပါဦး"

လပြည့်ကျော် ခေါင်းငုံ့သွားကာ ဘာမှ မပြောနိုင်တော့။ ဦးသံလွင်ထွဋ်ခေါင်က . .

"မင်းပြောတော့ မင်းဖုန်းထဲကကင်မရာနဲ့ ရိုက်တော့ ထင်တယ်ဆို . . ဒီကင်မရာနဲ့ရိုက်ရင်လည်း ထင်ရမှာပေါ့ကွ။ ကဲ . . အခု ဘယ်မှာလဲ၊ ပြစမ်းပါဦး။ မင်းကွာ . . . အဓိပ္ပာယ်မရှိတာတွေ . . တောက် ! . . ကဲ . . သမီး တွေ့ပြီမဟုတ်လား။ ဒီကောင် တမင်သက်သက် လျှောက်ပြောနေတာ"

"မဟုတ်ဘူး အန်ကယ် . . ဟို . . ဟို . ."

လပြည့်ကျော်၏ စကားမဆုံးခင်မှာပင် ဦးသံလွင်ထွဋ်ခေါင်က ဝုန်းဆို မတ်တတ်ထရပ်ပြီး . .

"ဒီမှာ ဟေ့ကောင် . . နောက်ဆို ငါ့သမီးနဲ့ပတ်သက်ဖို့ လုံးဝမကြိုးစားတော့နဲ့ . . မင်းသွားတော့"

ဟု ရင့်ရင့်သီးသီးပြောကာ ခြံပြင်သို့ လက်ညှိုးပြလိုက်၏။ ပြီးနောက် ဧကရီ့လက်ကို ဆွဲကာ အိမ်အတွင်းသို့ ဝင်သွားတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက် ကေရီ၊ Pink နှင့် Dolly တို့ သုံးယောက်ဆုံဖြစ်ကြတော့ သူတို့ကြားထဲက ခေါင်းစဉ်သည် လပြည့်ကျော်ဖြစ်သွားသည်။ ကေရီက မနေ့ကဖြစ်ခဲ့သည့် သူမ ဖေဖေနှင့် လပြည့်ကျော်တို့ နှစ်ယောက်၏ တွေ့ဆုံပွဲကို ပြန်ဖောက်သည်ချတော့ Pink က ..

"ကေ့နှ အဲဒီ ဘဲကြီးက နင့်ကို ချဉ်းကပ်ချင်လို့ တမင် အကွက်ဆင်တာပဲ ဖြစ်မယ်ဟ"

ဟုသာ ပြောပေမဲ့ Dolly ကတော့ ..

"အလကား ကြောင်ပါဟာ။ ကြောင်တောင်တောင်နဲ့ သရဲဝတ္ထု လာရေးနေတယ်။ ဒြော် .. ကေရီ့ကို ချဉ်းကပ်တဲ့လူတွေထဲမှာလည်း ဒီလို ငပေါတွေ ရှိပါသေးလားနော်"

Dolly ၏ နောက်ဆုံးစကားကြောင့် ကေရီက စိတ်ထဲက ကျိတ်ပြီး ပြုံးလိုက်မိသည်။ အတွေ့ကြုံပေါင်းလာတာ ကြာပြီမို့ Dolly စကားက ရိုးရိုးလား ဆန်းဆန်းလားဆိုတာ ကေရီက ဒတ်ခနဲ သိသည်။ အခုစကားဟာ လပြည့်ကျော်ကို နှိမ်သလိုလိုနှင့် တကယ်တော့ ကေရီ့ကို နှိပ်ကွပ်လိုက်သည့် အဓိပ္ပာယ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



'နင့်ကို ကြိုက်သမျှလူတိုင်း အကောင်းစားကြီးတွေချည်းလို့ မမှတ်နဲ့၊ အဲဒီလို ဂေါက်ကြောင်နေတဲ့ လူလည်း ရှိပါတယ်'ဟု ပြော လိုက်သည့် သဘောပင်။ ကေရီက သူငယ်ချင်းဖြစ်သူ Dolly ၏ မနာလို စိတ်ကို ရိပ်မိတာကြောင့် မသိမသာ ပြုံးလိုက်ရင်း Dolly ကို ကြည့် လိုက်မိသည်။

သနားစရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်းလှသည်။ ဟိုတစ်လောကလည်း Dolly ရဲ့ရည်းစား စည်သူက ည ၁ နာရီထိုးတာ တောင် Online က မထွက်သေးဘဲ လိုင်းပေါ်မှာရှိနေလို့ 'အသစ်တွေ့ နေပြီလား မသိဘူး'ဟု ကေရီက နောက်ပြောင်မိတော့ Dolly က . .

"မသိပါဘူးဟာ . . ထားလိုက်စမ်းပါ။ One go two come ပဲပေါ့။ ဒါလေးများ နင့်လောက်ကြွတဲ့ ဘဲမပေါ်ဘူးဆိုပေမဲ့ လည်း ငါ့ကိုကြိုက်တဲ့လူတွေလည်း လောကကြီးမှာ ရှိပါသေး တယ် ကေရီရဲ့။ ကျွန်ရစ်ဖြစ်စရာအကြောင်း မရှိပါဘူး"

ဟု မခံချင်စိတ်နှင့် ပြောသေးသည်။

"ဟင်း . . ဟင်း . . ဟင်း"

ကေရီက အသံထွက်အောင်ပင် ရယ်လိုက်မိသည်။ Pink က . .

"ဘာတွေ တွေးပြီး ပြုံးနေတာလဲ ကေရီရဲ့ . ."

"ခြော် . . မဟုတ်ပါဘူး။ Dolly ပြောတာလေးကို သဘောကျ သွားလို့ပါဟာ"

"အေးလေ . . ရယ်လည်း ရယ်ချင်စရာပဲကို။ သူ့ ဇာတ်လမ်း ဆင်ပုံကြီးကလည်း မမိုက်လိုက်တာဟာ။ ဒီခေတ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



သရဲကို ဘယ်သူက ယုံမှာလဲ''

Dolly က ...

''သူ့အထင်တော့ ဒီအကွက်က ဆန်းလှပြီ လန်းလှပြီ ထင်နေသလားမှ မသိတာ။ အင်း .. တစ်ခါတလေတော့လည်း အရိုးဆုံးအရာတွေက ဆန်းသွားတတ်ကြပါတယ်လေ ..။ ဟော .. အခုကြည့်ပါလား။ ဒီလူ့အကြောင်းစဉ်းစားပြီးမှ ဇော့ရီတောင် အိပ်လို့မပျော်နိုင် ဖြစ်သွားရရှာတယ် မဟုတ်လား။ ဟား .. ဟား .. ဟား''

ဟု ပြောလည်းပြောရင်း လှောင်ရယ်လိုက်၏။ အရိုးခံ Pink ကတော့ ဘာမှမသိရှာ။

''ဟုတ်ပါရဲ့ ဇော်ကေရီ .. အဲဒါက ဘယ်လိုဖြစ်ရတာတုန်း ရှင်းစမ်းပါဦး''

''မသိဘူးဟာ .. သူ ငါနဲ့ပတ်သက်ချင်လို့ တမင်ချဉ်းကပ်နေတယ်ဆိုတာ ငါ သိတယ်။ ဒါပေမဲ့ သူ့ဇာတ်လမ်းက ရယ်စရာကြီး ဖြစ်နေတယ်။ ဘာပဲပြောပြော သူ့ကိုကြည့်ရတာတော့ စိတ်ဝင်စားစရာပဲဟ''

ကေရီက ပြောရင်း ဇပြည့်ကျော်၏ ပုံစံကို အခုပဲ မျက်လုံးထဲ မြင်ယောင်နေသလို အဝေးကြီးကို ငေးကြည့်နေလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

"ဒီမှာကြည့် ... ဒါတွေအားလုံးက ဒီတစ်နှစ်အတွင်း အက်ဆီးဒင့်ဖြစ်ခဲ့တဲ့ ကားအမျိုးအစားတွေပဲ"

လပြည့်ကျော်က Laptop ကိုဖွင့်ကာ တစ်နှစ်အတွင်း အက်ဆီးဒင့်ဖြစ်ခဲ့သည့် ကားနံပါတ်များနှင့် ကုမ္ပဏီများက တင်သွင်းလာသော ကားအမျိုးအစားများအကြောင်း ပြောပြလိုက်သည်။

"ဒါဆို ဘယ်ကုမ္ပဏီက သွင်းတဲ့ကားက အက်ဆီးဒင့် ပို အဖြစ်ဆုံးလဲဟင် လပြည့် .."

နတ်သမီးက စိတ်ဝင်တစားမေးလိုက်၏။ လပြည့်ကျော်က ..

"အဲဒီလို အတိအကျတော့ မရှိဘူး။ ဟိုကုမ္ပဏီက တစ်စီး ဒီ ကုမ္ပဏီက တစ်စီးနဲ့ မျိုးစုံဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အက်ဆီးဒင့်ဖြစ်ခဲ့တဲ့ ကားတွေရဲ့ နောက်ကြောင်းရာဇဝင်ကို စုံစမ်းကြည့်ရင်ရော"

နတ်သမီးအပြောကြောင့် လပြည့်ကျော်က သက်ပြင်းဖွဖွချလိုက်ပြီးမှ ...

"အဲဒါတွေကိုလည်း တတ်နိုင်သလောက် ကိုယ်စုံစမ်းနေတယ်။ ဟောဒီမှာကြည့် ဒီ တိုရိုတာကား အနီရောင်လေးဆိုရင် ပိုင်ရှင်က KOBE မြို့က အသက် ၂၀ ကျော်အရွယ် ကောင်မလေးတစ်ယောက် စီးတာ။ သူက အဲဒီကားကို သိပ်ကြိုက်တာတဲ့။ ဒါပေမဲ့ အဲဒီကောင်မလေးက နောက်တစ်နှစ်အကြာမှာ ကိုယ့်ကိုယ်ကိုယ်သတ်သေပြီး ဆုံးသွားရော။ နောက်တော့ အဲဒီကားလေးက ကိုယ်တို့မြန်မာပြည်ကို ရောက်လာတယ်။ ပြီးခဲ့တဲ့နှစ်ကပဲ အဲဒီကားနဲ့ နေပြည်တော်ကို သွားရင်း လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်လို့ ကားပိုင်ရှင်ခမျာ နေရာမှာတင် ပွဲချင်းပြီး ဆုံးသွားရှာတယ်"

နတ်သမီးက လပြည့်ကျော်ထောက်ပြသမျှ Laptop ထဲမှ ပုံများကို ကြည့်ရင်း စိတ်ဝင်တစား နားထောင်နေမိသည်။ သူမအဖို့ ဘဝမှာ တစ်ခါမှ ကြားဖူးလိမ့်မည်ဟု မျှော်လင့်မထားခဲ့သည့် အကြောင်းအရာမျိုးမို့ အံ့လည်း အံ့ဩ မင်လည်း မှင်သက်မိနေ၏။ သို့သော် သူမကိုယ်တွေ့မျက်မြင်မို့ ဒီကိစ္စက မယုံ၍လည်း မဖြစ်။ နတ်သမီးက ..



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို အရင်ပိုင်ရှင်ကောင်မလေးနဲ့များ အက်ဆီးဒင့်ဖြစ်တာနဲ့ ဆက်စပ်နေမလား မသိဘူးနော်"

"အင်း ‥ ဘယ်လိုပြောရမှန်းတောင် မသိဘူး။ ဟောဒီမှာကြည့် ‥ ဒီကားလေးကျတော့ အရင်ပိုင်ရှင် ရှိတယ်။ အခုထိလည်း ရှိနေဆဲပဲ။ ဒါပေမဲ့ နောက်ဝယ်သွားတဲ့ပိုင်ရှင်က ညဘက်ကြီး သစ်ပင်ကို ဝင်တိုက်ပြီး ဆုံးသွားပြန်တယ်"

"ဟင် ‥ ဘယ်လိုကြီးလဲ။ သူကတော့ ဘယ်လိုဖြစ်တာလဲ"

လပြည့်ကျော်က စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းတစ်ချက်ဟူးခနဲ မှုတ်ထုတ်လိုက်ပြီး ‥

"အဲဒါပြောတာပေါ့ ‥ ဘယ်ဟာမှ ကောက်ချက်ချ အဖြေထုတ်လို့ မရဘူး ဖြစ်နေတယ်။ အဲဒီလိုမျိုး လွဲနေတာတွေလည်း အများကြီးပဲ။ ကိုယ်တော့ တဖြည်းဖြည်းနဲ့ ဒီကိစ္စကြီးကို စိတ်ပျက်လာတယ်ကွာ"

နတ်သမီးက လပြည့်ကျော်ကို ကြည့်ကာ စိတ်မကောင်းဖြစ်သွားမိသည်။ လောကကြီးမှာ အမှန်တရားကို မမြင်အောင် ဖုံးအုပ်ထားတဲ့ အလွှာတွေ သိပ်များတယ်ဆိုတာ လက်တွေ့သိလိုက်ရ၏။ ဒါသည်ပင်လျှင် လူသားတွေကို ကမ္ဘာကြီးက ဒဏ်ခတ်သည့် အဖြစ်တွေပဲလားမပြောတတ်။ နတ်သမီးက တွေးရင်း သက်ပြင်းဖွဖွချလိုက်မိသည်။ ပြီးမှ ‥‥

"လပြည့်ရယ် ‥ ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့။ လူဆိုတာ ကိုယ့်ကံနဲ့ ကိုယ် လာတာပါ။ ကေရီဆိုလည်း အခုထိ ကံကောင်းနေဆဲပဲ မဟုတ်လား သူ ဘာမှမဖြစ်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပဲ ဆုတောင်းရမှာပေါ့။ ကိုယ်လည်း တတ်နိုင်သလောက်တော့ အစွမ်းကုန် ကြိုးစားတာပဲ၊ ဘာလို့ လွဲနေမှန်း မသိဘူးကွာ။ တကယ်ကို စိတ်ပျက်တယ်။ ကိုယ် ဘာမှ မတားဆီးနိုင်ခင် ဇောရိသာ တစ်ခုခုဖြစ်သွားလို့ကတော့ ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံး ခွင့်လွှတ်နိုင်တော့မယ် မထင်ဘူး"

"ဩော် . . မဖြစ်နိုင်ပါဘူး လပြည့်ရယ်။ ကျွန်မတို့ အစွမ်းကုန် ကြိုးစားကြတာပေါ့။ ရှင်လည်း ပင်ပန်းနေပြီ၊ နားလိုက်တော့။ ဒီအကြောင်းကို ရှင့်ခေါင်းထဲက ခဏထုတ်ထားလိုက်ပါဦး"

လပြည့်ကျော်က မညိတ်ချင်ညိတ်ချင်နှင့် ခေါင်းကို ခပ်လေးလေး ညိတ်ပြလိုက်သည်။ နတ်သမီးက . .

"ဒါဆို ကျွန်မလည်း ပြန်ဦးမယ်"

"လာ . . ကိုယ် အောက်ကို လိုက်ပို့ပေးမယ်"

နတ်သမီးက ခေါင်းမညိတ် ခေါင်းမခါနှင့် ပြုံးရုံသာ ပြုံးပြပြီး ရှေ့မှ ဆင်းသွား၏။ လပြည့်ကျော်က နတ်သမီးကို ဆိုင်ရှေ့လမ်းမအထိ လိုက်ပို့ပေးပြီးနောက် နှုတ်ဆက်ကာ ဆိုင်ထဲသို့ ပြန်ဝင်အလာတွင် ဖုန်းထိုင်ပွတ်နေသော တပည့်နှစ်ယောက်ကို တွေ့ရာ နဂိုကတည်းက စိတ်ရှုပ်ရှုပ်ဖြစ်နေသည့် လပြည့်ကျော်က . .

"မင်းတို့ကလည်း . . ညနေ့သည်လာရင် အအေးလေး . . ဘာလေးနဲ့ ညှိခံဖို့မှာထားတဲ့ ဥစ္စာ၊ ဘယ်လောက်ပြောပြော အမှတ်မရှိဘူး။ ဘယ်လိုကောင်တွေမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး အပေါ်ထပ်သို့ တက်ဖို့ ပြင်လိုက်၏။ တပည့်နှစ်ယောက်က သူတို့ဆရာ တစ်ခါမှ ထိုသို့ လေသံမာမာ မပြောဖူးတာကြောင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး ..

"ခင်ဗျား .. ဟို .. ဟို ဆရာ"

တပည့်နှစ်ယောက်လည်း ဘာပြောလို့ ပြောရမှန်းမသိဘဲ ခေါင်းကုတ်ပြီး ကျန်ရစ်ခဲ့၏။

လပြည့်ကျော်ကတော့ လှေကားကို ခြေသံခပ်ပြင်းပြင်းနင်းရင်း အပေါ်သို့ တက်သွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်လူငယ်လူရွယ်များ၏ အကျင့်အတိုင်း အားအားရှိ သူငယ်ချင်းတွေ ဆုံကြပြီး မုန့်အတူစားကြသည်မို့ ကေရီ၊ Pink နှင့် ဂျွန်တို့ သုံးယောက်လည်း Fuji House တွင် သီးသန့်ခန်း တစ်ခန်းယူကာ စားရင်းသောက်ရင်း စကားဖောင်ဖွဲ့ကြတော့၏။ Pink က အာလူးချောင်းကြော်တစ်ခုခုကို အချဉ်ရည်နှင့် တို့ရင်း ..

"ကေရီ .. လပြည့်ကျော်အကြောင်း ဘာထူးသေးလဲ"

"ဟင့်အင်း .. အခု ရက်အတွင်းတော့ နည်းနည်းငြိမ်နေတယ်။ ငါ့နောက်ကို လိုက်လာတာ မတွေ့တော့ဘူး"

ကေရီက ပြောပြီး ပဲကြာဆန်သုပ်ကို တစ်ဖွန်းခပ်စားလိုက်၏။ Pink က ဆက်ပြီး ..

"ဟိုတစ်နေ့က နင့်အဖေ ပြောလိုက်တာ တော်တော်လန့်သွားပုံရတယ်။ အေးလေ သူကလည်း သူပဲ။ မြန်မာပြည်မှာ အကျော်အမော် သူဌေးကြီးတစ်ယောက်ရဲ့သမီး သံလွင်ကေရီကိုမှ ဒီလို မဟုတ်တရုတ်နည်းကြီးနဲ့ ချဉ်းကပ်ရတယ်လို့ဟာ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရင် ချစ်တယ် ‥ ကြွေရင် ကြွေတယ်ပေါ့။ အဲဒီလို ပြောတာ မဟုတ်ဘူး"

Pink အပြောကြောင့် တစ်ချိန်လုံး ခေါင်းငုံ့စားနေသော ဌွန်က ခေါင်းထောင်ကြည့်သလို ကေရီကလည်း ကျေနပ်စွာ ပြုံးသွား၏။ ပြီးမှ ကေရီက …

"အဲဒီလို တိုက်ရိုက်ကြီး ရည်းစားစကားပြောရအောင်လည်း သူ့အသက်က ငါတို့ထက် တော်တော်ကြီးမယ်ထင်တယ်ဟ။ ဘယ်ပြောရဲမှာလဲ။ သူ့ကို ငါ စိတ်ဝင်စားလာအောင် အရင် လုပ်ရသေးတာပေါ့"

ဌွန်က Pink ကိုတစ်လှည့် ကေရီ့ကို တစ်လှည့် ကြည့်လိုက် ရင်း ‥

"ဟိတ် ‥ ဟိတ် နေကြပါဦး။ ငါတစ်ယောက်လုံး ရှေ့ထား ပြီး ငါ မသိတဲ့ကိစ္စတစ်ခုကို ဆွေးနွေးနေတာတော့ လုံးဝ ဖောင်း (foul) သွားပြီကွာ"

Pink က တဟားဟား အော်ရယ်လိုက်ပြီး …

"ဒီလို ဌွန်ရေ ‥ ကေရီကို လူတစ်ယောက် ကြွေနေလို့။ နင် သိပါတယ်။ ဟိုတစ်ခေါက် ငါတို့ ကော်ဖီဆိုင် ထိုင် ကြတော့ လာကြောင်တဲ့တစ်ယောက်လေ။ သူ့နာမည်က လပြည့်ကျော် တဲ့"

"ဟင် ‥ လပြည့်ကျော်မှတော့ လဆုတ်ပြီး လကွယ်ဖို့ပဲ ရှိ တော့မှာပေါ့။ ငါ သိပါတယ်။ သရဲဇာတ်လမ်းတွေ လျှောက် ထွင်နေတဲ့ ကောင် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား"

Pink ကပါ ဝင်ရယ်လိုက်၏။ ကေရီက နှစ်ယောက်စလုံးကို မျက်စောင်းထိုးလိုက်ပြီး . . .

"နင်တို့နှစ်ယောက်ကလေ . . သူများကို ချိုးချိုးဖဲ့ဖဲ့ပြောဖို့ဆို နှစ်ယောက်မရှိဘူး။ လိုက်လည်း လိုက်တဲ့နှစ်ယောက်"

ထိုစဉ် စည်သူနှင့် Dolly တို့အတွဲ ရောက်လာပြီး စည်သူက . .

"မှာ . . ဝါးတီးတွေတောင် ဆွဲထားပြီးနေပြီ။ Dolly ရေ . . ကိုယ်တို့ဖို့တောင် ကျန်ပါ့မလားမသိ"

ဟုပြောရင်း ခုံမှာဝင်ထိုင်လိုက်၏။ ဂျွန်က . . .

"မကျန်ဘူး . . မကျန်ဘူး ဟေ့ကောင် . . နေစမ်းပါဦး။ လက်ထဲမှာလည်း အထုပ်တွေ တစ်ပွေ့တစ်ပိုက်နဲ့။ ဘယ်သွားပြီး ပြန်လာကြတာလဲ"

"Dolly ပေါ့။ ရန်ကုန်မြို့အနှံ့ Shopping Mall တွေ ကုန်တာပဲ။ လူလည်း ဖတ်ဖတ်မောရောပဲ"

စည်သူက ပြောပြီး ဂျွန်သောက်လက်စ Mocha ကော်ဖီကို တစ်ကျိုက်ယူမော့လိုက်၏။ Dolly က အိတ်ထဲကအရုပ်များကို ထုတ်ကာ . .

"ဒီမှာတွေ့လား ဇကရီ . . မလှဘူးလား။ နင့်ကားထဲမှာထားတဲ့ အရုပ်မျိုးလေးတွေ ပုံရိုက်ယူလိုချင်လို့ မရရအောင် ရှာဝယ်ထားတာ"

Dolly က ကေရီ့ကားထဲတွင် တွေ့ရသည့် အလှတင်ချိတ်ဆွဲသော နိုင်ငံခြားဖြစ်အရုပ်ဆန်းလေးများကို ကြိုက်ပြီး သဘောကျခဲ့သည်က ကြာပြီ။ ထို့ကြောင့် သူလိုချင်တာလည်း ရပြီဆိုရော ကလေး

www.burmeseclassic.com



တစ်ယောက် ကွန်ပါဘူးအသစ်လေးဝယ်လာပြီး ကြွားသလို ကြွားတော့၏။ ကလေးစိတ်မကုန်သေးသော Dolly ကို ကေရီက စနောက်ချင်တာကြောင့် ..

"အံ့မယ် .. ကြည့်စမ်းပါဦး။ ဘယ်ကနေ ဘယ်လိုရှာဖွေပြီး ဝယ်လာတာလဲ။ ငါ သိသားပဲ Dolly ရဲ့။ နင်က ငါ့ကားကို ကျိတ်ပြီး အားကျနေတယ် မဟုတ်လား။ အရုပ်လေးတွေ ပုံစံတူဝယ်ထည့်တာနဲ့တော့ ငါ့ကားလို အမိုက်စား ဘယ်ဖြစ်ပါ့မလဲဟ .. နော် Pink ရယ်။ ဟား .. ဟား .. ဟား"

ကေရီ့အပြောကြောင့် Dolly က မျက်နှာစူပုပ်သွားပြီး ..

"ဟုတ်ပါတယ်။ ငါက နင့်လို ကျိကျိတက်ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ သမီးမှ မဟုတ်တာ။ နင့်အဖေလို ကားအကောင်းစားတော့ ငါ့မိဘတွေက မွေးနေ့လက်ဆောင် ဘယ်ပေးနိုင်ပါ့မလဲ။ ဒါပေမဲ့ နင့်ကားထဲမှာထားတဲ့ အရုပ်မျိုးတွေတော့ ငါတို့လည်း ဝယ်ခွင့်ရှိပါသေးတယ် မဟုတ်လား။ နင့်ကားမျိုးမစီးနိုင်ရင် နင့်ကားထဲက အရုပ်မျိုး မဝယ်ရတော့ဘူးလား"

စိတ်ဆိုးသွားပုံရသော Dolly ၏ မျက်နှာထားတင်းတင်းကြောင့် ကေရီက ..

"ဟယ် .. Dolly တကယ်ကြီး စိတ်ဆိုးသွားတာလား။ ငါက သူငယ်ချင်းအချင်းချင်း တမင်နောက်ပြောတာပါ။ ငါ့ကားလည်း နင်တို့ ကားပါပဲ အတူတူစီးလို့လည်း ရပါတယ်။ ငါ ဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး Dolly ရယ်"



www.burmeseclassic.com

www.burmeseclassic.com



Dolly က ဘာမှဆက်မပြောချင်သလို ပုံစံနှင့် မျက်နှာကိုမဲ့ကာ တစ်ဖက်လှည့်သွား၏။ Pink က ••

"ဟုတ်သားပဲ Dolly ရယ်။ ကေရီ့စိတ်လည်း နင် သိသားနဲ့။ ကေရီက ငါတို့သူငယ်ချင်းတွေအပေါ် ဒီလောက်စေတနာကောင်းတဲ့ ဥစ္စာ။ နင် ထိခိုက်နစ်နာအောင် ဘယ်ပြောပါ့မလဲ။ စိတ်မဆိုးတော့ပါနဲ့ဟာ ••"

စည်ရှူကလည်း •••

"ဟုတ်သားပဲ Dolly ရယ်။ စိတ်မဆိုးပါတော့နဲ့နော်"

ကေရီက ••

"ငါ တောင်းပန်ပါတယ် Dolly ရယ် •• ငါ့စကား မှားသွားတယ်"

Dolly က သက်ပြင်းတစ်ချက် သိသိသာသာ ချပြလိုက်ရင်း ••

"အေးလေ •• ရပါတယ် •• တောင်းပန်စရာမလိုပါဘူး။ နင်ပြောတာလည်း မှန်နေတာပဲ။ ငါ စိတ်မဆိုးတော့ပါဘူး"

စည်သူက ••

"ကဲ •• အားလုံး ပြေပြေလည်လည်ဖြစ်သွားပြီဆိုရင် သတင်းထူးတစ်ခု ပြောမယ်။ ရှေ့တစ်ပတ်ထဲကျရင် ငါ့ရှေ့နေလိုင်စင်သက်တမ်းကျော်နေတာကို သက်တမ်းပြန်တိုးဖို့ နေပြည်တော်ကို ခဏသွားမယ်"

"ဟင် •• ရှေ့နေလည်း လိုက်စားမှာ မဟုတ်ဘဲနဲ့ •• အလကား အချိန်တောင်ကုန်သေးတယ်။ အဲဒါများ သတင်းထူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဝွန်က ခနဲ့လိုက်၏။ စည်သူက အကြံပိုင်သူ့အိုက်တင်ဖြင့် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းကာ ..

"နိုး .. နိုး .. သတင်းထူးဆိုတဲ့ အဲ့ဒီခရီးကို Dolly နဲ့ ငါ နှစ်ယောက်တည်းသွားမှာ"

"ဟာ .. တကယ်လား။ နှစ်ယောက်တည်းဆိုတော့ ပျော်စရာ ကြီးကွာ .."

ဝွန်က အားကျသလို ပြောလိုက်၏။

Pink က ..

"အင်း .. ပျော်စရာတော့ ကောင်းပါတယ်။ ဒါပေမဲ့ နှစ်ယောက်တည်းဆိုတော့ ငါက စိတ်မချချင်ဘူး။ ဒါနဲ့ ဘယ် ကားနဲ့ သွားကြမှာလဲ"

"ငါ့ကားက သေးတော့ Dolly ကားပဲ ယူသွားမှာလေ"

ကေရီက ..

"အေးလေ .. ဘယ်ကားပဲ ယူသွား .. ယူသွား ကားကိုတော့ သေချာစစ်ပြီးမှ သွားကြဟာ။ အမြန်လမ်းက အခုတစ်လော နာမည်ကြီးနေတာ။ အဓိကကတော့ ကားကြွံခိုင်ရေးကို သေချာဂရုတစိုက် စစ်ဆေးကြနော်"

ဟု စိတ်ပူဟန်ဖြင့် ပြောလိုက်သည်။

Dolly က ..

"အေးပါဟာ .. ကေရီကလည်း .. ငါ့ကားကို အစုတ်ထင် နေလို့လား။ ငါ့ကားက နင့်ကားလောက် မကောင်းပေမဲ့ ငါ့



www.burmeseclassic.com

www.burmeseclassic.com



ကားလည်း Showroom က သွားဝယ်ထားတဲ့ အသစ်စက်စက် ပါပဲ''

Dolly စကားကြောင့် ကေရီလည်း ဘာမှ ဆက်မပြောတော့ဘဲ နှုတ်ဆိတ်နေလိုက်တော့သည်။ မနာလိုဝန်တိုစိတ်သည် ကြောက်စရာကောင်းမှန်း ကေရီ သဘောပေါက်လာသည်။ မနာလိုစိတ် ဝင်လာပြီဆိုရင် စေတနာစကားကပင် ဝေဒနာဖြစ်သွားတတ်သေးသည် မဟုတ်လား။ ကေရီကတော့ မနာလိုစိတ်ဖြင့် ပူလောင်နေရှာသော Dolly မျက်နှာကို ကြည့်ရင်း သက်ပြင်းတစ်ချက်သာ မသိမသာ ကျိတ်ပြီးချလိုက်မိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ကေရိက အဖေဖြစ်သူ ဦးသံလွင်ထွဋ်ခေါင်ကို မျက်နှာစူပုပ်ရင်း ကြည့်လိုက်မိ၏။ ဖေဖေက ဘာမှန်းမသိ။ မုန့်ဖိုးတောင်းသည့် ကိစ္စလေးကို ရေးကြီးခွင်ကျယ်လုပ်ပြီး သက်သက် ပြဿနာရှာနေသည်ဟု ကေရီစိတ်ထဲ ထင်မိသည်။ သိန်း ၂၀/၃၀ ဆိုတာ ဘယ်လောက်မှ ခံမှာ မဟုတ်တာ ဖေဖေလည်း သိသားနဲ့ဟု စိတ်ထဲက ကျိတ်ပြီး ပြောလိုက်သည်။

"သမီးက အခုနောက်ပိုင်း ပိုက်ဆံ အသုံးတော်တော်ကြမ်းလာတယ်။ ဖေဖေ သမီးကို မပေးချင်လို့ ပြောတာ မဟုတ်ဘူးနော်။ ဖေဖေ့သမီးလေး အသုံးနဲ့ အဖြုန်းကို မခွဲခြားတတ်မှာ စိုးလို့ ပြောနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလည်း ‥ ဖေဖေ့ဆီမှာ ဒီလောက် ပိုက်ဆံတွေ အများကြီးရှိတာကို။ ကိုယ့်သမီးလေး သုံးတာကိုများ တွန့်တို နေရတယ်လို့။ ဖေဖေ သမီးကို မချစ်ဘူးလား။ မချစ်တော့ ဘူး မဟုတ်လား။ သမီး သိပါတယ်"

ကေရီက တမင်ချွဲနွဲ့ပြီး ပြောလိုက်ရာ ဦးသံလွင်ထွဋ်ခေါင်က ပျာပျာသလဲဖြစ်သွားရင်း ‥‥

"မဟုတ်ဘူး သမီး။ ဖေဖေပြောနေတာ သမီးလေးကို ချစ်လို့ ပြောနေတာ။ ဖေဖေ့ကို အထင်မလွဲနဲ့"

ထိုစဉ် အင်တာကွန်းမှ ‥

"ဆရာ ‥ ဒေါ်မေရီလင်း ရောက်နေပါပြီ။ ရုံးခန်းထဲကို လွှတ် လိုက်ရမလား ဆရာ"

ဦးသံလွင်ထွဋ်ခေါင်က သူ့လက်မှ နာရီကို တစ်ချက်ကြည့် လိုက်ပြီး ‥

"အိုး ‥ ၂ နာရီတောင် ထိုးနေပြီပဲ။ သူနဲ့ appointment ရှိတယ်။ အေး ‥ အေး လွှတ်လိုက် ‥ လွှတ်လိုက်"

ဟု အင်တာကွန်းနားကပ်ကာ ပြန်ပြောလိုက်၏။ ကေရီက မေရီလင်းဆိုသည့်အသံကြောင့် အဖေဖြစ်သူကို မသိမသာ ခက်ခတ် ကြည့်နေ၏။ ထိုစဉ် ‥



www.burmeseclassic.com

www.burmeseclassic.com



"ခေါက် ‥ ခေါက် ‥ ခေါက်"

တံခါးခေါက်သံကြောင့် ဦးသံလွင်ထွန်းခေါင်က 'ဝင်ခဲ့ပါ'ဟု ပြောလိုက်၏။ ခေတ်ဆန်လှပသော အသက် ၄၀ အရွယ် အမျိုးသမီး တစ်ယောက် ဝင်လာသည်ကို တွေ့လိုက်သည်။ ဒေါ်မေရီလင်းက ‥

"အိုး ‥ ခေါင်။ long time no see နော်။ ယူက ပို ကြည့်ကောင်းလာတယ်"

ဟု ဘိုဆန်ဆန် နှုတ်ဆက်လိုက်၏။ ကေရီက သိပ်မကြိုက်သလို မျက်နှာကို မသိမသာ မဲ့လိုက်စဉ် ဦးသံလွင်ထွန်းခေါင်က ‥‥

"ဟား ‥ ဟား ‥ ဟား မေရီလည်း အတူတူပါပဲကွာ။ ကိုယ်တို့ မတွေ့တာ တော်တော်ကြာနေပြီနော်။ စင်ကာပူက အလုပ်ကိစ္စတွေရော အဆင်ပြေခဲ့ရဲ့လား"

"Fine ‥ Everytinig's Fine"

အင်္ဂလိပ်စာလုံးကို ပါးစပ်ဖျားက မချစတမ်း ပြောနေတာ ဒေါ်မေရီလင်းကို ကေရီတစ်ယောက်စတွေ့တွေ့ချင်းမှာပဲ မျက်စိဆံပင်မွေးစူးသွားမိသည်။ သူမအဖေဖြစ်သူကတော့ ‥

"လာ ‥ ထိုင် မေရီ ‥ ဪ ‥ မိတ်ဆက်ပေးရဦးမယ်။ ဒါ ကိုယ့်သမီးလေး သံလွင်ကေရီတဲ့"

"Nice to meet you သမီး"

ကေရီက ဒေါ်မေရီလင်း၏ နေရာတကာ အင်္ဂလိပ်လို ပြောနေတာကို တမင် အမြင်ကတ်ပြီး ‥‥

"ဟုတ်ကဲ့ ‥ မင်္ဂလာပါ ‥ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရွဲ့ပြောလိုက်သည်။ ဦးသံလွင်ထွဋ်ခေါင်ကတော့ မရိပ်မိ။

"ဒီအန်တီက ဖေဖေ့အလုပ်ပါတနာလေ။ စင်ကာပူကို အလုပ်ကိစ္စနဲ့သွားတာ ၆ လ လောက်ရှိနေပြီ။ မနေ့ကမှ ပြန်ရောက်တာ"

ဒေါ်မေရီလင်းက ..

"ယူ တော်တော်ဆိုးတယ်နော်။ မနေ့က လေဆိပ်ကို လာကြို မလာလို့ မျှော်နေသေးတာ .. ဟွန်း .."

ဟု အရွယ်နှင့်မလိုက် ညုတုတုပြောလိုက်ရာ ကေရီ့စိတ်ထဲ တင်းခနဲဖြစ်သွား၏။ ဦးသံလွင်ထွဋ်ခေါင်ကတော့ ဘာမှ မသိရှာ။ အရှိန်ခံ အတိုင်းပင် ..

"Sorry... Sorry ကိုယ် အလုပ်လေး နည်းနည်းရှုပ်နေလို့ပါ။ လေဆိပ်ကို လာမကြိုနိုင်ပေမဲ့ ဒီနေ့ညစာကိုတော့ ကိုယ့် တာဝန်ထား။ ကဲ .. ဘယ်ဟိုတယ်မှာ စားချင်လဲ ပြော"

"အိုး .. Good သိပ်ကောင်းတဲ့ အစီအစဉ်ပဲ။ Thank you ခေါင် ဒါပေမဲ့ စကားမစပ် ယူ့ရုံးခန်းကလဲကွာ .. ရှုပ်ပွနေ တာပဲ။ ကိုယ် နိုင်ငံခြားသွားနေပြီဆိုတာနဲ့ ယူ့အခန်းကို ရှင်းပေးမယ့် သူ မရှိတော့ဘူး မဟုတ်လား"

ကေရီ၏ သည်းခံနိုင်မှု အတိုင်းအတာ ကုန်ဆုံးသွား၏။

"ဖေဖေ .. ကေရီပြန်တော့မယ်"

"ဪ .. အေးအေး ... သမီး ဒီမှာ မုန့်ဖိုးယူသွားဦးလေ"

ကေရီက လှည့်ထွက်သွားရင်းက ..

"တော်ပြီ .. ဖေဖေ ... မယူတော့ဘူး။ ဖေဖေ ငါးစောက



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ဘာဖြစ်လို့ ဆူတာလဲဆိုတာ သမီး သဘောပေါက်သွားပြီ။ ဖေဖေ့ဘာသာ ပျော်ပျော်ကြီးသာ နေခဲ့တော့"

ဟုပြောကာ ခြေကို တမင် အသံမြည်အောင်ဆောင့်ရင်း ထွက်သွား၏။ ဦးထွန်းခေါင်တစ်ယောက် သမီးဖြစ်သူ၏အပြောကြောင့် ဒေါ်မေရီလင်းကို အားနာသွားပြီး အကြည့်ဖြင့်သာ တောင်းပန်လိုက်ရသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

လပြည့်ကျော်က သူ၏ Mark II အမျိုးအစားကားလေးကို အမြန်လမ်းမကြီးအတိုင်း မောင်းလာ၏။ ဆီဒိုင်ခွက်ကို ကြည့်မိတော့ လက်တံက ဘယ်ဘက်သို့ တော်တော်ကြီးယိုင်နေလေပြီ။ မနေ့က လောလောလောလောနှင့် အစီအစဉ်မရှိဘဲ နေပြည်တော်သွားဖို့ လေးလေးက ခိုင်းတာကြောင့် ဒီမနက်အစောကြီး ထထွက်လာခဲ့ရ၏။

လေးလေးဦးထွန်းကျော်က လပြည့်ကျော်၏ ဦးလေးတော်သလို လပြည့်ကျော်ကို နယ်ကနေ ခေါ်လာပြီး အခုလိုအခြေအနေထိ ရပ်တည်နိုင်အောင် ကူညီခဲ့သည့် ကျေးဇူးရှင်လည်း မဟုတ်လား မမှားချေ။ ဒါကြောင့် မနေ့က လေးလေးက ဆိုင်ရောက်လာပြီး 'ငါ့တူ ... နေပြည်တော်မှာ နေတဲ့ လေးလေးရဲ့ဆရာကို ကန်တော့ခြင်းလေးတစ်ခြင်း သွားပေးစေချင်တယ်'ဟု ခိုင်းတော့ အချိန်မဆိုင်း တစ်ထိုင်တည်း ခေါင်းညိတ်ခဲ့ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က ကားမောင်းနေရင်း လမ်းဘေးက မိုင်တိုင်ကို ကြည့်မိတော့ ၈၃ မိုင် ၅ ဖာလုံသို့ ရောက်နေလေပြီ။ မကြာခင် ၁၁၅ မိုင်သို့ ရောက်တော့မည်မို့ ဆီဝင်ထည့်ဦးမှပါလို့ စိတ်ထဲက တွေးပြီး မြန်မြန်ရောက်အောင် လီဘာကို နင်းကာ အရှိန်တင်လိုက်၏။

ထို့နောက် ၁၁၅ မိုင်အရောက်တွင် အစားအသောက်စားဖို့ပင် မနားတော့ဘဲ ဆီဆိုင်ဆီသို့သာ တန်းမောင်းသွားလိုက်သည်။ ဆိုင်ဝန်ထမ်းလေးက ...

"ဘယ်လောက်ထည့်မလဲ အစ်ကို"

"အပြည့်ဖြည့်မယ်ကွာ"

လပြည့်ကျော်၏ ပြောလည်းပြောရင်း ကားစက်ကို သတ်လိုက်တော့ ဆိုင်ဝန်ထမ်းက ပန့်ကိုဆွဲဖြုတ်ပြီး ကားဆီတိုင်ကီထဲသို့ ထိုးသွင်းလိုက်သည်။

လပြည့်ကျော်က ဆီဖြည့်နေစဉ် ကားအောက်သို့ဆင်းလာပြီး တာယာဘီးကို ခြေထောက်နှင့် ကန်ကြည့်လိုက်ရာ ဆိုင်ဝန်ထမ်းလေးက ...

"ဘာဖြစ်လို့လဲ အစ်ကို။ လေတင်းနေလို့လား။ ဟိုဘက်မှာတော့ တာယာဆိုင်ရှိတယ်"

"အေးကွာ .. လေများနေတာ ထင်တယ်။ ကားက နည်းနည်းခုန်နေလို့"

"ဒါဆိုရင်တော့ သွားစစ်ကြည့်မှ ကောင်းမယ်ထင်တယ် အစ်ကိုရေ။ ဒီလမ်းက မောင်းရတာ အန္တရာယ်များတယ်။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာနေ တိုက်ပြန်ပြီ၊ တော်ကြာနေ မှောက်ပြန်ပြီနဲ့ ကျွန်တော်တို့တော့ ခဏခဏကြားကြားနေရတာပဲ''

ဆိုင်ဝန်ထမ်းကောင်လေးက ဆီဖြည့်ပြီးပြီမို့ ပန့်ကို ပြန်နှုတ်သိမ်းပြီး ဆိုင်တိုင်ကီဖုံးကို ဂွပ်ခနဲမြည်အောင် ပြန်ပိတ်ပေးလိုက်သည်။ လပြည့်ကျော်က ဆီဖိုးပေးဖို့ ပိုက်ဆံရေတွက်ရင်း . . .

''ဟုတ်တယ်ကွ။ တစ်ခါတလေ လမ်းရဲ့အပြစ်လည်းပါတာပေါ့ကွာ။ ဒါပေမဲ့ တစ်ခါတလေမှာလည်း ယာဉ်မောင်းက ငိုက်နေလို့ပဲ ဖြစ်ဖြစ်၊ အရက်သောက်ထားလို့ပဲဖြစ်ဖြစ် အန္တရာယ်နဲ့ ကြုံနိုင်တာပဲ။ တချို့ကျတော့ ကားကလည်း ကောင်းတယ်။ လမ်းကလည်း ရှင်းတယ်ဆိုပြီး အရှိန်တင်ပြီးမောင်း။ ပြီးတော့ မထိန်းနိုင်ဘဲ ဒုက္ခရောက်ရော။ နောက်ပြီး . . . တို့မြန်မာလူမျိုး တွေ အတော်များများက ကားမောင်းရင် လုံခြုံရေးခါးပတ်ကို သိပ်ပတ်လေ့မရှိကြဘူး။ အဲဒီအကျင့်က ဆိုးတယ်ကွ''

''ဟုတ်တယ် အစ်ကို။ တချို့ကဆို အဲဒီလို ခါးပတ်ပတ်ရတာကိုပဲ ကြောင်တောင်တောင်နိုင်သလိုလို ရေးကြီးခွင်ကျယ်လုပ်တာလိုလို ဘာလိုလိုလို တလွဲထင်နေကြတာ။ အဲဒါမျိုးတွေ အကုန်လုံးကို ထောင့်စေ့အောင် ကာကွယ်နိုင်မှ အန္တရာယ်ကင်းမှာဗျ''

ဆိုင်ဝန်ထမ်းလေး၏အပြောကြောင့် လပြည့်ကျော် တွေတွေငေးငေးဖြစ်သွားမိသည်။

'လူကြောင့်ဖြစ်တဲ့ Accident ဆိုရင်တော့ လူကကြိုင်နိုင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်နိုင်တာ သေချာပါတယ်။ ဒါပေမဲ့ လူကြောင့်လည်း မဟုတ်၊ ကားကြောင့်လည်း မဟုတ်၊ လမ်းကြောင့်လည်း မဟုတ်တဲ့ ငါတို့ နားမလည်နိုင်တဲ့ အကြောင်းတစ်ခုခုဆိုရင် တော့ ဘယ်လိုကာကွယ်မလဲ'

ဟု တစ်ကိုယ်တည်း စိတ်ထဲက တွေးနေမိ၏။ 'ဟူး'ခနဲ သက်ပြင်းတစ်ချက် လေးလေးလံလံမှုတ်ထုတ်လိုက်သည်။ ထိုအကြောင်း ကို တွေးမိသည့်အခါတိုင်း သေတ္တာပုံလေးထဲ ဝင်ထိုင်နေသလို မွန်းကြပ် ပိတ်လှောင်သွား၏။

ထို့နောက် လပြည့်ကျော်လည်း ကျသင့်ငွေရှင်းပြီး ဆီဆိုင်ထဲ မှ ထွက်လာခဲ့သည်။ မန္တလေးသို့ဟု ဆိုင်းဘုတ်ရေး မြားပြထားသည့် နေရာသို့ မရောက်မီ ဆီဆိုင်အထွက်လမ်းပေါ် အရောက်မှာပင် ရန်ကုန် ဘက်မှ နေပြည်တော်ဘက်သို့ အရှိန်ပြင်းပြင်းနှင့် ကားတစ်စီး ဖြတ် မောင်းသွားသည်ကို မြင်လိုက်ရာ . . .

"ဝေါ . . ."

"ဟာ . . ."

လပြည့်ကျော်၏ စိတ်တွေ ယောက်ယက်ခတ်သွားပြီး ယောင် ယမ်းကာ ကားဘရိတ်ကို တုံ့ခနဲဆောင့်နင်းမိလိုက်သည်။ ထိုကား၏ ဘေးတွင် တွယ်ကပ်လိုက်ပါသွားသည့် ခွေးနက်မိစ္ဆာမရဏပုံရိပ်ကြီးက သူ့စိတ်တစ်ခုလုံးကို မီးလောင်တိုက်သွင်းလိုက်သလို သူ ချက်ချင်းပင် ထူပူစိုးရိမ်သွားသည်။

"ဟိုကားမှာ . . ဟိုကားမှာ . . ဟာ . . ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က သတိပြန်ဝင်လာလာချင်း လီဟာကိုနင်းကာ ကားကို အရှိန်တင်လိုက်၏။ ကားလေးက လေးကိုင်းမှ ပစ်လွှတ်လိုက်သည့် မြားတစ်စင်းလို အရှိန်ပြင်းပြင်းနှင့် ထွက်သွား၏။

တကယ်တော့ စောစောက မရဏနိမိတ်ပုံကပ်ပါနေသည့် ကားလေးထဲတွင်ကား စည်သူနှင့် Dolly တို့အတွဲက ကားကက်ဆက်ကို ကျယ်လောင်စွာဖွင့်ရင်း အပူအပင်ကင်းစွာ လိုက်ပါသွားကြခြင်းပင်။ လူငယ်ပီပီ ကားအရှိန်ကိုကား လုံးဝ မလျှော့။

လပြည့်ကျော်က စိုးရိမ်တကြီးဖြင့် ကားကို သတိထားပြီး အရှိန်တင်ကာ မောင်းရင်း . . .

"ဘုရား . . ဘုရား . . ဘာမှမဖြစ်ပါစေနဲ့။ ဘာမှ မဖြစ်ပါစေနဲ့"

ဟု စိတ်ထဲမှ တတွတ်တွတ်နှင့် ဆုတောင်းနေမိသည်။ စည်သူတို့ကားက ဘယ်လောက်အရှိန်နှင့် မောင်းနေသလဲမသိ၊ ကီလို ၁၀၀ ကျော်နင်းပြီး နောက်မှလိုက်နေသည့် လပြည့်ကျော်၏ကားက လိုက်မမီဘဲ ဖြစ်နေသည်။

ထိုစဉ် . . .

"ကျွီ . ."

"ဒုန်း . ."

"အား . ."

"ဟာ . ."

အရှိန်ပြင်းပြင်းနှင့် တရကြမ်းမောင်းလာသော စည်သူနှင့် Dolly တို့၏ ကားလေးသည် မိုင်တိုင် (၁၃၉) အရောက်လမ်းကွေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်ထဲသို့ ထိုးကျသွားတော့သည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသော လပြည့်ကျော်တစ်ယောက် အသက်ရှူရပ်မတတ် တုန်လှုပ်သွားမိသည်။

"ဟာ .. သွားပြီကွာ .. တောက်"

လပြည့်ကျော်က ကားစတီယာရင်ကို လက်သီးဖြင့် ခပ်ပြင်းပြင်း ထိုးရင်း ပြောလိုက်၏။ သူ ဘယ်လောက်ပဲ ကြိုးစားကြိုးစား မမြင်ရသည့် ကံကြမ္မာဆိုးကတော့ စည်သူနှင့် Dolly တို့ ချစ်သူနှစ်ယောက်ကို မရဏပြည်သို့ ခေါ်ဆောင်သွားခဲ့လေပြီ။

မကြာမီ တာဝန်ရှိသူများ ရောက်လာပြီး စည်သူတို့အလောင်းနှစ်လောင်းကို ကားထဲမှ ခက်ခက်ခဲခဲဆွဲထုတ်သယ်သွားကြ၏။ အရုပ်လေးများနှင့် ချစ်စဖွယ်အလှဆင်ထားသော Dolly ၏ ကားလေးကတော့ တွန့်လိမ်ကောက်ကွေးပြီး အရုပ်ဆိုးအကျည်းတန်စွာ ချောက်နှုတ်ခမ်းပေါ် မေးတင်နေ၏။

အရာအားလုံးကား ပြီးဆုံးသွားလေပြီ။ ကံပါလာရင် ဘယ်သူမှ တားဆီးလို့မရဟူသော စကားကိုပင် ယုံကြည်ရမလိုလို ဖြစ်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကြိုသိပါလျက်နှင့် လူ့အသက်ကို ကယ်တင်ခွင့်မရတာကြောင့် လပြည့်ကျော်တစ်ယောက် သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်လို ခံစားနေမိ၏။ လပြည့်ကျော်က တရွေ့ရွေ့ထွက်ခွာသွားသည့် စည်သူတို့အလောင်း တင်ထားသော နာရေးကူညီမှုကားကို ကြည့်ရင်း မျက်ရည်တစ်စက် ပါးပြင်ပေါ် လိမ့်ကျသွား၏။ သေမင်းကို ကြိုမြင်နိုင်သောအစွမ်း ရထားသည့် သူ့ကိုယ်သူ ကံကောင်းသူလား၊ ဒါမှမဟုတ် ကံဆိုးတာလားဆိုတာ သူ မဝေခွဲတတ်တော့ပါချေ။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ခမ်းနားကြီးကျယ်သော Five Star အဆင့်ရှိ ဟိုတယ်ဝင်းကြီးထဲသို့ နောက်ဆုံးပေါ် အဖိုးတန်ဇိမ်ခံကားတွေက တဝေါဝေါနှင့် မောင်းလာကြ၏။

အနောက်တိုင်းဝတ်စုံကို စမတ်ကျစွာ ဝတ်စားထားသော လူများနှင့် အဝတ်အစား တောက်တောက်ပပ ဝတ်စားထားပြီး အဖိုးတန် လက်ဝတ်ရတနာများ ဆင်မြန်းထားသည့် အမျိုးသမီးများက ကားပေါ်မှ ကြော့ကြော့မော့မော့ ဆင်းလာကြသည်။

ပြောင်လက်နေသော ရှူးဖိနပ်သံများ၊ ခွာမြင့်ဖိနပ်ဆီမှ တဖွပ်ဖွပ်သံများက ဟိုတယ် Ball room တစ်ခုလုံး ပွဲတင်းပင်သွားလေ၏

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း လှောင်ပြောင်သံ၊ ရယ်မောနှုတ်ဆက်သံများနှင့် ပြည့်လျှံနေသည်ကို ကြည့်ခြင်းအားဖြင့် ဒီပွဲသည် နာမည်ကြီးသူဌေးတစ်ယောက်၏ ပါတီမှန်း သိသာလွန်းလှသည်။

မှန်သည်။ ရန်ကုန်မြို့က Top Ten ဝင် ထိတ်ထိတ်ကြဲသူဌေးတွေသာမက နိုင်ငံခြားသားများကပါ တလေးတစား တက်ရောက်သည့်ပွဲသည် သံလွင်ကုမ္ပဏီပိုင်ရှင် ဦးသံလွင်ထွန်းခေါင်၏ ပါတီပွဲပင် ဖြစ်သည်။

"ဦးသံလွင်ထွန်းခေါင်တို့များ ဘာဆေးတွေစားပြီး ဒီလောက်နုပျိုနေလဲ မပြောတတ်ဘူး။ ကျွန်တော်တို့ အသက်အတူတူ ချင်းတောင် ခင်ဗျားနဲ့ယှဉ်လိုက်ရင် တော်တော်အိုစာသွားတယ်"

"ဟုတ်တာပေါ့ဗျာ။ ဦးသံလွင်ထွန်းခေါင်က တစ်ကိုယ်တည်းသမားဆိုတော့ စိတ်က အမြဲနုပျိုနေတော့ လူကပါ နုသွားတာပေါ့။ ကျွန်တော်တို့များတော့ အိမ်ကမိန်းမကြီးကို တွေ့တွေ့နေရတာနဲ့တင် လူက မလန်းတော့ဘူးဗျို့ . . . ဟား . . . ဟား . . . ဟား"

ဦးသံလွင်ထွန်းခေါင်က . . .

"ခင်ဗျားတို့ကလည်း ပြောတော့မယ်။ ဘယ်က တစ်ကိုယ်တည်းသမားရမှာလဲ။ သမီးတစ်ယောက်အဖေပါဗျ"

"ဘာထူးလဲဗျာ။ မိန်းမမရှိရင် တစ်ကိုယ်တည်းသမားပဲပေါ့။ မဟုတ်ဘူးလား။ ပြီးတော့ . . . ဘေးနားမှာ ရေပူရေချမ်းကမ်း လှမ်းမယ့်သူကလည်း အသင့်ဗျာ။ ဘာလုပ်ချင်လဲ . . ဘာစား ချင်လဲ အားလုံးဖြစ်စေရမယ်။ စိတ်ကမလွဲနဲ့ဗျို့



www.burmeseclassic.com

www.burmeseclassic.com



. . ဆေးပေးမီး ယူခဲ့တဲ့စကားလည်း ရှိသေးတယ်လေ ဟုတ်တယ်မဟုတ်လား ဒေါ်မေရီလင်းရယ်''

ဦးသံလွင်ထွန်းခေါင်၏ ပါတနာ ဦးမြင့်ဆွေက ဘေးနားက ဒေါ်မေရီလင်းကိုပါ စကားဝိုင်းထဲ တမင်ဆွဲထည့်ကာ ပြောလိုက်သည်။ ခပ်လှမ်းလှမ်းတွင်ရှိနေသော ဇာကရီက ထိုစကားကြောင့် အဖေဖြစ်သူကို တစ်ချက်လှည့်ကြည့်၏။ ဒေါ်မေရီလင်းက ရှက်ပြုံးလေးသော ပြုံးရင်း . .

"အို . . ရှင်တို့ကတော့ ပြောတော့မယ်။ ဘာမှန်းလည်း မသိဘူး . . ဟင်း . . ဟင်း''

"ဟုတ်သားပဲ . . ခင်များတို့က ဘာတွေလျှောက်ပြောနေတာ လဲ။ အားလုံး မနေတတ် မထိုင်တတ်ဖြစ်ကုန်တော့မယ်။ ဟိုမှာ မေရီ့ကို အားနာစရာ''

"ရပါတယ် ခေါင်ရယ်၊ သူတို့က အခုမှပြောတာ မဟုတ်ဘူး။ မေရီ့ကို တွေ့တိုင်း ခေါင်နဲ့ အခုလို အမြဲနောက်နေကျ''

ဦးမြင့်ဆွေက ပြောလေကဲလေဆိုသလိုပင် ဆက်ပြီး . . .

"ဩော် . . ကျွန်တော်တို့က ကိုယ့်လူရင်းတွေမို့ ဖြစ်စေချင်လို့ ပါဗျာ။ ခင်ဗျား မကြိုက်ရင်လည်း မပြောတော့ပါဘူး ဦးထွန်းခေါင်ရယ်''

"ဟာ . . ကျွန်တော်က မကြိုက်တဲ့သဘော မဟုတ်ပါဘူး''

"ဒါဆို . . ခင်ဗျားက ကြိုက်တယ်ပေါ့၊ ဟာ . . ဝမ်းသာစရာပဲ ဗျို့''

ထိုစကားကြောင့် ဦးသံလွင်ထွန်းခေါင်က ပျာပျာသလဲဖြစ်သွား ရင်းက . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာကိုပြောတာလဲ ‥ မဟုတ်တူးလေဗျာ ‥ ကျွန်တော်ပြော တာက ‥ ဟာ ‥ ခင်ဗျားပြောမှ ဗိုက်ရှုပ်ကုန်ပြီ"

"ဟား ‥ ဟား ‥ ဟား"

အားလုံးက သဘောကျစွာ ဝိုင်းရယ်လိုက်ကြ၏။ ကာယကံရှင် နှစ်ယောက်လည်း တစ်ယောက်ကိုတစ်ယောက် မကြည့်ရဲဘဲ အရှက်ကြီး ရှက်ကာ ဘာလုပ်လို့ ဘာကိုင်ရမည်မှန်း မသိ ဖြစ်သွားကြသည်။ ဒေါ်မေရီလင်းလည်း ရှက်ကာ ဦးသံလွင်ထွဋ်ခေါင်၏ ပန်းစပ်နား အကြည့် ရောက်သွားစဉ် အင်္ကျီပန်းစွန်းတွင် ကပ်နေသော အမှိုက်လေးတစ်စကို ဘာရယ်မဟုတ် လက်ဖြင့်ပုတ်ကာ ဖယ်ပေးလိုက်ပါသည်။

ဒါကိုမြင်လိုက်ရသော ကေရီက ဒေါသအိုး ပေါက်ကွဲကာ လက်ထဲတွင် ဝိုင်ခွက်ကိုင်ထားရင်းက အဖေဖြစ်သူတို့နားသို့ စိတ်ဆိုး မာန်ဆိုး လျှောက်လာသည်။ ပြီးနောက် ဘယ်သူမှ ထင်မှတ်မထားမိ ချိန်မှာပင် ဒေါ်မေရီလင်း၏ ပန်းကို အရှိန်ဖြင့် တွန်းတိုက်လိုက်၏။

"ခွမ်း ‥"

"Oh .. my God"

ကေရီ၏လက်ထဲက ဝိုင်ခွက်ထဲမှ ဝိုင်များ ဒေါ်မေရီလင်း၏ အင်္ကျီပေါ် စွန်းပေသွားသလို ဒေါ်မေရီလင်း၏ လက်ထဲက ဝိုင်ခွက်လည်း ကြမ်းပြင်ပေါ်ကျကွဲသွားတော့သည်။ တခြားလူများလည်း အံ့အားသင့်ပြီး ဝိုင်းကြည့်ကုန်ကြ၏။

"ဟာ ‥‥ မေရီ ‥‥ ဘာဖြစ်သွားသေးလဲ။ ထိသွားသေးလား"

"ဟင့်အင်း ‥‥ ရပါတယ်။ ဖန်ခွက်ပဲ ကျကွဲသွားတာ"

"Sorry ကွာ ‥‥ ကိုယ်တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကေရိကတော့ ကလေးဆန်ဆန် အောင်နိုင်သောအပြုံးကို ပြုံးပြီး 'တောင်းပန်ပါတယ်' ဟုပင် တစ်ခွန်းမပြောဘဲ ထိုနေရာမှ တစ်လှမ်းချင်း လှည့်ထွက်သွားတော့သည်။

ဦးသံလွင်ထွန်းခေါင်ကတော့ ထိုအပြုအမူအတွက် သမီးဖြစ်သူကို တော်တော်လေး ဒေါသထွက်သွားမိသည်။ အိမ်ပြန်ရောက်တော့ ဦးသံလွင်ထွန်းခေါင်တစ်ယောက် အကြီးအကျယ် စိတ်ဆိုးတော့၏။

"သမီး . . . ဘာလို့ အဲဒီလိုလုပ်ရတာလဲ။ ပါတီပွဲမှာ သမီးလုပ်ပုံက သိပ်ကို ရုပ်ဆိုးလွန်းတယ်။ ကိုယ့်ရဲ့ အဆင့်အတန်းနဲ့ လုံးဝ မလိုက်ဖက်ဘူး။ ဖေဖေ့သိက္ခာကိုလည်း သမီး ထည့်မတွက်ဘဲ လုပ်ချင်ရာ လုပ်သွားတယ်။ ဧည့်သည်တွေရှေ့မှာ ဖေဖေဘယ်လောက်မျက်နှာပူရတယ်ထင်လဲ . . . ဟင် . . . သမီး ပြောစမ်း"

"အဲဒါလေးလုပ်မိတာ သမီးမှာ အပြစ်တော်တော်ကြီးသွားတယ် ဟုတ်လား ဖေဖေ။ ဒေါ်မေရီလင်းဆိုတဲ့ မိန်းမကြီး လက်ထဲက ဖန်ခွက်ကို ကျကွဲအောင်လုပ်မိတာနဲ့ သမီး အဆင့်အတန်းက တော်တော်နိမ့်ကျသွားပြီပေါ့နော်. . . ဟင်း . . . ဟင်း"

ကေရိက ခနဲ့တဲ့တဲ့ပြောလိုက်၏။ အဖေဖြစ်သူက . .

"ဟ . . . အဲဒါ အဆိုးဆုံးပဲ၊ ဧည့်သည်တစ်ယောက်ကို တွန်းတိုက်သွားပြီး သူ့လက်ထဲက သောက်နေတဲ့ဖန်ခွက် ကျကွဲအောင်လုပ်တာ . . . ပြန်တောင်းပန်ရကောင်းမှန်း မသိတဲ့ဟာ အင်မတန်မှ ရိုင်းပျတဲ့အပြုအမူပဲ သမီးရဲ့။ ဒါကြောင့် သမီး



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ဘူးလား။ လူမှုရေးဆိုတာရော သမီးခေါင်းထဲမှာ ရှိသေးရဲ့လား ဟင်''

''ဘာ ... လူမှုရေးလဲ ဖေဖေ။ လူပုံအလယ်မှာ ကလူသလို မြူသလိုလုပ်ပြီး အခြားလူတွေ စနောက်နေတာကို သာယာ ရယ်မောနေတာ လူမှုရေးလား။ sorry ပဲ ဖေဖေ။ အဲဒီလို မိန်းမမျိုးအတွက်တော့ လူမှုရေးဆိုတာကို သမီး နားလည် မပေးနိုင်ဘူး။ သမီးအပြုအမူဟာ ရိုင်းကောင်းရိုင်းနေလိမ့် မယ်။ ဒါပေမဲ့ သမီးမှန်တယ်''

''ဘာကို မှန်တာလဲ သမီး။ ကိုယ့်အဖေနဲ့ ရွယ်တူမိန်းမ တစ်ယောက်ကို သမီး စော်ကားတာ မှန်တာလား။ လူပုံ အလယ်မှာ ဖေဖေ့သိက္ခာကိုချတာ မှန်တာလား''

''အို .. မသိဘူး ဖေဖေ။ သမီးကတော့ အဲဒီ ဒေါ်မေရီလင်း ဆိုတဲ့ မိန်းမကြီးကို မိတွေ့မတော်ရဖို့ဆိုရင် ဘာမဆို ဆန့်ကျင် နေမှာပဲ ဖေဖေ။ အဲ့ဒီမိန်းမကြီးကို အမေလို့ မခေါ်နိုင်ဘူး''

''နေစမ်းပါဦး။ ဘာကြောင့် သူ့ကို မိတွေ့တော်ရမှာလဲ။ ဖေဖေ တို့က ဘာဖြစ်နေလို့လဲ။ သမီး စကားက ဖေဖေ့သိက္ခာကိုပါ စော်ကားနေပြီဆိုတာ သမီး သတိထားမိရဲ့လား''

''အဲဒီမိန်းမကြီး ဖေဖေ့ကို မြူဆွယ်နေတာ သမီး သိသားပဲ။ ဖေဖေလည်း အတူတူပဲ .. မကြာခင် အဲဒီမိန်းမရဲ့ မာယာ ထဲမှာ ဖေဖေပါသွားတော့မှာ။ အရှက်မရှိတဲ့ မိန်းမ''

သမီးဖြစ်သူ၏ အပြောကြောင့် ဦးသံလွင်တွင်မူခေါင် ရုတ်တရက် ထောင်းခနဲဖြစ်သွားမိပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း သံလွင်ကေရီ . . . မင်းဘာလို့ ဒီလောက် မိုက်ရိုင်းနေရတာလဲ။ မင်း ငါ့သမီးမဟုတ်ဘူးလား ဟင် ပြောစမ်း။ ဘာလို့ သူများကို အဲဒီလို မှိုချိုးမျှစ်ချိုး ကြမ်းကြမ်းတမ်းတမ်း ပြောနေရတာလဲ"

ကျယ်လောင်သော ဖခင်ဖြစ်သူ၏ မာထန်သောအပြောကြောင့် သံလွင်ကေရီ အံ့သြသွားရင်း တစ်ပြိုင်နက် ဝမ်းနည်းမျက်ရည်များ ကျလာပြီး . . .

"သြော် . . ဖေဖေက သူနဲ့ပတ်သက်ရင် သမီးကိုတောင် မင်း တစ်လုံး ငါတစ်လုံးနဲ့ ပြောနေပြီကို။ ဖေဖေ သိပ်ရက်စက်တာပဲ။ ဟင့် . . ဟင့် . . ဖေဖေနဲ့ အဲဒီမိန်းမကြီးယူကြတော့မယ် မဟုတ်လား။ သမီး သိသားပဲ။ ဟီး . . ဟင့် . . ဟင့်။ ဖေဖေ မကောင်းဘူး။ ဖေဖေ့ကို မချစ်တော့ဘူး"

ကေရီက ကလေးတစ်ယောက်လို ဝမ်းပန်းတနည်းပြောကာ ငိုရှိုက်ရင်း အပေါ်ထပ်ရှိ သူမအိပ်ခန်းဆီသို့ ပြေးတက်သွားတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီးကို မုန်းသွားပြီ။ ဒီအိမ်မှာ မနေချင်တော့ဘူး"

ကေရိက ထိုစာကို မှန်ပေါ်တွင် နှုတ်ခမ်းနီတောင့်ဖြင့် ရေးလိုက်ပြီး နှုတ်ခမ်းနီတောင့်ကို နံရံဆီသို့ ဒေါသတကြီး ပစ်ပေါက်လွှင့်ပစ်လိုက်သည်။ သူမစိတ်ထဲတွင် ဝမ်းနည်းစိတ်၊ အဖေဖြစ်သူကို နာကြည်းခံပြင်းစိတ်၊ ဒေါ်မေရီလင်းအပေါ် မုန်းတီးရွံရှာစိတ်များဖြင့် ဗလောင်ဆူနေလေသည်။ ထို့နောက် ကေရိက ဗီရိုထဲမှ အဝတ်အစားများ၊ ငွေစက္ကူအုပ်များနှင့် Credit ကဒ်ပါမကျန် အားလုံး ယူလိုက်၏။ ခရီးဆောင်သေတ္တာထဲ အဝတ်များကို လုံးထွေးထည့်ရင်း ပါးပေါ်သို့ ကျလာသော မျက်ရည်များကို လက်ဖြင့် ခပ်ကြမ်းကြမ်းပွတ်သုတ်လိုက်သေးသည်။

အားလုံး အသင့်ပြင်ပြီး ခရီးဆောင်သေတ္တာကို ဖစ်ဆွဲပိတ်၊ ခုံပေါ်မှ ကားသော့ကို ယူကာ အခန်းထဲမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲရောက်တော့ ခြံတံခါးကို Remote ဖြင့်ဖွင့်ပြီး ကားနောက်ဖုံးထဲသို့ အဝတ်သေတ္တာကြီးကို မနိုင်မနင်းဆွဲထည့်နေစဉ် ခြံစောင့်က နိုးသွားပြီး ခါတ်မီးတစ်လက်ဖြင့် ကပျာကယာ ပြေးလာကာ ..

"ဟာ .. မမလေး .. ညဦးနက်သန်းခေါင်ကြီး ဘယ်သွားမလို့လဲဟင်"

"တိတ်တိတ်နေ .. နင့်ပါးစပ်ကို ပိတ်ထား.. ဘာသံမှ မထွက်စေနဲ့ ဘယ်သူ့မှလည်းမပြောနဲ့.. ငါပြောတာကြားလား"

"ဗျာ .. မမလေး .. ဘာ .. ဘာလုပ်မလို့လဲဟင်"

ခြံစောင့်က စိုးရိမ်တကြီးမေးလိုက်သည့် အမေးကိုပင် ဂေါ်ရီက ဂရုမစိုက်တော့။ သူမစိတ်ထဲ ဒီအိမ်ကြီးထဲမှ မြန်မြန်ထွက်သွားချင်စိတ်သာ ဖုံးနေသဖြင့် ကားပေါ် ကပျာကယာတက် စက်နှိုးကာ မောင်းထွက်သွားတော့သည်။

ခြံစောင့်ခမျာ ဘာမှ ဆက်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့် ငေးကျန်ရစ်ခဲ့ရ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ကေရီက သူမစိတ်ကူးထားသည့်အတိုင်း ညက Sedona ဟိုတယ်တွင် တစ်ညအိပ်ပြီး မနက်မိုးလင်းတော့ သူငယ်ချင်းဖြစ်သူ Pink ကို မရအရခေါ်ကာ ငွေဆောင်သို့ ကားမောင်းထွက်လာခဲ့သည်။ Pink ကတော့ လူကြီးတွေမသိအောင် ထွက်လာခဲ့ရသည်မို့ ရင်တထိတ်ထိတ်နှင့်။ သို့သော် လူငယ်လူရွယ်တွေပီပီ ခဏချင်းမှာပင် စိတ်ညစ်စရာများပျောက်ကာ အခု ထွက်လာသော ခရီးက အပန်းဖြေခရီးထွက်လာသလိုလို ဘာလိုလို ပျော်သွားကြသည်။

ထိုအချိန်မှာပင် လပြည့်ကျော်၏ ဟန်းဖုန်းသို့ Unknown call ဆိုပြီး ဖုန်းဝင်လာရာ..

"ဟယ်လို..ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ"

"လပြည့်..ကျွန်မ နတ်သမီးပါ"



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က မျက်မှောင်ကုတ်ကာ ဖုန်းကို တစ်ချက်ပြန် ကြည့်လိုက်ပြီးမှ . . .

"ဩော် . . . နတ်သမီး ပြောလေ"

"ရှင် . . . အခု ဘယ်မှာလဲ"

"ဆိုင်မှာပဲလေ . . စာရင်းလေးတွေ လုပ်နေတာ။ နတ်သမီး လာမလို့လား"

"ကျွန်မ လာမလို့မဟုတ်ဘူး။ ရှင့်ကို အရေးတကြီးပြောစရာရှိ လို့၊ ဇေကရီ ငွေသေတ္တာကို ဒီနေ့မနက်ပဲ သူ့ကားနဲ့ ထွက်သွား ပြီ"

"ဘာ ! . . . ဟာ ဒုက္ခပါပဲ"

လပြည့်ကျော် ခေါင်းနားပန်းကြီးတက်သွား၏။ နတ်သမီးက . . .

"အဲဒါ ရှင်မြန်မြန်လိုက်တားမှဖြစ်မယ်။ မနက်ကတင် သွား တာဆိုတော့ ရှင်အခုနေလိုက်ရင် မီနိုင်တယ်။ ရှင်အမြန်ဆုံး လိုက်သွားပါနော်"။

"အင်း . . အင်း . . ကိုယ် အခုချက်ချင်း လိုက်သွားလိုက်မယ်။ ဒါနဲ့ နတ်သမီးက အဲဒီအကြောင်းကို ဘယ်လိုသိတာလဲဟင်"

"အို . . အဲဒါတွေနောက်မှ အေးအေးဆေးဆေးပြောပြတော့ မယ်။ အရေးကြီးဆုံးက ရှင် အခု ဇေကရီ့နောက်ကို အမြန် လိုက်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးက ပြောပြီး ဖုန်းကို ချပ်ခနဲချသွားသည်။ လပြည့်ကျော်လည်း ဘာမှမစဉ်းစားတော့ဘဲ အခန်းထဲပြေးဝင်၊ မှတ်ပုံတင်၊ ပိုက်ဆံနှင့် အဝတ်အစားကို အိတ်တစ်လုံးထဲထည့်ကာ ကားမောင်းထွက်လာခဲ့တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဦးသံလွင်ထွဋ်ခေါင်တစ်ယောက်လည်း သမီးဖြစ်သူ၏ လုပ်ရပ်ကို သိသွားကာ အကြီးအကျယ် စိတ်ပူနေ၏။ စထွက်သွားကတည်းက မပြောရကောင်းလားဆိုကာ ခြိမ်းခြောက်ကိုလည်း ဆူသည်။

တပည့်များကိုလည်း လွှတ်ကာ နေရာအနှံ့ ရှာဖွေခိုင်းသည်။ သူကိုယ်တိုင်လည်း ဘာလုပ်ရမယ်မှန်းမသိဘဲ ဗျာများကာ သမီးဖြစ်သူ၏ ဓာတ်ပုံလေးကိုသာ ကြည့်ရင်း 'လုပ်ရပ်လိုက်တာ သမီးရယ်' ဟုသာ ခပ်တိုးတိုး ရေရွတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်ကုမ္ပဏီ၏ ရုံးခန်းထဲတွင်ကား ဦးသံလွင်ထွန်းခေါင် တစ်ယောက် ထိုင်မနေနိုင်ဘဲ လက်နှစ်ဖက်နောက်ပစ်ကာ ဟိုလျှောက် ဒီလျှောက်လုပ်နေလေ၏။ ကုမ္ပဏီမှာ ရှိသမျှ ကွန်ပျူတာပညာရှင်တွေ အားလုံးလည်း ဦးသံလွင်၏ ရုံးခန်းကျယ်ကြီးထဲမှာပင် အလုပ်ရှုပ်နေ လျက်ရှိသည်။

ဦးထွန်းခေါင်က စိတ်မရှည်တော့သဖြင့် . . .

"ကဲ . . . ဘယ်လိုလဲ . . . ဘယ်လိုလဲ . . . အခုထိ ခြေရာမခံမိ သေးဘူးလား။ Credit ကဒ်ကိုလည်း စစ်၊ ဘဏ်ကိုလှမ်းပြော ပြီး သူ့ account ကို check လုပ်နိုင်းကွာ။ ဘယ်မြို့ ဘယ် ဘဏ်ခွဲကနေ ပိုက်ဆံထုတ်သလဲဆိုတာ ရအောင်ရှာကြ"

တပည့်လက်ရုံးနှစ်ယောက်ဖြစ်သော လှထွန်းနှင့် မောင်သန်းတို့ လည်း ဘေးမှ မျက်နှာပျက်ကာ ဘာလုပ်ပေးရမည်မှန်းမသိ ဖြစ်နေကြ သည်။ မောင်သန်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . မြို့အဝင်အထွက်ဂိတ်တွေ အားလုံးကိုတော့ ပြောထား ပါတယ်။ တစ်ခုခု ထူးတာနဲ့ ဖုန်းဆက်ဖို့လည်း မှာထားတယ် ဆရာ"

"မင်းတို့ ဘယ်ဖုန်းနံပါတ်တွေ ပေးခဲ့တာလဲ။ ၂ လုံး ၃ လုံး ပေးခဲ့ရဲ့လား။ တော်ကြာ ဖုန်းက ခေါ်မရဖြစ်နေဦးမယ်"

"ကျွန်တော်တို့ ဖုန်းတွေရော . . သံလွင်ကုမ္ပဏီလုပ်ငန်းစုရဲ့ Visiting Card ထဲမှာပါတဲ့ ဖုန်းနံပါတ်တွေ အကုန်ပေးခဲ့ပါ တယ် ဆရာ"

"ပြီးတော့ . . . သံလွင်ကုမ္ပဏီက ဖုန်း ၈ လုံးကို Hot Line လုပ်ခိုင်းထားပါတယ် ဆရာ"

"အေး . . . ဟုတ်ပြီ . . . အဲဒါကောင်းတယ်။ နေဦး . . . ဘူတာ ဘက်ကိုရော ရှာခဲ့ပြီးပြီလား။ အဲဒီက တာဝန်ကျဝန်ထမ်း တွေကိုရော ပြောထားပြီးပြီလား"

"အဲဒါတော့ မပြောထားမိဘူး ဆရာ။ ကောရီလေးက အိမ်က ကားယူသွားတာဆိုတော့ ရထားဘူတာရုံဘက်ကိုတော့ မသွား လောက်ဘူးထင်ပြီး . . ."

ဦးသံလွင်ထွဋ်ခေါင်က မျက်နှာရှုံ့မဲ့သွားရင်း . . .

"ကျွတ် . . မင်းတို့ကလည်းကွာ . . . နေရာအနှံ့ရှာပါဆိုနေ သွား . . သွား အခုချက်ချင်း ဘူတာကြီးကိုသွား။ အဲဒီက ဝန်ထမ်းတွေကို သေချာသွားမှာထား။ ကြာတယ်ကွာ။ ငါ့နာမည်သာ ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းနှင့် လှထွဋ်မှလည်း 'ဟုတ်ကဲ့ ဆရာ'ဟု ပြောပြီး . .
ထွက်သွားသည်။ ထိုစဉ် ကွန်ပျူတာပညာရှင်တစ်ယောက်က . .

"ခဏ . . . ခဏနေဦး . . . ဆရာ . . ဆရာ . . . ဆရာ့သမီးရဲ့
Credit card ကို ခြေရာခံမိပြီ။ ငွေဆောင်မှာရှိတဲ့ Aurion
Hotel မှာ သုံးထားတာ ဆရာ"

"ဟင်. . ဟုတ်လား။ လှထွဋ်. . မောင်သန်း. . ဘူတာ
မသွားနဲ့တော့။ ကားအသင့်ပြင်။ အခုချက်ချင်း ငွေဆောင်ကို
သွားမယ်"

လှထွဋ်နှင့် မောင်သန်းလည်း ခေါင်းကို ဆတ်ခနဲ ညိတ်ပြ
လိုက်၏။

■



www.burmeseclassic.com

www.burmeseclassic.com



ငွေဆောင်ကမ်းခြေထဲ ကားစဝင်လိုက်သည်နှင့် လပြည့်ကျော် တစ်ယောက် အူကြောင်ကြောင်ဖြစ်သွားသည်။ ကေရီ ငွေဆောင်သို့ သွားသည်ဆို၍ နတ်သမီးပြောတာနှင့် လိုက်လာခဲ့ရသည်။ ငွေဆောင်ဆို တာ အိမ်တစ်အိမ်မှ မဟုတ်ဘဲလေ။ ငွေဆောင်မှာ တည်းခိုလို့ရသည့် ဟိုတယ်အများကြီးတွင် ကေရီကို သူ ဘယ်လိုသွားရှာမလဲ။

လပြည့်ကျော် အနည်းငယ်စိတ်ပျက်သွားမိသည်။ သို့သော် ရောက်ပြီးလက်စနှင့်တော့ ရှေ့ဆက်တိုးရုံအပြင် တခြားရွေးချယ်စရာ မရှိတော့ပြီမို့ ဟိုတယ်တစ်လုံးဝင် တစ်လုံးထွက်လိုက် စုံစမ်းတော့မည် ဟု စိတ်ကို ဒုန်းဒုန်းချလိုက်၏။

ထို့နောက် လပြည့်ကျော်က ဟိုတယ်ဇုန်တွင်ရှိသော ဟိုတယ် များထဲ တစ်ခုပြီးတစ်ခုသို့ သွားကာ စုံစမ်းသည်။

"တစ်ခုလောက် စုံစမ်းချင်လို့ပါ ခင်ဗျာ။ ဒီဟိုတယ်မှာ ရှေးကျန် က သံလွင်ကေရီနာမည်နဲ့ တည်းခိုတဲ့ ဧည့်သည်များ ရှိပါသလား"



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်များရှိ ဝန်ထမ်းတိုင်းက ကွန်ပျူတာကို တခေါက်ခေါက် နှိပ်ကာ ရှာကြည့်ပေးသည်။ သို့သော် နောက်ဆုံး 'No' ဆိုသည့်အဖြေကိုသာ ရသည်။ လပြည့်ကျော် စိတ်ပျက်လက်ပျက် သက်ပြင်းချမိ၏။

ထိုအချိန်တွင် ကေရီနှင့် Pink တို့ကတော့ ကမ်းခြေတွင် လှိုင်းစီးရင်း တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ရယ်မောနေကြသည်။ ညနေ ၆ နာရီထိုးတော့မည်မို့ ကမ်းခြေစည်းကမ်းအတိုင်း အားလုံးက ပင်လယ်ထဲမှ ပြန်တက်လာကြလေပြီ။ ကေရီနှင့် Pink ကိုကြည့်ရင်း အမျိုးသမီးတစ်ယောက်က. .

"ညီမလေးတို့ ကမ်းပေါ်ပြန်တက်ကြတော့လေ။ ညနေ ၆ နာရီတောင် ထိုးနေပြီ. . ဒီအချိန်က ဒီရေကျချိန်ဆိုတော့ အန္တရာယ်ရှိတယ်ကွယ့်။ လှိုင်းတွေက ကမ်းစပ်ကို ရိုက်ပြီး ပင်လယ်ထဲပြန်ဆင်းတဲ့အခါ ဟိုးအဝေးကြီးအထိ ဆွဲချသွားတာ။ ကမ်းဆီ ပြန်ကူးမလာနိုင်ဘဲ ပင်လယ်ထဲမျောသွားလိမ့်မယ်"

Pink က . . .

"ဟုတ်ကဲ့ . . အစ်မ။ ကျေးဇူးပါပဲနော်"

အမျိုးသမီးက ခေါင်းညိတ်ပြီးကာ လှည့်ထွက်သွားတော့ Pink က . .

"ကေရီ . . . လာ . . . လာ ငါတို့လည်း ပြန်တက်ကြရအောင်"

ကေရီက အရေးမစိုက်သလို ဘောကွင်းကို မှီပြီး ပက်လက်ထိုင်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"Pink ကလည်းဟာ . . . ဒီမှာ ဆည်းဆာအလှကို ကြည့်နေတဲ့ဟာ။ ဘယ်လိုဖြစ်နေတာလဲ။ ဟိုးမှာကြည့်စမ်းပါဦး။ လိမ္မော်ရောင်နေလုံးကြီး ဘယ်လောက်လှလဲ"

ကေရီက ဝင်လုဆဲဆဲ မိုးကုပ်စက်ဝိုင်းကိုမေးတင်နေသည့်နေလုံးကြီးကိုငေးကြည့်ရင်း ပြောလိုက်၏။ Pink က ခေါင်းကိုခါယမ်းပြီး . . .

"Sunset များဟာ သောင်ပြင်ပေါ်ကကြည့်လည်း ရသားပဲ။ ဟိုမှာ သူများတွေတောင် ပြန်တက်ကုန်ကြပြီ။ ကေရီရယ် . . . လာပါဟာ . . . သွားကြရအောင်"

"နင် ဘယ်လိုဖြစ်နေတာလဲ။ ဒီမှာ ငါတို့မှာ ဘောကွင်းရှိတာပဲ။ ဘာဖြစ်မှာမို့လို့လဲ။ Sunset ဆိုတာ ပင်လယ်ထဲကကြည့်မှ ပိုအရသာရှိတာဟ။ နင် ပြန်တက်ချင်ရင် တက်နှင့်။ ငါကတော့ နေဝင်သွားမှ ပြန်တက်မှာ"

ခေါင်းမာသော ကေရီ၏အပြောကြောင့် Pink စိတ်ညစ်သွားသည်။ ထိုစဉ် လှိုင်းကြမ်းကြမ်းတစ်ချက် ပုတ်လိုက်ရာ ကေရီ၏ဘောကွင်းလေးက တစ်လံခန့် မြောက်တက်သွား၏။

"ဟင် . . . ကေရီ"



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်လည်း ဟိုတယ်တစ်ခုပြီးတစ်ခု မေးတာ အဆင်မပြေသဖြင့် သောင်ပြင်တွင် လမ်းလျှောက်ရင်း နတ်သမီးဆီသို့ ဖုန်းခေါ်ဖို့ ပြင်သည်။ သို့သော် 'နတ်သမီး'ဟု မှတ်ထားသည့် ဖုန်းကို ခေါ်ရာ ဖုန်းက လိုင်းမိရဲ့သားနှင့် မဝင်ဘဲ ဖြစ်နေ၏။ မရလိုက် ပြန်ခေါ်လိုက်နှင့် လေးငါးခါခန့် ကြိုးစားခေါ်ပြီးနောက် လပြည့်ကျော်တစ်ယောက် စိတ်တိုလာသည်။ ဖုန်းကလည်း လိုင်းမရှိသလို ဘာမှတ်ချက်မှ မပေးဘဲ ကျကျသွားသည်။

"တောက် .. အရေးထဲ ဖုန်းကကွာ။ လိုင်းလည်း မိရဲ့သားနဲ့။ ဘာဖြစ်နေလည်း မသိဘူး။ အရေးကြီးပါတယ်ဆိုမှ .. ငါကိုက ကံ မကောင်းတာပါ"

ထိုစဉ် လူငယ်တစ်ယောက်က ...

"Aurion ဟိုတယ် ကမ်းစပ်ဘက်မှာ မိန်းကလေးတစ်ယောက် ဘောကွင်းနဲ့ မျောပါသွားလို့ ကယ်ကြပါဦးဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်ရင်း ပြေးလာသည်ကို တွေ့လိုက်ရ၏။

"ဟာ . . ."

ထိုလူငယ်၏ အော်သံကြောင့် ဘေးမှလူများလည်း ရုတ်ရုတ်သဲသဲဖြစ်သွားကြပြီး တစ်ယောက်တစ်ယောက် စကားသံများ ကျွက်ကျွက်ညံသွား၏။

"အံမယ်လေး . . . ဒုက္ခပါပဲ။ ရေဆွဲရိုးကြီးကို ဘာလို့ ပင်လယ်ထဲ ဆင်းနေရတာလဲမသိဘူး။ ဒုက္ခပါပဲ"

"ဟာ . . . လုပ်ကြပါဦးဟ။ လှုံ့မြှုနေကို သွားအကြောင်းကြားမှ ဖြစ်မှာပေါ့"

"ဘယ်မှာတဲ့လဲ . . . ဘယ်မှာလဲ"

"Aurion ဘက်မှာလို့ ပြောတယ်"

လပြည့်ကျော်လည်း မနေနိုင်တော့ဘဲ အော်ပြီး ပြေးသွားသော လူငယ်နောက်သို့ ကပျာကယာလိုက်သွားသည်။ ကမ်းစပ်ရောက်တော့ Pink တစ်ယောက် အရူးမီးဝိုင်း ပျာယာခတ်နေ၏။

"အံမယ်လေး . . . လုပ်ကြပါဦး . . . လုပ်ကြပါဦး . . . ကျွန်မ သူငယ်ချင်းကို ကယ်ကြပါဦးရှင်"

"ဟင် . . ."

လပြည့်ကျော်က ချက်ချင်းပင် ကေရီ၏ သူငယ်ချင်း Pink ကို မှတ်မိသွားသည်။ ပင်လယ်ထဲသို့ ကြည့်လိုက်သောအခါ ခပ်ဝေးဝေးတွင် ဘောကွင်းနှင့် မျောပါနေသော လူပုံရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။ လပြည့်ကျော်က ဘာမှမစဉ်းစားတော့ဘဲ စီးထားသော ရှူးဖိနပ်ကို ကပျာကယာချွတ်ကာ ပင်လယ်ထဲသို့ ပြေးဆင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က ခွန်အားရှိသမျှညှစ်ထုတ်ကာ ထိုသတ္တာန်ဆီ ကူးခပ်သွားပြီး ...

"မကြောက်နဲ့ ... မကြောက်နဲ့"

ဟု အားပေးရင်း လက်တစ်ကမ်းအကွာတွင်ရှိသော ဘောကွင်းကို လှမ်းဆွဲလိုက်သည်။ ပြီးနောက် သတိထားကာ ထိုဘောကွင်းကို ကမ်းစပ်ဆီသို့ ခပ်ဖြည်းဖြည်းချင်း ဆွဲလာလိုက်သည်။ Pink က ပြေးဆင်းသွားပြီး ...

"အံမယ်လေး ... မသေကောင်း မပျောက်ကောင်း ကေရီ ရယ်။ တော်သေးတာပေါ့။ နင် ဘာဖြစ်သွားသေးလဲ"

ကေရီက လန့်ရှိန်မပြယ်သေးသော မျက်နှာဖြင့် ခေါင်းကို ခါယမ်းပြသည်။ ပြီး လပြည့်ကျော်ဘက်ကို ကြည့်ကာ သက်ပြင်းဖွဖွ ချလိုက်မိတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com



ညဥ်၏ လေပြည်ထဲတွင် ဆားနံ့များ သင်းနေ၏။ တစ်ချက် တစ်ချက် ပင်လယ်ပြင်ကြီးဆီမှ ရိုက်ပုတ်လိုက်သော လှိုင်းလုံးသံများက တစ္ဆေတစ်ကောင်၏ ရယ်သံတွေလို ချောက်ချားစရာကောင်းလွန်းသည်ဟု လပြည့်ကျော်ထင်သည်။

ဘေးဝိုင်းရှိ တခြားလူတွေကတော့ ဘာအပူအပင်မှမရှိဘဲ ဟိုတယ်၏ Sea view တွင် ထိုင်ကာ ညစာကို အေးအေးလူလူ သုံးဆောင်နေကြ၏။ သူတို့အဖို့တော့ ထိုညမျိုးသည် သာယာဖွယ်ကောင်းချင်ကောင်းနေပေလိမ့်မည်။ သို့သော် လပြည့်ကျော်လို တခြားလူတစ်ယောက်အပေါ် ကျရောက်တော့မည့် သေမင်း၏ မရဏာပုံရိပ်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ဖူးသူအဖို့ ဘယ်လို သဘာဝအလှပအပကာမှ သူ့စိတ်ကို အေးချမ်းအောင် မဖန်တီးနိုင်တော့ချေ။

"ကိုလပြည့်ကျော် ... ဘာတွေ စဉ်းစားနေတာလဲ။ ကျွန်မ ပြောတာ ကြားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဘေးနားမှ စကားသံကြောင့် လပြည့်ကျော်က ဆတ်ခနဲ တုန်သွားရင်း ..

"ခင်ဗျာ ... ခင်ဗျာ ... ဘာပြောလိုက်တာလဲ မသိဘူး"

"ဩော် ... ညနေက ကျွန်မအသက်ကို ကယ်တဲ့အတွက် ကျွန်မ ရှင့်ကို အရမ်းကျေးဇူးတင်ပါတယ်။ ရှင်ဟာ ကျွန်မရဲ့ အသက်သခင် ကျေးဇူးရှင်ပါပဲ။ ကျွန်မလေ လှိုင်းတွေကြားထဲမှာ မျောနေတုန်း သေမှာ အရမ်းကြောက်သွားတယ်။ ပြီးတော့ ချမ်းသာတာတွေ၊ အာဏာရှိတာတွေဟာလည်း သေခြင်းတရားနဲ့ တွေ့တဲ့အခါ ဘာမှ အဓိပ္ပာယ်မရှိတော့မှန်း အဲဒီ ခဏလေးအတွင်းမှာ နားလည်သွားတယ်။ ရခဲလှတဲ့ လူ့ဘဝထဲမှာ မာနကြီးတာတွေ၊ ဘဝင်မြင့်တာတွေဟာ ကလေးကလားဆန်နေပါလားလို့လည်း ကျွန်မ သဘောပေါက်သွားတယ်။ ဒီလို တန်ဖိုးရှိတဲ့ အဓိပ္ပာယ်နဲ့ ရှင်သန်ခွင့်ကို ပေးတဲ့ ကိုလပြည့်ကျော်ကို ကျွန်မစိတ်ထဲက လှိုက်လှိုက်လှဲလှဲ တကယ့်ကို ကျေးဇူးတင်ပါတယ်နော်"

Pink ကဝင်ပြီး ...

"အံမယ်လေး ... ဘာအခုမှ ကြောက်ပါပြီလဲ။ ငါပြောတုန်းကတော့ ငါ့စကား နားမထောင်ဘဲနဲ့ ... ဟွန်း"

ကေရီက Pink အပြောကြောင့် ပြုံးကာ မျက်စောင်းတစ်ချက်ထိုးလိုက်၏။ လပြည့်ကျော်က ..

"ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ။ ကျွန်တော်က ကေရီအသက်ကို အခုမှ ကယ်ဖို့ ကြိုးစားနေတာ မဟုတ်ပါဘူး။ အရင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



က ကယ်ဖို့ကြိုးစားနေတာပါ။ အခုလည်း ကေရီတို့ ငွေခေါင် သွားတယ်ဆိုလို့ စိတ်မချလို့ ကျွန်တော်လိုက်လာတာ။ လမ်းမှာ ကားနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား ဘာဖြစ်သေးလဲဟင်"

"ဘာမှတော့ မဖြစ်ပါဘူး။ ကေရီ့ကားက ဘာထူးခြားနေလို့ လဲဟင်"

"အဲဒါပဲ ပြောမလို့ ကေရီ .. ကေရီ့ကားမှာ မကောင်းဆိုးဝါး ကပ်နေတယ်။ အဲဒါကို ကျွန်တော်မြင်နေရတယ်။ အဲဒီလို မကောင်းဆိုးဝါးကြောင့် ကားမောင်းတဲ့သူမှာ အသက် အန္တရာယ်ရှိနိုင်တယ်"

လပြည့်ကျော်၏အပြောကြောင့် Pink က မျက်လုံးပြူးကာ အံ့သြသွားပေမဲ့ ကေရီကတော့ မယုံကြည်သလို ပခုံးတွန့်ကာ မျက်ခုံး ပင့်ပြီး ပြုံးလျက် ..

"ကိုလပြည့်ကျော် ... အဲဒါ ရှင် တကယ်ပြောနေတာပေါ့နော်"

ဟု မေးလိုက်သည်။ လပြည့်ကျော်က ...

"ဟာ ... တကယ်ပြောတာပါဗျာ။ အဲဒါကို သတိပေးချင်လွန်း လို့ ဒီအထိတောင် ကျွန်တော် တကူးတက လိုက်လာခဲ့တာ ပေါ့"

ကေရီနှင့် Pink တို့ နှစ်ယောက်သား အကြည့်ချင်းဆုံသွားချေ၏။ လပြည့်ကျော်က ကေရီတို့၏ မယုံမကြည်အမူအရာကြောင့် အနည်းငယ် စိတ်ညစ်သွားပြီး ..

"ကျွန်တော်ပြောတာကို ယုံစမ်းပါဗျာ။ ကျွန်တော့်မှာ ဘာခြား ဘာအကြံအစည်မှ မရှိရိုးအမှန်ပါ။ ကေရီ့ကို သက်သက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှောင့်ယှက်နေတာလည်း မဟုတ်ဘူး၊ အသက်အန္တရာယ် ရှိလို့ ကျွန်တော်ပြောနေရတာပါဗျာ''

''ဒါပေမဲ့ ... အခုမောင်းနေတာ ဘာအန္တရာယ်မှ မရှိဘူးလေ''

လပြည့်ကျော်က နားမလည်နိုင်သလို အမူအရာဖြစ်သွားရင်း ...

''ဟုတ်တယ်။ ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားရခက်နေတာ။ ကေရီကားမှာ မကောင်းဆိုးဝါးကပ်နေတာတော့ အမှန်ပဲ။ ဟိုတစ်ခါ ဖုန်းနဲ့ ဓာတ်ပုံရိုက်ပြီး ရေကူးကန်ဘေးမှာ လာပြတုန်းက အဲဒီဖုန်းက ရေထဲကျပြီး ဖွင့်လို့ မရတော့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ကျွန်တော့်မှာ သက်သေပြစရာ မရှိတော့ဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော့်သဘောပြောရရင် ကေရီ့ကို အဲဒီကား မစီးစေချင်ဘူး''

''ကိုလပြည့်ကျော်ပြောတာကို ကျွန်မ အလေးအနက်ထားပြီး စဉ်းစားပါ့မယ်။ လုပ်ကြံဖန်တီးပြီး ပြောနေတာ မဟုတ်ဘူးဆိုတာကိုလည်း ကျွန်မ ယုံပါပြီ၊ ကဲပါလေ ... စကားပြောနေတာနဲ့ ညစာတောင် ကောင်းကောင်းမစားရသေးဘူး။ စားနော် ကိုလပြည့်''

ကေရီကပြောရင်း လပြည့်ကျော် ပန်းကန်ထဲသို့ ဟင်းများ ခပ်ထည့်ပေးလိုက်၏။ သုံးယောက်သား စားသောက်ပြီး ထုံးစံအတိုင်း ကေရီက ဖုန်းကိုထုတ်ကာ ဓာတ်ပုံရိုက် မှတ်တမ်းတင်သည်။ ထို့နောက် ကေရီက အမှတ်တရဟုဆိုကာ လပြည့်ကျော်၏ ဘေးသို့ ခပ်ယိမ်းယိမ်း လေးနေကာ ဓာတ်ပုံရိုက်စဉ် ..



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒီကောင့်စနက်ကိုး . . . ခွေးမသား။ ဖမ်း . . . ဖမ်း အဲဒီကောင်ကို ဖမ်း"

"ဟင် . . . ဖေဖေ"

ရုတ်တရက် ဦးသံလွင်ထွန်းခေါင်နှင့် တပည့်များ ရောက်လာကာ လပြည့်ကျော်ကို ဖမ်းချုပ်လိုက်ကြ၏။

လပြည့်ကျော်က ဘာမှ နားမလည်သလို အံ့ဩမှင်တက်နေမိသည်။ ကေရီလှာ . .

"ဖေဖေ . . . မလုပ်ပါနဲ့။ ကိုလပြည့်ကျော်ကို လွှတ်လိုက်ပါ"

ဦးသံလွင်ထွန်းခေါင်က ကေရီ၏ အပြောကို ဂရုမစိုက်နိုင်ဘဲ သူ့တပည့်တွေဆီသို့သာ . .

"ငါ့သမီးကို ဖြားယောင်းသွေးဆောင်ပြီး ခေါ်သွားတဲ့ကောင်။ ဆုံးမကြစမ်းကွာ"

"ဟာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး . . အန်ကယ်ထင်သလို မဟုတ်ဘူး . . . အား"

"ကဲကွာ . . . ကဲကွာ . . . မှတ်ပြီလား"

"ခွပ် . . ."

"ခွပ် . . . ဒုန်း"

လပြည့်ကျော်ကို လူထွန်းတို့က ဝိုင်းဝန်းထိုးကြိတ်ကန်ကျောက်ကြတော့သည်။ ကေရီက အလန့်တကြားလေသံဖြင့် . . .

"အို . . . မလုပ်ကြပါနဲ့တော့ . . . သေတော့မယ်။ ဒုက္ခပါပဲ။ ဖေဖေ . . . သမီးရှင်းပြမယ်"

"တော်စမ်း သမီး . . . ဘာမှမပြောနဲ့။ လာ . . . ဖေဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့။ အဲဒီကောင်ကို တစ်ခါတည်း မှတ်သွားအောင် ဆုံးမလိုက်ကြစမ်း''

ဦးသံလွင်ထွန်းခေါင်က ကေရီ့လက်ကို ဆွဲခေါ်လိုက်ရာ ကေရီ ရှန်းကန်ရင်း ပါသွားသည်။

''မဟုတ်ဘူး . . . ဖေဖေရဲ့ . . . ဖေဖေထင်သလို လုံးဝမဟုတ်ဘူး''

ကေရီက အသံပြာသည်အထိ အော်ဟစ်ရှင်းပြနေမိသည်။ သို့သော် သမီးဖောဖြင့် မှုန်နေသော ဦးသံလွင်ထွန်းခေါင်တစ်ယောက်ကတော့ ဘာစကားသံကိုမှ နားထဲမဝင်တော့ပါချေ။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ထိုကိစ္စနှင့်ပတ်သက်ပြီး ဦးသံလွင်ထွဋ်ခေါင်က သူ့သမီးကို ဖြားယောင်းသွေးဆောင်သည်ဆိုကာအမှုဖွင့်သဖြင့် လပြည့်ကျော် ရဲစခန်း ရောက်သွားသည်။ သို့သော် ကေရီက အဖြစ်မှန်ကို ရှင်းပြလိုက်သဖြင့် အမှုကိုပြန်ပိတ်လိုက်ရ၏။

ရန်ကုန်ကိုပြန်ရောက်တော့ ကေရီနှင့် လပြည့်ကျော်တို့ တွေ့ခွင့် မရကြတော့။ လပြည့်ကျော်အနားတွင်ရှိနေသူက နတ်သမီးပင်။ နတ်သမီးက လပြည့်ကျော်၏ မျက်နှာပေါ်မှ ဒဏ်ရာများကို ကြပ်ထုပ် ထိုးပေးနေရင်း ...

"ရှင် ... တော်တော်နာနေလားဟင် ... လပြည့်"



www.burmeseclassic.com

www.burmeseclassic.com



"နာတာပေါ့ နတ်သမီးရယ်။ ဒီလောက် ယောက်ျားကြီး ၃-၄ ယောက်က ဝိုင်းပြီးထိုးတာ။ ကံကောင်းလို့ အသက်မပျောက်တယ်။ အား ... ကျွတ် ... ကျွတ်"

ညည်းညူနေသော လပြည့်ကျော်ကို ကြည့်ရင်း နတ်သမီး စိတ်မကောင်းဖြစ်သွားရင်း ...

"လပြည့် ... ရှင်ဟာလေ ... ကျွန်မတို့ဘုန်းကလည်း အထိုးအကြိတ်ခံပြီး ကူညီခဲ့တယ်၊ အခုလည်း ဒီလိုပဲ။ တကယ်တော့ သူများကို ထိုးရဲကြိတ်ရဲတာဟာ သတ္တိမဟုတ်ဘူးနော်။ တကယ့်သတ္တိအစစ်က သူများအတွက် အနစ်နာခံပြီး ကူညီနိုင်တဲ့ စိတ်ဓာတ်ပဲဆိုတာ ရှင်နဲ့တွေ့မှ ကျွန်မ အကြိမ်ကြိမ်နားလည်လာခဲ့ရတယ် သိလား။ ကျွန်မ ရှင့်ကို အရမ်းလေးစားမိပါတယ်"

"အံမယ် ... လေးစားသလေး ဘာလေးနဲ့ မင်းက စကားလုံးကြီးကြီးကျယ်ကျယ်တွေ ပြောနေပါလား။ ဘာမှ မထူးခြားပါဘူးကွာ။ ကိုယ့်နေရာမှာ တခြားလူတစ်ယောက်ဆိုလည်း ဒီလိုပဲ ကူညီပေးချင်မှာပါ"

နတ်သမီးက လပြည့်ကျော်၏ အပြောကို ဖြည်းညင်းစွာ ခေါင်းခါယမ်းရင်း တည်ကြည်လေးနက်သောအကြည့်များဖြင့် လပြည့်ကျော်ကို ကြည့်ရင်း ..

"ဟင့်အင်း ... ကျွန်မကတော့ အဲဒီလို မထင်ဘူး။ ရှင့်လောက်လည်း ဘယ်သူမှ အနစ်နာခံနိုင်မှာ မဟုတ်ဘူး။ လပြည့်



www.burmeseclassic.com

www.burmeseclassic.com



... ရှင်လေ ... အခုလောက်ထိ ဒဏ်ရာအနာတရတွေ ဖြစ်တာ သူတို့ကို နည်းနည်းလေးမှ စိတ်မဆိုးဘူးလားဟင်"

"ဟင့်အင်း ... စိတ်မဆိုးပါဘူး။ ဒါဟာ အဖေတစ်ယောက်ရဲ့ သမီးအပေါ်ထားတဲ့ မေတ္တာတရားကနေ ပေါက်ဖွားလာတဲ့ အတ္တတွေပဲ။ ကိုယ်နားလည်ပေးနိုင်ပါတယ်"

နတ်သမီး၏ မျက်လုံးများက ဝမ်းနည်းနာကျင်သွားဟန်ဖြင့် အခေါင်းကြီးကို ငေးမောသွားပြီး ...

"အင်း ... ဟုတ်တယ်နော်။ ကေရီ့အဖေက ကေရီကို သိပ်ချစ်တာပဲ။ သူ့လို အဖေမျိုးကလည်း ရှားတာပါပဲလေ။ အခု ဦးသံလွင်ထွဋ်ခေါင် သူ့သမီးကို ချစ်တာရဲ့ တစ်ဝက်လောက်ပဲ ကျွန်မအဖေ ကျွန်မကို ချစ်ခဲ့ရင် သိပ်ကောင်းမှာ"

နတ်သမီးက ပြောရင်း အသံများ တိမ်ဝင်ကာ မျက်ရည်ဝိုင်းလာ၏။ လပြည့်ကျော်က အကဲခတ်နေပြီးမှ ...

"မင်း ... ဘာတွေတွေးပြီး ဝမ်းနည်းနေတာလဲဟင်"

"ကျွန်မရဲ့ အရင်တုန်းက အကြောင်းတွေကို ပြန်တွေးနေမိလို့ပါ လပြည့်ရယ် ... အဲဒီ အတိတ်အကြောင်းကို ပြန်ပြောပြရမယ်ဆိုရင်တော့ တစ်ကွက်မှ စိတ်ချမ်းသာစရာ မရှိဘူး။ ဟိုအရင်က ဆယ်လင်းဆိုတာ အခု ရှင်သိတဲ့ နတ်သမီးပုံစံလို့ ရှင်ထင်လို့လား။ ဟင်း ... ဟင်း ရှင်နဲ့မတွေ့ခင်တုန်းက ကျွန်မဟာ မိုက်ရိုင်းတယ်၊ ဆိုးတယ်၊ မေတ္တာတရားဆိုတာ မရှိဘူး။ သိပ်ကို ခက်ထန်ကြမ်းတမ်းတဲ့ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပေါ့၊ သူငယ်ချင်းတွေနဲ့ Club တက်တယ်၊ ရှုံ့ဖြစ် တယ်၊ ကားပြိုင်တယ်"

"ဘယ်လို . . . ဘယ်လို . . . မင်းက . . . ဟာ . . . ဟုတ်မှလည်း ပြောပါကွာ"

လပြည့်ကျော်က မယုံကြည်သလို မေးလိုက်၏။ နတ်သမီးက ခေါင်းခါနဲ့ ပြုံးလိုက်ရင်းက . . .

"သိပ်ဟုတ်တာပေါ့ရှင်။ ကျွန်မ အဲဒီလို ဖြစ်သွားရတဲ့ အကြောင်းထဲမှာ ကျွန်မအဖေဦးကယ်(လ)ဗင်က အဓိက တရားခံပေါ့"

ဘယ်လောက်ပဲ ပြုံးထားပြုံးထား ပြောရင်းနှင့် နတ်သမီး မျက်ရည်ဝဲလာသည်။ ပြီးမှ တစ်ခုခုကို နာကြည်းဟန်ဖြင့် အံကို တင်းတင်းကြိတ်ပြီး . .

"ကျွန်မအဖေက ပိုက်ဆံချမ်းသာတယ်။ အဖေက ကျွန်မ ငယ်ငယ်လေးကတည်းက ဆုံးသွားတာ၊ အဖေက ကုမ္ပဏီ လုပ်ငန်းစုကြီးတစ်ခုမှာ ရှယ်ယာဝင်ထားတာဆိုတော့ ငွေရေး ကြေးရေးက ကျွန်မအတွက် မပူရဘူးပေါ့"

"ဟင် . . ဒါနဲ့များကွာ"

"အဖေက ကျွန်မအတွက် လိုသလောက် ပိုက်ဆံတွေတော့ ပေးနိုင်ပါရဲ့။ ဒါပေမဲ့ မေတ္တာတရားဆိုတာကိုတော့ ဘယ်တုန်း ကမှ မပေးနိုင်ခဲ့ဘူး။ အဖေက သူ့အလုပ်တွေနဲ့ပဲ အမြဲတမ်း လုံးလည်ချာလည်လိုက်နေတယ်၊ သားအဖနှစ်ယောက် ထမင်း လက်ဆုံစားရတယ်ဆိုတာ ဘယ်တော့မှ မရှိခဲ့ဘူး၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက် ပိုက်ဆံရှာပေးရင် အဖေတာဝန်ကျေပြီလို့ ထင်နေတာလေ။ ကျွန်မကလည်း ဘယ်လောက်ဆိုးသလဲဆို ရင် ညဘက် အိမ်မှာပြန်မအိပ်တဲ့အခါတွေတောင် ရှိတယ် သိလား"

"ဟင် ... တကယ်"

"ဟုတ်တယ်။ ဒါပေမဲ့ အဖေက သမီး ဘာလို့ အိမ်ပြန်မလာ တာလဲလို့ တစ်ခါမှ မမေးလည်း မမေးဖူးဘူး။ ဆူလည်း မဆူဘူး။ ကဲ ... စဉ်းစားကြည့်ပါဦး။ ကျွန်မ လျစ်လျူရှု ခံနေရသလဲဆိုတာကိုလေ"

လပြည့်ကျော်က နားထောင်ရင်း နတ်သမီးကို စိတ်မကောင်း ဟန်ဖြင့် ငေးကြည့်နေ၏။

"အဲဒီတော့ ကျွန်မ ပေါက်ကွဲတာပေါ့။ ဒါပေမဲ့ အဖေက နင့်မှာခေါင်းရှိတယ်။ ကိုယ့်ခေါင်းနဲ့ကိုယ် လုပ်သင့်လား မလုပ် သင့်လား စဉ်းစားတဲ့လေ ... ဟင်း ... ဟင်း"

နတ်သမီးက သူမဘဝကို သူမ နာကြည်းဟန်ဖြင့် ခပ်တိုးတိုး ရယ်လိုက်သည်။ ပြီးမှ ...

"အဲဒါနဲ့ ကျွန်မလည်း အဖေ့ပါတနာတစ်ယောက်ကို ချစ်မိ ပါလေရော ..."

"ဟင် ... ဘယ်လို နတ်သမီး"

"ဟုတ်တယ်။ သူက ကျွန်မထက် အသက်အများကြီး ကြီး တယ်။ ဒါပေမဲ့ ကျွန်မ သူ့ကိုချစ်တယ်။ အဲဒီတော့မှပဲ အဖေ က ကျွန်မကို ဆုံးမတော့တယ်။ ရယ်တော့ ရော်တော် ရယ်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းတယ်။ ဘယ်ရမလဲ ‥ ကျွန်မလည်း ခေါင်းမာတဲ့ သူ့သမီးပဲ ဥစ္စာ။ လုံးဝ အလျှော့မပေးဘူး။ ကျွန်မက အဲဒီလို အဖေတစ်ယောက်ရဲ့ လက်ထဲမှာ ကြီးပြင်းခဲ့ရတာ လပြည့်ရဲ့"

နတ်သမီး ပြောရင်း ဝမ်းနည်းလာဟန်ဖြင့် မျက်ရည်များ စီးကျလာတော့သည်။ လပြည့်ကျော်က နတ်သမီးကို စာနာနားလည်စွာဖြင့် ငေးကြည့်ရင်း …

"ဩော် … နတ်သမီးရယ်"

ဟုသာ ရေရွတ်လိုက်မိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ညသည် အနက်ရောင်ကတ္တီပါစ အုပ်ထားသလို မှောင်မိုက်တိတ်ဆိတ်လွန်း၏။ လေသင့်ရာလွင့်ပျံလာသည့် ဆိတ်ဖလူးပန်းရနံ့များက ဆွတ်ပျံ့လွမ်းမောဖွယ်ပင် ကောင်းနေတော့သည်။ အိမ်ရှေ့ပိတောက်ပင်စည်တွင် လှပစွာ ရစ်ခွေထားသည့် လျှပ်စစ်မီးရောင်စုံလက်လက်လေးများကို ငေးကြည့်ရင်း ဇော်ရိတစ်ယောက် တွေဝေငေးငိုင်နေမိ၏။

ထိုစဉ် ခြေသံသဲ့သဲ့ကြားသဖြင့် နောက်သို့လှည့်ကြည့်လိုက်ရာ အဖေဖြစ်သူကို တွေ့ရသည်။ ဦးသံလျှင်ထွဋ်ခေါင်က ...

"သမီး ... မအိပ်သေးဘူးလား"

"ဟုတ် ... ဖေဖေ ... အိပ်မပျော်တာနဲ့ ... ခဏထွက်ထိုင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသံလွင်က ပြုံးပြီး သမီးဖြစ်သူ၏ ဘေးတွင် ဝင်ထိုင်လိုက်ပြီး . .

"အိပ်မပျော်ရအောင် သမီးက ဘာတွေအတွေးများနေလို့လဲ"

"ဩော် . . ကိုလပြည့်ကျော်ပြောတဲ့အကြောင်းကို စဉ်းစားနေမိလို့ပါ ဖေဖေရယ်"

သမီးဖြစ်သူ၏အပြောကြောင့် ဦးသံလွင်တွင့်မှုခေါင်တစ်ယောက်မျက်နှာပျက်သွားသည်။

"သမီးရာ . . . အရှုးလိုလျှောက်ပြောနေတဲ့ လူတစ်ယောက်အကြောင်း ငါ့သမီးခေါင်းထဲ ထည့်ထားမနေပါနဲ့၊ မေ့လိုက်ပါ"

ဦးသံလွင်တွင့်မှုခေါင်က မချင့်မရဲပြောလိုက်၏။ ကေရီက ခေါင်းကို ခါယမ်းပြီး . . .

"မဟုတ်သေးဘူး ဖေဖေ၊ ငွေဆောင်ကို တကူးတကလိုက်လာပြီး အဲ့ဒီအကြောင်းကို သမီးကို ပြောပြဖို့ ကြိုးစားတာလေ။ ပြီးတော့ သူက သမီးအသက်ကိုတောင် ကယ်ခဲ့တဲ့ ကျေးဇူးရှင်ပါ ဖေဖေရဲ့"

"ဘာ ကျေးဇူးရှင်လဲ၊ အလကား . . . ဒီကောင် သမီးရဲ့ စည်းစိမ်ဥစ္စာကို မက်ပြီး တမင်လိုက်ကပ်နေတာ၊ အေး . . . တကယ်လို့ သူ့ကျေးဇူးရှိတယ်ဆိုရင်တောင် ငွေဘယ်လောက်ပေးရမလဲ၊ ငွေနဲ့ပဲ ကျေးဇူးပြန်ဆပ်လိုက်မယ်၊ ဖေဖေ့သမီးကိုတော့ အပါမခံနိုင်ဘူး"

"ဖေဖေမှားနေပြီ၊ ကိုလပြည့်က ဖေဖေထင်သလိုလူစားမျိုး မဟုတ်ဘူး။ သူ ငွေဆောင်ကိုလိုက်လာတယ်ဆိုတာ သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ဖြားယောင်းသွေးဆောင်ပြီး ခေါ်သွားတာ မဟုတ်ဘူး။ သမီး ထွက်သွားတယ်ကြားလို့ ကားအန္တရာယ်ဖြစ်မှာစိုးတာနဲ့ စိတ်ပူပြီး လိုက်လာခဲ့တာ ဖေဖေရဲ့။ ဖေဖေက သူ့ကို သိပ်ပြီး မကောင်းမြင်လွန်းနေပြီ''

သမီးဖြစ်သူ၏အပြောကြောင့် ဦးသံလွင်ထွဋ်ခေါင် ရုတ်တရက် ငိုင်ခနဲဖြစ်သွားသည်။ 'ဒီကောင်လေးနှင့် ပတ်သက်လာရင် အဖေကိုတောင် ဆတ်ဆတ်ထိမခံတော့'ဟူသော အတွေးဖြင့် သမီးဖြစ်သူကို အံ့ဩတကြီး ကြည့်လိုက်မိ၏။ သူ့စိတ်ထဲတွင်ကား လပြည့်ကျော်သည် အဓိပ္ပာယ်မရှိသောကိစ္စနှင့် သမီးဖြစ်သူ၏ စိတ်ကို လှည့်ဖြားသွေးဆောင်နေသည်ဟု ထင်၏။

"ဖေဖေက သူ့ကို မကောင်းမြင်လွန်းနေသလို သမီးကလည်း သူ့ကို အကောင်းသိပ်မြင်လွန်းနေပြီနော်''

ကေရီက ခါးခါးသီးသီး ခေါင်းကို ခါယမ်းလိုက်ရင်း ...

"မဟုတ်ဘူး ဖေဖေ။ သမီး သူ့ရိုးသားမှုကို ယုံတယ်။ သူ့စိတ်ထဲမှာ သိထားတဲ့ တစ်စုံတစ်ခုကြောင့် သမီး ကားမောင်းနေတာကို တကယ်ပဲ စိတ်ပူပြီး လိုက်လာခဲ့တာပါ ဖေဖေရယ်''

ဦးသံလွင်ထွဋ်ခေါင်က သက်ပြင်းတစ်ချက် ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်၏။ ပြီးနောက် သမီးဖြစ်သူ၏ရင်ထဲက 'ဆူး'ကို နုတ်ပစ်ပေးမှ ဖြစ်တော့မယ်ဟု တွေးကာ တစ်စုံတစ်ခုကို ခုံးဖြတ်လိုက်ဟန်ဖြင့် ..

"ကောင်းပြီ .. ဒါဆို သမီးက ဘာဖြစ်စေချင်တာလဲ''

"သူ့ရိုးသားမှုကို အသိအမှတ်ပြုပြီးတော့ သူ့အတွက် နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်တစ်ကြိမ် သက်သေပြခွင့် ပေးစေချင်တယ်။ ပေးလည်း ပေးသင့်တယ်လို့ သမီး ထင်တယ်''

''အိုကေ . . ရတယ်။ ဖေဖေ သူ့ကို သက်သေပြခွင့် တစ်ကြိမ် ထပ်ပေးမယ်။ အဲဒီအခါမှာ သက်သေပြနိုင်ရင် ဖေဖေ သူ့ကို လက်ခံမယ်။ တကယ်လို့ ဘာမှ မထူးခြားလာခဲ့ရင်တော့ ဒီကောင့်ကို သမီးခေါင်းထဲကရော စိတ်ထဲ အတွေးထဲကပါ အပြီးအပိုင် ထုတ်ပစ်ရမယ်။ Promise နော်''

ကေရီက ဖခင်ဖြစ်သူ၏ အပိုင်ချည်နှောင်လိုက်သောစကား ကြောင့် တွေဝေငေးငိုင် ဝမ်းနည်းသွားပြီးမှ မတတ်သာတော့ သည့်လေသံဖြင့် . .

''Promise ပါ ဖေဖေ''

■



www.burmeseclassic.com

www.burmeseclassic.com



စိတ်မြန်လက်မြန်ရှိသော ဦးသံလွင်ထွန်းခေါင်က နောက်နေ့မနက်မှာတင် တပည့်များကို ဖုန်းဆက်ပြီး လပြည့်ကျော်ကို ခေါ်ခိုင်းလိုက်၏။ ပြီးနောက် ကေရီ၏ ကားဘေးပတ်ပတ်လည်တွင် ဦးသံလွင်က တပည့်ဖြစ်သူ မောင်သန်းကို video camera များ တပ်ဆင်ထားခိုင်းလိုက်၏။

မော်နီတာကို အိမ်ပေါ်ရှိ အခန်းတစ်ခန်းတွင် သွယ်ထားပြီး Mobile Hard Drive တစ်ခု၊ laptop တစ်လုံးနှင့်အတူ လပြည့်ကျော်ကို ထိုင်ကြည့်ခိုင်းထား၏။ သဘောက လပြည့်ကျော်ပြောသည့် ကေရီကားတွင် ရှိသော မရဏာပုံရိပ်ကို စောင့်ပြီး Video ရိုက်ယူနေခြင်းပင်။

အားလုံးဆင်ပြီးသည့်အခါ တပည့်ဖြစ်သူ လှထွန်းနှင့် မောင်သန်းတို့ လပြည့်ကျော်၏ အခန်းဝမှနေ၍ အကျဉ်းသားစောင့်ကြည့်သည့် ပုံစံမျိုးနှင့် ရပ်စောင့်နေ၏။ ဘေးကပ်လျက်အခန်းတွင်ကား ဦးသံလွင်ထွန်းခေါင်က Laptop တစ်လုံးဖြင့် စာရင်းလုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသံလွင်ထွန်းခေါင်က ထိုကိစ္စကို အစကတည်းက အယုံအကြည်မရှိသူပီပီ လှည့်ပင်မကြည့်။ သူ၏ တစ်ဦးတည်းသော သမီးဖြစ်သူကြောင့်သာ အခုလောက်ထိ သည်းခံနေခြင်းဖြစ်သည်။ ထို့ကြောင့် ထူးခြားတာတစ်ခုခုရှိမှ လာပြောရန် တပည့်များကိုပဲ မှာထားလိုက်၏။

လပြည့်ကျော်က မော်နီတာထဲတွင် တစ်စုံတစ်ခုကို ကျိန်းသေပေါက် တွေ့ရမည်ဟူသော ယုံကြည်ချက်ဖြင့် မော်နီတာကိုသာ မျက်တောင်မခတ်တမ်း ငေးကြည့်နေ၏။ ထိုစဉ် အခန်းရှေ့သို့ ကေရီတစ်ယောက် မယောင်မလည် ရောက်လာသည်။

လှထွန်းနှင့် မောင်သန်းတို့နှစ်ယောက်သား ပြူးပြူးပျာပျာဖြစ်သွားပြီး ..

"ကေရီလေး .. ဒီကို ဘာလာလုပ်တာလဲ .. သွား သွား .. ကိုယ့်အခန်းထဲ ကိုယ်သွားနေပါကွယ်"

"အို .. ဘယ်လိုဖြစ်နေတာလဲ .. ကေရီ့ကိုတွေ့တာနဲ့ ဘီလူးသဘက်ကို တွေ့တာကျနေတာပဲ။ မေးစရာရှိလို့လာတာပါ။ ဦးမောင်သန်းတို့ ဟိုတစ်ခါက သမီးကားထဲက အရုပ်တွေ ဖြုတ်ပြီး ပြန်လည်း ထည့်မပေးကြဘူး။ အဲဒီအရုပ်တွေ ဘယ်မှာလဲ"

ကေရီက တမင်အကြောင်းရှာပြီး မေးလိုက်၏။ တကယ်က သူမလည်း လပြည့်ကျော်နှင့်အတူ မော်နီတာကို ထိုင်ကြည့်ချင်သည်။ လူလစ်မည်ဟု ထင်ကာ လာပြီးမှ မလစ်တာမို့ ပါးစပ်တွေ့ရာစကားများ လျှောက်ပြောလိုက်ခြင်းပင်။ မောင်သန်းက ..

"အဲဒါ ကျော်ကြီးလုပ်တာ။ ဦးမောင်သန်းတို့လုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ သူ့ကို သွားမေး။ သွား . . ဒီနားမလာနဲ့ သမီး ဖေဖေသိရင် မိုးမီးလောင်လိမ့်မယ်။ ပြီးတော့ အခု ကျော်ကြီး လည်း မရှိဘူး။ သမီးဖေဖေ ခိုင်းထားလို့ အပြင်ခဏသွား တယ်။ အဲဒီအရုပ်တွေလိုချင်ရင် ဖုန်းဆက်ပြီး ပြောထားပေး မယ်နော်"

"ပြီးရော . . . သမီးဆီ မြန်မြန်ပို့ခိုင်းပေး။ ကားထဲမှာ ပြန်ထား မလို့"

ကေရီက သူမ ကြံစည်သည့်အတိုင်း မအောင်မြင်သဖြင့် ဆူဆူဆောင့်ဆောင့်ဖြင့် ပြောပြီး လှည့်ထွက်လာခဲ့ရ၏။

အခန်းထဲတွင် လပြည့်ကျော်ကတော့ မော်နီတာကိုပင် အသည်းအသန်စူးစိုက်ကြည့်နေသည်။ ထို့နောက် ၂ နာရီခန့်ကြာပြီး နောက် ထူးခြားသည့် အရိပ်အယောင် ဘာမှမတွေ့ရသည်မို့ လပြည့်ကျော် စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက် မိ၏။

ထိုစဉ် အခန်းဝမှ စောင့်ကြည့်နေသော မောင်သန်းဆီသို့ ဦးသံလွင်ထံမှ ဖုန်းဝင်လာသည်။

"ဟုတ်ကဲ့ . . . ဆရာ . . . ဟုတ်ကဲ့"

မောင်သန်းကို ဦးသံလွင်က တစ်စုံတစ်ခု ညွှန်ကြားလိုက် သည်မို့ မောင်သန်းက တရိုတသေ ပြန်ပြောလိုက်သည်။ မောင်သန်း က ဖုန်းကိုချထားကာ အခန်းတံခါးကို ဖွင့်ပြီး . .

"လပြည့်ကျော် . . မင်းကို ဒေါက်တာဆရာက ခေါ်ခိုင်းလိုက်တယ်။ အခု ချက်ချင်း သူ့အခန်းထဲ သွားရမယ် . . . လာ . . ."



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က အဖြေကို ကြိုသိနေသည့်အလား စိတ်ပျက်လက်ပျက် ခေါင်းကို ခါယမ်းရင်း မော်နီတာရှေ့မှ ထထွက်လာ၏။ သို့သော် မော်နီတာကို ကျောခိုင်းလိုက်သည်နှင့် မော်နီတာထဲသို့ အရုပ်တွေ ထည့်ထားသည့် Tray တစ်ခုကို ကိုင်ထားသည့် ကောရို၏ ပုံရိပ်က ဝင်လာသည်။

သို့သော် လပြည့်ကျော်ကတော့ သတိမထားမိတော့ပေ။

■



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ . . မင်းကို အချိန်ပေးထားတာ တော်တော်ကြာသွားပြီ။ အခုထိ မင်းပြောတဲ့ မရဏာပုံရိုပ်ဆိုတာ မတွေ့သေးဘူး မဟုတ်လား"

တင်းမာသော မျက်နှာထားဖြင့် မေးလိုက်သော ဦးသံလွင်ထွန်းခေါင်၏ အမေးကြောင့် လပြည့်ကျော် ခေါင်းငုံ့ကျသွားသည်။

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း အဲဒါကိုပဲ အံ့ဩပြီး နားမလည်နိုင်ဘူး ဖြစ်နေတာ"

"နားမလည်နိုင်ဘူး ဟုတ်လား . . . ဟင်း . . . ဟင်း . . . ဒီမှာ ပေါ့ကောင်၊ ဘာမှမရှိတဲ့ဟာကို တစ်နေကုန် ထိုင်ကြည့်နေလို့ လဲ ဘာမှ တွေ့မှာ မဟုတ်ဘူး။ အဲဒီတော့ မင်းရဲ့ လိမ်ဆင်တွေကို ရပ်တန်းက ရပ်လိုက်တော့။ ငါ ဒါပဲပြောမယ်"

ထိုအချိန်တွင် ကေရိက ကားထဲတွင် အရုပ်များ ပြန်တပ်နေသည်။ နောက်ဆုံး အရုပ်တစ်ရုပ် တပ်လိုက်ပြီးချိန်မှာတော့ မော်နီတာထဲတွင် မကောင်းဆိုးဝါးပုံပေါ်လာသည်ကိုတော့ လပြည့်ကျော် မမြင်လိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အန်ကယ်။ ကျွန်တော် တမင်သက်သက် လိမ်ပြောနေတာ မဟုတ်ဘူး။ ကျွန်တော့်မှာ ဂေကရီ့အသက်ကို ကယ်ချင်တာကလွဲပြီး တခြား ဘာအကြံအစည်မှလည်း မရှိဘူး"

"ဟော့ကောင်. . မင်းပါးစပ်ပိတ်ထားစမ်း။ မင်းပါးစပ်က ငါ့သမီးနာမည်ကိုတောင် ခေါ်ဖို့တန်လို့လား။ မခေါ်နဲ့ ဟင်း . . . ဟင်း မခေါ်နဲ့။ ဒီမှာ ဟော့ကောင် . . . မင်း အိပ်မက်မက် မနေနဲ့။ သံလွင်ဂေကရီဆိုတာ မင်းအတွက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

"ဟာ . . . အန်ကယ် . . . ကျွန်တော် . . . ကျွန်တော်က . . ."

"ဟော့ကောင် . . တစ်ခွန်းမှ ထပ်မပြောနဲ့တော့။ လှထွဋ် . . . မောင်သန်း သွား ကင်မရာတွေ အကုန်ဖြုတ်သိမ်းလိုက်တော့။ ဒီကောင့်ကိုလည်း ပြန်ပို့လိုက်"

ခါးခါးသီးသီးဖြစ်သွားသော ဦးသံလွင်ထွဋ်ခေါင်ကို ထပ်ပြောနေလည်း မထူးပြီမို့ လပြည့်ကျော်က အခန်းထဲမှ Mobile Hard Drive နှင့် Laptop ကို သိမ်းကာ ခေါင်းငိုက်စိုက်ကျပြီး ထွက်လာခဲ့တော့၏။

စိတ်ထဲတွင်ကား ဘာကိုမှန်းမသိ ခံပြင်းနာကြည်းစိတ်တို့က ပြည့်လျှံနေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်တစ်ယောက် စိတ်နှင့်လူ မကပ်သလို ကားကို ဖြည်းညင်းစွာ မောင်းရင်း အိမ်သို့ ပြန်လာခဲ့၏။ ထိုစဉ် နံပါတ်မပေါ်သော ဖုန်း Call တစ်ခု ဝင်လာသည်။

"ဟယ်လို . . ."

"ဟယ်လို . . . လပြည့်"

"ဟာင် . . . နတ်သမီး"

လပြည့်ကျော်က ဖုန်းထဲမှကြားလိုက်ရသော နတ်သမီး၏ အသံကြောင့် ဖုန်း screen ကို ရုတ်တရက် နားမှခွာကာ ပြန်ကြည့်လိုက်မိ၏။ ဘယ်လိုကြောင့်မှန်းမသိ။ နတ်သမီး ဆက်လိုက်သည့် ဖုန်း၏ တိုင်းသည် နံပါတ်မပေါ်ပေ။ တစ်ဖက်မှ နတ်သမီးကတော့ . .

"လပြည့် . . . စောစောက ဖုန်းပိတ်ထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ကိုယ် စောစောက ဦးသံလွင်ထွန်းခေါင် အိမ်ကို ရောက်နေတာမို့လို့ ဖုန်းပိတ်ထားတာ။ မပိတ်ခင် မင်းကို ခေါ်သေးတယ်။ မင်းဖုန်းကလည်း အရေးရယ်အကြောင်းရယ် ဆို ဘယ်တော့မှ ခေါ်မရဘူး"

"ဖုန်းလိုင်းမကောင်းတာ ဖြစ်မှာပေါ့ လပြည့်ရယ်။ ကဲပါ ... ဘာထူးလဲ ... ဒါမှမဟုတ် ဘာပြဿနာတက်ခဲ့ပြီလဲ"

"ပြဿနာကတော့ တကယ့်ကို အကြီးကြီးပဲ။ အကျိုးအကြောင်း အေးအေးဆေးဆေး ပြောပြမယ်လေ။ မနက်ဖြန် ကျရင် ဆိုင်ကိုလာခဲ့နော်။ Ok .. See You"

လပြည့်ကျော်က ဖုန်းပိတ်ကာ ကားကို သတိထားပြီး ဆက်မောင်းသွားလိုက်၏။ တစ်ခါတလေ သူ့စိတ်ထဲတွင် နတ်သမီးက ထူးခြားသည်ဟု ထင်နေမိသည်။ သို့သော် ဘာဆိုတာကိုတော့ သူ ရေရေရာရာ မပြောတတ်ချေ။ ထူးခြားသည့် အဖြစ်အပျက်နှင့် ကြုံတွေ့ နေရသည့် သူ့ကိုယ်သူသာ စိတ်ပျက်နေမိတော့သည်။

အနာဂတ်ကို ကြိုမြင်တာ ကောင်းသည်ဟု မည်သူပြောပါ သနည်း။ သူ့အဖို့တော့ အများသူငါလို ဘဝကို တစ်နေ့ပြီးတစ်နေ့ ရေလိုက်သင့် ငါးလိုက်သင့် ဘာမှ ကြိုမသိတဲ့နှင့်သာ ဖြတ်သန်းချင်တော့ သည်။ အနာဂတ်ကို ကြိုသိနေခြင်းသည် ကျိန်စာတစ်ခုလို သူ့ကို ပူလောင်နေစေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



Hard Drive နှင့် ချိတ်ဆက်ထားသော ကွန်ပျူတာပေါ်တွင် ပေါ်နေသော ကေရီ၏ ကားကို လပြည့်ကျော်က မလှုပ်မယှက်ကြည့်နေ၏။ ပြီးတော့မှ ..

"အဲဒါပါပဲ နတ်သမီးရယ်။ ကြည့်လေ ... ဒီလောက် ၂ နာရီလောက်ကြာအောင် ရိုက်ထားတာတောင် ဘာပုံရိပ်မှ မတွေ့ရဘူး"

နတ်သမီးက စိတ်မကောင်းသည့်ဟန်ဖြင့် လပြည့်ကျော်ကို ငေးကြည့်နေမိသည်။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ တွေးတွေးဆဆနှင့် ..

"လပြည့် ... ရှင် ဟိုအရင်က ကေရီ့ကားမှာ မြင်တယ်ဆို တာရော သေချာလို့လား အမြင်မှားတာ များလား"

"ဟာ ... တကယ်သေချာတာပေါ့။ ကိုယ် လုံးဝ အမြင်

www.burmeseclassic.com



မမှားဘူး။ ဟိုတစ်ခါ ကိုယ့်ဖုန်းနဲ့ ဓာတ်ပုံရိုက်တော့တောင် အဲဒီ ပုံရိပ်ကို တွေ့သေးတယ်။ ဟူး . . . နတ်သမီးရယ်။ ကိုယ်က မသေချာဘဲနဲ့ ဒီလောက် စိတ်ပင်ပန်း၊ လူပင်ပန်းခံပြီး လိုက် လုပ်နေပါ့မလား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီလောက် အချိန်အကြာကြီး စောင့်ကြည့်တာတောင် မတွေ့ဘူးဆိုတော့ အဲဒါကို စဉ်းစားနေမိတာပါ"

လပြည့်ကျော်က 'ဟူး'ခနဲ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး . .

"ဟုတ်တယ် . . ကိုယ်လည်း အဲဒါကိုပဲ စဉ်းစားနေမိတယ်။ ဘာကြောင့် အဲဒီပုံရိပ်ကို မတွေ့တော့တာလဲ ကိုယ် နားမလည်ဘူး။ ဟင်း . . . တော်ပြီကွာ . . . . ဒီကိစ္စကို ကိုယ် စွန့်လွှတ်လိုက်တော့မယ်"

လပြည့်ကျော်က mouse ကိုကိုင်ကာ ရိုက်ထားသည့် Video ကို အဆုံးထိ တဖြည်းဖြည်းရွှေ့လိုက်ပြီး Hard Drive ကို ကွန်ပျူတာမှ ဆွဲဖြုတ်ဖို့ ဟန်ပြင်နေစဉ် နတ်သမီးက . .

"ခဏလေး . . . လပြည့် . . . ခဏလေး . . . ဟိုမှာ ဧကရီပုံ ပေါ်လာလို့"

နတ်သမီးအပြောကြောင့် လပြည့်ကျော်က ကွန်ပျူတာကို ပြန်ကြည့်လိုက်မိ၏။ သူနှင့် ဦးသံလွင်ထွဋ်ခေါင်တို့ စကားအချေအတင် ဖြစ်နေကြစဉ် ရိုက်ထားမိသော အရုပ်ဖြစ်မည်ဟု ချက်ချင်း တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာပေါ်တွင် ကောရီက အရုပ်များထည့်ထားသော Tray ကို ကိုင်ကာ ကားထဲဝင်သွား၏။ ထို့နောက် အရုပ်လေးများကို တစ်ခုပြီးတစ်ခု ယူကာ ချိတ်နေ၏။ ထို့နောက် Tray ထဲတွင် နောက်ဆုံးတစ်ရုပ်တည်းသာ ကျန်တော့သည့်ခွေးဦးခေါင်းနှင့် လူခန္ဓာကိုယ်ပုံသဏ္ဍာန်အရုပ်လေးကို ယူကာ ကားတွင် ချိတ်လိုက်ပြီးချိန်တွင်တော့ လပြည့်ကျော် ရှာနေသော မရဏာနိမိတ်ပုံက ဘွားခနဲ ကားပေါ်သို့ အုပ်မိုးသွား၏။

"ဟာ ..."

"ဟင် ..."

လပြည့်ကျော်တစ်ယောက် အံ့သြပြီး ကွန်ပျူတာနားသို့ ရုတ်တရက် တိုးကပ်မိသွားသည်။ နတ်သမီးက တစ်စုံတစ်ရာကို စဉ်းစားမိသွားဟန်နှင့် မျက်လုံးများ အရောင်လက်သွားသည်။ ဟိုးတစ်ချိန်က သူမကားပေါ်တွင် ချိတ်ဆွဲထားခဲ့ဖူးသော ထိုသို့သော ပုံစံတူ အရုပ်လေးကို မှတ်မိသွားပြီး ...

"ဒါ ... ဒါ ကားကြောင့်ဖြစ်တာ မဟုတ်ဘူး။ ဟို ... ဟို အရုပ်ကြောင့်ပဲ။ ဒီအရုပ်ဟာ အနူးဘစ်လို့ခေါ်တဲ့ အီဂျစ်နတ်ရုပ်လေ"

လပြည့်ကျော်က နတ်သမီးအပြောကြောင့် အံ့သြတကြီး လှည့်ကြည့်လိုက်သည်။ နတ်သမီးက ချက်ချင်းပင် ကွန်ပျူတာ Keyboard ခလုတ်များပေါ်သို့ လက်ချောင်းများ ရွေ့လျားသွားရင်း ... 'A.N.U.B.I.S' ဆိုသော စာလုံးများ ရိုက်လိုက်၏။ Google Page ပေါ်တွင် အနူးဘစ်အရုပ်လေးများ တက်လာသည်။

www.burmeseclassic.com





အနူးဘစ်ဆိုသည်မှာ အီဂျစ်မဟာဂန္ထာရီပညာကျမ်းစာအုပ်တစ်အုပ်ဖြစ်သော မရဏာကျမ်းထဲမှာ မရဏာကူးတို့သမားအဖြစ် ရည်ညွှန်းခံရသော နတ်ဘုရားဖြစ်သည်။

သူ့ကို ပုံဖော်သောအခါ လူ၏ခန္ဓာကိုယ်တွင် ခွေးအ၏ ဦးခေါင်းတပ်ထားသည့် အသွင်သဏ္ဍာန်နှင့် ပုံဖော်လေ့ရှိကြသည်။ သူ၏ တာဝန်မှာ သေသူ၏ဝိညာဉ်ကို မြေအောက်ကမ္ဘာတွင် တရားစီရင်ရန် ခေါ်သွားရခြင်းပဲ ဖြစ်သည်။

တချို့က သူ့ကို ကွယ်လွန်ပြီးသူများကို မပုပ်မသိုးအောင် စီမံဖန်တီးထားသော နတ်ဘုရားဟု ယူဆကြသည်။ ဘာကြောင့်ဆိုလျှင် ခွေးအဆိုသည့် အဓိပ္ပာယ်မှာ ပုပ်သိုးဆွေးမြည့်ခြင်းနှင့်ဆိုင်သော နတ်ဘုရား၏ ပုံရိပ် (image) ပင်။




www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်၏ဦးခေါင်းနှင့် လူ၏ခန္ဓာကိုယ် နှစ်မျိုးစပ်ထားရသည့် အစိပ္ပာယ်က ဒေဝတာဆန်မှုသဘော၊ အသွင်ကူးပြောင်းမှုသဘောကို ဆိုလိုခြင်းပင်။ အီဂျစ်များ၏ သေမင်းနိုင်ငံကို ပိုင်စိုးသော မရဏနတ်ဘုရားကိုတော့ ဩဆီရင် (OSIRIS) ဟု ခေါ်သည်။

လူ့ပြည်တွင် လူတစ်ယောက်သေပြီဆိုသည်နှင့် သေသူ၏ ဝိညာဉ်ကို မရဏကူးတို့သမားဖြစ်သော အနူးဘစ် (Anubis) က ခေါ်ဆောင်ပြီး ဩဆီရစ် (OSIRIS) ၏ ရှေ့မှောက်ကို အရောက်သွားရသည်။ ရှေ့တော်မှောက်ကိုရောက်သောအခါ အနူးဘစ်သည် သေဆုံးသူ၏ နှလုံးသားကို ထုတ်ယူပြီး ချိန်ခွင်၏ တစ်ဖက်မှာထည့်ပြီး အခြားတစ်ဖက်တွင်တော့ မားတ် (MAAT) ဟု အမည်ရသော နတ်ဒေဝီ၏ သစ္စာငှက်မွေးကို ထည့်ပြီး ချိန်ရသည်။






www.burmeseclassic.com

www.burmeseclassic.com

သေဆုံးသူသည် လူ့ဘဝတုန်းက စိတ်ထားဖြူစင်သူ၊ ကိုယ်ကျင့်တရားကောင်းသောသူ ဖြစ်ခဲ့လျှင် သူ၏ နှလုံးသားသည် ငှက်မွှေးထက် ပေါ့သည့်အတွက်ကြောင့် ဆာဟု (SAHU) ဟုခေါ်သော ဝိညာဉ်ကောင်းအဖြစ်နှင့် အာမင်တီ (AMENTI) ဟု ခေါ်သည့် ကောင်းရာသုဂတိဘုံကို သွားရသည်။



သို့သော် သေဆုံးသူသည် ယုတ်မာကောက်ကျစ်သည့်လူ ဖြစ်လျှင်တော့ သူ၏ နှလုံးသားသည် ငှက်မွှေးထက်ပိုပြီး လေးလံနေတာကြောင့် အနားမှာ အသင့်စောင့်နေသော အမင့် (AMENT) ဆိုသည့် နတ်သမီး၏ ဝါးမျိုချခြင်းကို ခံရမည်။ ထို့ကြောင့် အတိုချုပ်ပြောရမည်ဆိုလျှင် ထို 'ခွေးအ' ခေါင်းနှင့် လူ့ကိုယ်ရှိသော အနူဘစ် နတ်ရုပ်သည် လူများကို မရဏသေမင်းဆီ ခေါ်သွားပေးသောနတ်ပင် ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

လပြည့်ကျော်တစ်ယောက် ကားကို တရကြမ်းမောင်းကာ ဦးသံလွင်ထွန်းခေါင် ခြံတံခါးရှေ့အရောက်တွင် ဘရိတ်ကို ကျွီခနဲမြည်အောင် နင်းကာ ရပ်လိုက်စဉ် ခြံထဲမှထွက်လာသော ဦးထွန်းခေါင်၏ ကားနှင့် တိုက်မိမလိုဖြစ်သွား၏။

ဦးထွန်းခေါင်က ဘရိတ်ကို ဆောင့်အုပ်လိုက်ရသဖြင့် ဒေါသ ထွက်သွားရင်း ..

"တောက် ... ဘာကောင်လဲကွ ... သေတော့မှာပဲ"

လပြည့်ကျော်က Hard Drive ကို ယူကာ ကားပေါ်မှ ပြာပြာသလဲ ပျာပျာနှင့် ပြေးဆင်းလာသည်။ ကားချင်းတိုက်မိမလို ဖြစ်ကသည်းကာ ဒေါသထွက်နေသော ဦးသံလွင်ထွန်းခေါင်က လပြည့်ကျော် ပြေးဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို တွေ့သောအခါ ပိုဒေါသဖြစ်ပြီး ကားပေါ်မှ ဝုန်းခနဲ ပြေးဆင်းကာ . . .

"ဟာ . . . ဒီကောင် . . . ဘာလာလုပ်ပြန်တာလဲ . . တောက် !"

လပြည့်ကျော်ကတော့ ဘာကိုမှ မမှု။ ဦးသံလွင်ထွန်းမှုခေါင်နားသို့ ပြေးသွားကာ အမောတကောသံဖြင့် . .

"အန်ကယ် . . . ဟောဒီ Hard Drive ထဲမှာ . . . ဟောဒီမှာ"

လပြည့်ကျော်က အမောတကောပြောနေစဉ် ဦးထွန်းမှုခေါင်က လပြည့်ကျော်လက်ထဲက Hard Drive ကို ယူပြီး မြေပေါ် ပေါက်ခွဲလိုက်သည်။

"ဒီလောက်ရှုပ်တဲ့ကောင် . . . ကဲကွာ"

တစ်စစီကွဲသွားသော Hard Drive အပိုင်းအစများက မြေပြင်ပေါ် ပြန့်ကျဲသွား၏။

"ဟာ . . . အန်ကယ်"

ဦးသံလွင်၏ လုပ်ရပ်ကြောင့် လပြည့်ကျော် ပါးစပ်အဟောင်းသား ဟကာ ကြောင်ပြီး ငေးကြည့်နေမိသည်။ ဦးသံလွင်ထွန်းမှုခေါင်က . .

"ဟေ့ကောင် . . . မင်းကို ငါ သတ်မိတော့မယ်နော်။ မင်း ဘာလာလုပ်ပြန်တာလဲ"

ထိုအချိန်တွင် ဦးသံလွင်ထွန်းမှုခေါင်၏ တပည့်များက လပြည့်ကျော်ကို ရန်ပြုဖို့ ဝိုင်းလာကြသည်။ လပြည့်ကျော်က ခေါင်းတခါခါ လက်တကာကာဖြင့် ရှင်းပြဖို့ ကြိုးစားသည်။

"'မဟုတ်ဘူး . . မဟုတ်ဘူး . . ကျွန်တော် ရှင်းပြမယ် . . နတ်သမီးရေ"



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော်က သူ့ကားထဲရှိ နတ်သမီးကို အကူအညီတောင်းဖို့ လှမ်းအော်ခေါ်လိုက်သည်။ ဦးသံလွင်ထွန်းခေါင်က လပြည့်ကျော်အပြောကြောင့် ကားဆီသို့ကြည့်လိုက်ရာ မည်သူ့ကိုမျှ မတွေ့ရတာကြောင့် . . .

"ဟေ့ကောင် . . . ဖယောင်းတောင်းတောင်းနဲ့ ဘာတွေ လာအော် နေတာလဲ . . . ဘယ်က နတ်သမီးလဲ . . . ဘယ်သူ့ကို ခေါ်နေ တာလဲ . . . ဘယ်သူမှ မရှိဘူး"

"ဟင် . . ."

လပြည့်ကျော်က တစ်ခါထပ်ပြီး သူ့ကားဘက်သို့ ကြည့်လိုက်စဉ် သူ့မျက်စိရှေ့တွင် မရဏာပုံရိပ်လွှမ်းသော ကားတစ်စီး ဖြတ်မောင်းသွားသည်။ ထူးထူးခြားခြားပင် . . . ထိုကားရှေ့မှန်တွင် Anubis ရုပ်လေး ချိတ်ဆွဲထားသည်ကို လပြည့်ကျော်တစ်ယောက် သတိထားမိသွားပြီး . .

"ဟင် . . . ဟိုကားမှာ . . . ဟိုကားမှာ . . . ဟာ"

လပြည့်ကျော်က အထိတ်တလန့်ဖြင့် ကားနောက်သို့ ပြေးလိုက်ပြီး . . .

"အဲဒီကားကို တားကြပါ . . . ကားရပ်ဖို့ တားကြပါဦး။ အန္တရာယ်ဖြစ်တော့မယ်"

ဟု အရူးတစ်ယောက်လို ရွှေအော်ပြောနေ၏။ ဦးထွန်းခေါင်နှင့် တပည့်များက လပြည့်ကျော်၏ အမူအရာကို အံ့သြပြီး ကြည့်နေမိကြသည်။ သို့သော် မကြာခင်မှာပင် ထိုကားက လမ်းဘေးမှ သစ်ပင်ကို ဝင်တိုက်မိသွား၏။

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဟာ . . သွားပြီကွာ . ."

"ဟင် . ."

"ဟာ . ."

မျက်လုံးရှေ့မှာပင် တွေ့လိုက်ရသောအဖြစ်အပျက်ကြောင့် ဦးထွင့်ခေါင်တစ်ယောက် အသက်ရှူဖို့ပင် မေ့လျော့သွားသည်။ အားလုံးလည်း ပါးစပ်အဟောင်းသားဖြင့် လပြည့်ကျော်ကို လူထူးလူဆန်းတစ်ယောက်လို ကြောင်ငေးပြီး ကြည့်နေကြ၏။

လပြည့်ကျော် တဖွဖွသတိပေးနေသည့် မရဏနိမိတ်ဆိုသည်မှာ 'တကယ်ပါလား' ဟု လက်တွေ့မျက်မြင်ဖြစ်သွားပြီမဟုတ်ပါလား။

ဦးသံလွင်ထွင့်ခေါင်က ရုတ်တရက် သတိဝင်ကာ မျက်လုံးများပြာခနဲဖြစ်ကာ မူးနောက်သွားသည်။ အကြောင်းမှာ သမီးဖြစ်သူ သံလွင်ကေရီက နေပြည်တော်တွင် သူငယ်ချင်းမွေးနေ့ရှိသည်မို့ မွေးနေ့ပွဲတက်ရန် မနက်စောစောကပင် နေပြည်တော်သို့ ကိုယ်တိုင်ကားမောင်းကာ ထွက်သွားခဲ့လေပြီ မဟုတ်ပါလား။


■



www.burmeseclassic.com

www.burmeseclassic.com





အမြန်လမ်းမကြီးပေါ်တွင် ဦးထွဋ်ခေါင်၏ Land Cruiser ကားနက်ကြီးက တရိပ်ရိပ်ပြေးနေ၏။ ရှေ့မလှမ်းမကမ်းတွင်ကား လပြည့်ကျော်နှင့် နတ်သမီးတို့၏ ကားလေးကလည်း ကီလို ၁၀၀ နှုန်းကာ မှန်မှန်လေး ပြေးနေသည်။

Land Cruiser ကားပေါ်တွင် ဦးသံလွင်ထွဋ်ခေါင်တစ်ယောက် သမီးဖြစ်သူအတွက် စိတ်ပူပြီး ရင်ဝကို မီးစနှင့် ထိုးထားသကဲ့သို့ ပူလောင်ကာ ယောက်ယက်ခတ်နေ၏။ ကီလို ၁၀၀ နှင့် မောင်းနေသော ကားအရှိန်ကိုပင် နှေးကွေးလွန်းသည်ဟု သူ့စိတ်ထဲ ထင်နေသည်။ သက်သာလို သက်သာငြား သမီးဖြစ်သူထံသို့ ဖုန်းကို အဆက်မပြတ် နှိပ်ကာ ခေါ်နေ၏။ သို့သော် ဖုန်းက ဝင်သွားပြီး သမီးဖြစ်သူက ပြန်မဖြေ။

www.burmeseclassic.com



"ဟာ . . ဒုက္ခပါပဲ။ သမီးက ဘာလို့ ဖုန်းမကိုင်တာလဲ မသိဘူး။ ဟော့ကောင် လှုထွန်း . . . မင်းကားကလည်း လိမ် ကျနေတာပဲ။ မြန်မြန်မောင်းစမ်းပါကွ"

တပည့်ဖြစ်သူများကို လှည့်ပတ်အော်ငေါက်လိုက်သေး၏။ ကေရီဖုန်းကို ခေါ်မရသည့်အခါ လမ်းတွင် ဆိုင်းဘုတ်ထောင်ထားသမျှ ရဲကင်းဖုန်းနံပါတ်တွေကို မှတ်ကာ တစ်လုံးပြီး တစ်လုံး ခေါ်နေသည်။

"ဟုတ်ကဲ့ . . . ကျေးဇူးပြုပြီး . . . . . . . . . နံပါတ်နဲ့ ကားကို တွေ့ရင် တားထားပေးကြပါဗျာ။ အဲဒါ ကျွန်တော့်သမီးကားပါ။ ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ"

ကေရီကတော့ ဘာမှမသိရှာ။ ကားကက်ဆက်ထဲမှ သီချင်းကို လိုက်ညည်းရင်း ကားမောင်းနေသည်။ ကားထဲတွင် ကားကက်ဆက်သံက ကျယ်လောင်စွာ ထွက်ပေါ်နေသည်မို့ ဘေးဘက်ခုံပေါ်တွင် တင်ထားသော ဖုန်းလေးမှ Daddy Calling ဆိုသည့် ဖုန်းဝင်သံကို မကြားရချေ။

ထိုသို့မောင်းနေရင်း ရှေ့တွင် ချိုင့်များရှိနေသဖြင့် စတီယာရင်ကို ညာဘက်ခေါက်ချွဲပြီး ရှောင်တိမ်းဖို့ ကြိုးစားလိုက်၏။ သို့သော် စတီယာရင်က သူဆွဲသလို ပါမလာတဲ ချိုင့်ထဲကျသွားသည်။ အရှိန်များသဖြင့် ဘရိတ်ကို အသာလေး မေးလိုက်သည်။ သို့သော် အရှိန်က ကျမသွားဘဲ အလိုလို မြင့်တက်လာနေ၏။

ကေရီက နားမလည်နိုင်သဖြင့် မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်သည်။ စတီယာရင်လေးကို မသိမသာဘေးသို့ ဆွဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပါမလာ။ ဆွဲ၍လည်း မရ။ ကားအရှိန်ကတော့ တဖြည်းဖြည်း မြင့်လာနေသည်ကို သတိထားနေသည်။

ထိုစဉ် ကားနောက်ကြည့်မှန်ဆီသို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိစဉ် သူမ ကားနောက်ခန်းထဲတွင် မျက်လုံးနီနီနှင့် တောခွေးတစ်ကောင်ကို မြင်လိုက်ရာ ..

"ဟင် ..."ခနဲ လန့်အော်ပြီး ခေါင်းကို နောက်လှည့်ကြည့်လိုက်ရာ ဘာကောင်မှ ရှိမနေတော့ချေ။ ကေရီက ထူးဆန်း သော အဖြစ်အပျက်ကြောင့် လန့်ကာ ရုတ်တရက် ကားကက်ဆက်ကို ပိတ်လိုက်ပြီး ကားအပြင်ဘက် ဘေးဘီဝဲယာကို ကြည့်လိုက်ရာ တောခွေးများ ပေါင်ပြီး သူမကားကို ဝိုင်းအုံလိုက်နေသလိုမျိုး မြင်လိုက်ရာ ..

"အား ..."

ကေရီ လန့်ကာ အာခေါင်ခြစ်ပြီး အော်ဟစ်လိုက်၏။ ကားရပ်လိုရပ်ငြား ဘရိတ်ကို ဖိနင်းကြည့်သည်။ သို့သော် အချည်းနှီးပင်။ ကားက မရပ်သည့်အပြင် အရှိန်ပင် ပိုမြန်လာ၏။ ကေရီတစ်ယောက် သည်းခြေပျက်မတတ် ကြောက်လန့်တုန်လှုပ်သွားသည်။

ထိုစဉ် သူမဖုန်းမှ ဖုန်းဝင်လာသည်။ ကြည့်လိုက်တော့ လပြည့်ကျော်ဆီမှဖြစ်နေ၏။ ရုတ်တရက် အားကိုးရသွားသလို ဝမ်းသာသွား၏။ ထို့ကြောင့် ဘေးဘက်ခုံပေါ်တွင် တင်ထားသော ဖုန်းကို လှမ်းယူဖို့ ကြိုးစားလိုက်သည်။ သို့သော် အရှိန်အလွန်များနေသည့် ကား၏ စတီယာရင်ကို ထိန်းဖို့က ခက်ခဲလှသည်။

သို့သော် ကေရီ အားမလျှော့။ ထပ်ကြိုးစားသည်။ ဒုတိယတစ်ခေါက် ဖုန်းဝင်လာစဉ် ကေရီက ဖုန်းကို လှမ်းယူလိုက်ပြီး ..



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို . . . ဟယ်လို . . ."

လပြည့်ကျော်က ကေရီ့အသံကို ကြားလိုက်ရသဖြင့် တစ်ဝက်စိတ်သက်သာရာ ရသွားသည်။

"ကေရီ . . . ကေရီ . . . ကားကို ရပ်လိုက် . . . ရပ်လိုက်. . . ဆက်မမောင်းနဲ့တော့။ အန္တရာယ်ရှိတယ်"

"မရဘူး . . . ရပ်လို့မရဘူး။ ကားက ဘာဖြစ်နေတာလဲ မသိဘူး။ ကြောက်တယ်။ အရမ်းကြောက်တယ်။ ကျွန်မကို လာကယ်ပါ . . . အီး . . . ဟီး . . . ဟီး"

ကေရီ့ငိုသံကြောင့် လပြည့်ကျော် အနည်းငယ် ပူထူသွားသည်။ သို့သော် ချက်ချင်းပင် သတိဝင်လာပြီး . . .

"ကေရီ . . . အခုချက်ချင်း ကားပေါ်က အရုပ်ကို ဆွဲဖြုတ်ပြီး လွှင့်ပစ်လိုက်"

"ဘယ် . . . ဘယ်အရုပ်ကို လွှင့်ပစ်ရမှာလဲ"

"ဟို . . . ဟို . . . ဟာ ကြာတယ် . . . ကားထဲက အရုပ်မှန်သမျှ အကုန်လွှင့်ပစ်လိုက်"

"အား . . . အံမယ်လေး"

ကားက လမ်းမညီမညာပေါ်ကျသွား၍ အရှိန်များသောကြောင့် ဆောင့်ခုန်သွားရာ ကေရီ အပေါ်သို့ မြောက်တက်သွား၏။ ထိုစဉ် လက်ထဲမှ ဖုန်းက လွတ်ကျသွားရာ ပြန်ကောက်၍ မရတော့ပေ။ သူမ စိတ်ထဲတွင် တောခွေးအများက ကားဘေးနှင့် ရှေ့နောက်တို့မှ ဝိုင်းအုံကာ ပြေးလိုက်နေကြသလို ခံစားရ၏။

ကေရီက ကြောက်ကြောက်နှင့် သူနှင့် လက်လှမ်းမီရာ



www.burmeseclassic.com

www.burmeseclassic.com



အရုပ်များကို လွှင့်ပစ်နေသည်။ ကားအရှိန်ကတော့ တဖြည်းဖြည်း မြန်နေဆဲပင်။ ထိုစဉ် အနူးဘစ်အရုပ်လေးက ပြုတ်ကျပြီး ကား၏ Lover seat ထိုင်ခုံအောက် ဘယ်ဘက်ထောင့်စွန်းတွင် ကပ်နေ၏။

ကေရီက ကြိုးစားပြီး လှမ်းယူစဉ် တောခွေးအတစ်ကောင်က သူမလက်ကို လှမ်းဟပ်လိုက်သလို ခံစားမိတာကြောင့် ဆတ်ခနဲ လက်ကို ပြန်ရုပ်လိုက်သည်။ သို့သော် ကေရီက တစ်ကိုယ်လုံးငုံ့ပြီး ကုန်းကောက်စဉ် တောခွေးက ကေရီ့လည်ပင်းကို ခဲထားပြန်၏။ ကေရီက ခါချပြီး လက်တစ်ဖက်တည်းဖြင့် ကြိုးစားပြီး လှမ်းယူသည်။ ကားက အရှိန် တဖြည်းဖြည်း မြန်လာသည်။ ကားစတီယာကို လွှတ်ကြည့်ရာ ကားက ဘယ်ညာဆွဲမသွားဘဲ အတည့်အတိုင်း အရှိန်ပြင်းပြင်းနှင့် သွားနေသည်။

ထို့ကြောင့် ကေရီက ခါးပတ်ကိုဖြုတ်၊ စတီယာရင်ကို လွှတ်ပြီး ဘယ်ဘက်ထောင့်က အနူးဘစ်အရုပ်ကို အမြန်လှမ်းယူလိုက်သည်။ သို့သော် မရ။ ခြေနင်းအခင်းဘေးတွင် ချထားသော ထီး၏ ထိပ်ပိုင်းနှင့် အရုပ်မှ ကြိုးချိတ်ပြီး တွယ်ငြိနေ၏။

ထိုစဉ် ကားက ယမ်းခါပြီး တံတားအကာအရံ အတားတစ်ခုဆီ ဝင်တိုက်ဖို့ အရှိန်ပြင်းပြင်းဖြင့် သွားနေသည်မို့ ကေရီက အရုပ်ကို လက်ဖြင့် လှမ်းဆွဲရင်းတန်းလန်း ကြောက်ကြောက်ဖြင့် မျက်လုံးစုံမှိတ်ကာ အသံကုန် အော်ဟစ်တမ်းတလိုက်၏။

“ဖေဖေ ..”

ဦးသံလွင်ထွန်းခေါင်က တစ်စုံတစ်ရာကို စိတ်က နှိုးဆော်လိုက်သလို ဆတ်ခနဲ တုန်သွားပြီး ကိုယ့်ကိုယ်ကိုယ် ဘာလုပ်မိမှန်းမသိဘဲ အသံနက်ကြီးဖြင့် ..



www.burmeseclassic.com

www.burmeseclassic.com



"သမီး . ."

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်မိသည်။

ထိုစဉ်မှာပင် အနူးဘစ်အရုပ်လေးက ကောရီ၏ လက်ထဲ မိမိရရ ပါလာသည်။ ပြတင်းတံခါးမှန်ကို ခပ်မြန်မြန်ချပြီး ထိုအရုပ်ကို မြှောက်ပစ်လိုက်သည်။ အနူးဘစ်အရုပ်က ကောင်းကင်မိုးသားနောက်ခံနှင့် လေထဲတွင် လွင့်မျောသွားပြီး ကားလမ်းမပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျသွားသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ကေရီ၏ ကားရပ်ထားရာဆီသို့ ဦးသံလွင်ထွဋ်ခေါင်၏ ကားနှင့် လပြည့်ကျော်၏ ကားတို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ ကေရီကတော့ ရပ်ထားသော ကားထဲတွင် ထိတ်လန့်တုန်လှုပ်စွာ ငိုရှိုက်နေ၏။ ဦးထွဋ်ခေါင်က ကားထဲမှ သမီးဖြစ်သူကို ကားတံခါးဖွင့်ပြီး . . .

"သမီး . . . သမီးလေး . ."

"ဖေဖေ . . . အီး ဟီး ဟီး . . ."

ကေရီက အဖေဖြစ်သူ၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုတော့သည်။

"သမီးလေးရယ် . . . မသေကောင်းမပျောက်ကောင်း . . . မငိုတော့နဲ့ . . . တိတ်တိတ် ဘာမှမဖြစ်တော့ဘူး။ အားလုံးပြီးသွားပြီနော်"

လပြည့်ကျော်နှင့် နတ်သမီးတို့လည်း ကားပေါ်က ဆင်းလာကြ၏။ ဦးထွဋ်ခေါင်က လပြည့်ကျော်ကို ကြည့်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ... မင်းကို အရမ်းကျေးဇူးတင်တယ်ကွာ။ မဆင်မခြင်ပြောခဲ့မိတဲ့ အန်ကယ့်စကားတွေအတွက် မင်းကို တောင်းပန်ပါတယ်။ အန်ကယ့်ကို ခွင့်လွှတ်ပါနော်"

"ရပါတယ် အန်ကယ်ရယ်။ အန်ကယ် တကယ်ကျေးဇူးတင်ရမှာက ဟောဒီ ကျွန်တော့်သူငယ်ချင်း နတ်သမီးပါ။ သူကမှ အဲဒီအရုပ်လေးအကြောင်းကို ရိပ်မိတာ"

လပြည့်ကျော်က ပြောရင်း ဘေးဘက်သို့ လက်ညှိုးထိုးပြရာ အားလုံးက အံ့သြပြီး လပြည့်ကျော်ကို ကြည့်နေကြသည်။ သူတို့အမြင်တွင်ကား လပြည့်ကျော် တစ်ယောက်တည်းကိုသာ တွေ့နေရသည် မဟုတ်လား။ ကေရီက နားမလည်နိုင်စွာဖြင့် မျက်မှောင်ကုတ်ရင်း ..

"ကိုလပြည့် ... ရှင် ဘယ်သူ့ကို ပြောနေတာလဲ ဟင်"

"နတ်သမီးကို ပြောနေတာလေ ... ဒီမှာ ..."

လပြည့်ကျော်က သူ့ဘေးသို့ လှည့်ကြည့်လိုက်စဉ်တွင် နတ်သမီးက မျက်ရည်များ ကျရင်း တဖြည်းဖြည်း နောက်ဆုတ်သွားနေသည်ကို တွေ့လိုက်ရ၏။ ထိုအခါမှ လပြည့်ကျော်က ဇဝေဇဝါဖြစ်သွားရင်း ..

"ဟင် ... ကေရီတို့က နတ်သမီးကို မမြင်ရဘူးလား"

ကေရီ ခေါင်းယမ်းပြလိုက်၏။ လပြည့်ကျော်က မှင်သက်အံ့သြဟန်ဖြင့် ထပ်မံလှည့်အကြည့်တွင် နတ်သမီးက မှေးမှိန်သော ပုံရိပ်တစ်ခုအဖြစ် တုန်ခါဝေဝါးပြီး တဖြည်းဖြည်း ပျောက်ကွယ်နေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . နတ်သမီးက . . . ဟာ . . ."

တကယ်တော့ နတ်သမီးဆိုသူကား တခြားမဟုတ်။ လူငယ်သဘာဝ ကားပြိုင်ကြရင်း အက်ဆီးဒင့်ဖြစ်ကာ သေဆုံးသွားသော ဆယ်လင်းပင် ဖြစ်သည်။

ဦးသံလွင်ထွန်းခေါင်က လပြည့်ကျော်၏ ပုံစံကို ရိပ်မိကာ အခြေအနေကို သဘောပေါက်သွားပြီး . .

"နတ်သမီးဆိုတာ ဘယ်သူလဲ"

ဦးထွန်းခေါင်၏ အမေးကြောင့် နတ်သမီး ဆတ်ခနဲ တုန်လှုပ်သွားသည်။ ထို့နောက် မျက်ရည်များကျရင်း ဦးထွန်းခေါင်ကို ငေးကြည့်နေသည်။ ဒါကို ဘယ်သူမှ မမြင်နိုင်ချေ။

လပြည့်ကျော်က ဝမ်းနည်းသွားဟန်ဖြင့် တစ်လုံးချင်း ပြောသည်။

"နတ်သမီးဆိုတာ ကျွန်တော် သူ့ကိုခေါ်တဲ့ နာမည်ပါ။ သူ့နာမည်အရင်းက ဆယ်လင်း(န်)တဲ့"

"ဘယ်လို ဆယ်လင်း(န်) . . . ဟုတ်လား . . . ဟာ"

ဦးထွန်းခေါင်တစ်ယောက် Shock ဖြစ်သွားမတတ် အံ့ဩတုန်လှုပ်သွားမိသည်။ တကယ်တော့ Selene ဆိုသူမှာ သူ၏ အလုပ်ပါတနာ ဦးကယ်(လ်)ဗင်၏ သမီးငယ်လေးပင်ဖြစ်သည်။ တစ်ချိန်က သူ့ အပေါ် ရူးရူးမူးမူးချစ်ခဲ့သည့် အဖြူမအချစ်တွေကို သမီးလေးကရိုးပြင်မှာကို ကြောက်ပြီး ငြင်းပယ်ခဲ့ဖူး၏။ ပထမတော့ စိတ်ကစားသည် ဟုသာ ခပ်ပေါ့ပေါ့ သဘောထားခဲ့မိတာလည်း ပါသည်။ အခုတော့ ဦးထွန်းခေါင်တစ်ယောက် ဆယ်လင်း(န်) နောက်ဆုံးပြောသွားခဲ့သည့် . .



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားရဲ့ မိသားစုဘဝရော ... ခင်ဗျားတို့ သားအဖရဲ့ မေတ္တာတရားရော ခန်းခြောက်မသွားဖို့ ကျွန်တော် ဘာမဆို ပေးဆပ်မယ် ... ကာကွယ်မယ်။ အဲဒါ ကျွန်တော့်ရဲ့ အချစ်ပဲ။ အခွင့်အရေးရတဲ့တစ်နေ့ကျရင် ကျွန်တော် အဲဒါ ခင်ဗျားကို သက်သေပြနိုင်အောင် ကြိုးစားပါ့မယ်"

ဟူသော စကားလေးကို ပြန်ကြားယောင်နေမိရုံမှတစ်ပါး ဘာမှ မတတ်နိုင်တော့ချေ။

"ဩော် .. ဆယ်လင်း(န်) ... ဆယ်လင်း(န်) ... မင်းအချစ်ကို ဒီလို နည်းနဲ့ သက်သေပြလိုက်တာပေါ့လေ"

■



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

နေရောင်ခြည်က ဖျော့ဖျော့လေး လင်းနေ၏။ ဆောင်းရာသီ၏ နှင်းအကြွင်းအကျန်များကြောင့် ပတ်ဝန်းကျင်သည် အေးစိမ့်စိမ့်နှင့် အနည်းငယ် မှုန်မှိုင်းရီဝေနေသည်။ လပြည့်ကျော်က သစ်ရွက်ကြွေများ ပြန့်ကျဲနေသော လမ်းကလေးအတိုင်း လျှောက်လာရင်း တစ်ချိန်က သူ့ဘေးတွင် အတူရှိခဲ့ဖူးသော နံ့တသမီး၏ ပုံရိပ်လေးများကို မြင်ယောင်နေရင်း ကြေကွဲဆို့နစ်စွာ မျက်ရည်တစ်စက် ပါးပေါ် ပြုတ်ကျလာ၏။

ဟိုးခပ်လှမ်းလှမ်း ပိတောက်ပင်အောက်က အုတ်ဂူဖြူဖြူလေးကို လှမ်းငေးကြည့်လိုက်မိသည်။ လေတစ်ချက်အဝှေ့တွင် လမ်းပေါ်က သစ်ရွက်များ၏ ရှဲခနဲ လျှပ်တိုက်သံက တိတ်ဆိတ်နေသောပတ်ဝန်းကျင်၏ ဂီတသံနှင့်ပင် တူနေသေး၏။

www.burmeseclassic.com



လပြည့်ကျော်က ထိုအုတ်ဂူလေးဆီသို့ တရွေ့ရွေ့လျှောက်သွားလိုက်သည်။ Selene ဟု ရေးထိုးထားသည့် အုတ်ဂူပေါ်က စာလုံးလေးကို ခပ်ဖွဖွပွတ်သပ်ရင်း ရင်ခွင်ထဲတွင် ပိုက်လာသည့် နှင်းဆီပန်းအဝါရောင်လေးတစ်စီးကို တင်လိုက်၏။

"အဝါရောင်နှင်းဆီတွေလို အိပ်မက်ဆန်ဆန် ကိုယ့်စိတ်ကူးတွေထဲက နတ်သမီးရေ ... ဘဝဆက်တိုင်းဆက်တိုင်း နတ်သမီးလိုချင်တဲ့ မေတ္တာတရားရဲ့ အရိပ်အောက်မှာ ခိုလှုံနိုင်ပါစေလို့ ကိုယ်ဆုတောင်းပေးပါတယ်။ နတ်သမီး ကောင်းရာသုဂတိ လားပါစေနော်"

လပြည့်ကျော်က ပြောပြီး တစ်လှမ်းချင်း ဖြည်းညင်းစွာ လှည့်ထွက်သွားနေ၏။ နောက်ဘက်ဆီမှ ရပ်ငေးနေသော နတ်သမီးကတော့ ပကတိ တည်ငြိမ်စွာပြုံးရင်း အဝါရောင်နှင်းဆီပန်းများကို ရှိုက်နမ်းလျက် ...။

သတိုးဓေတဇ

www.burmeseclassic.com